ရှင်အုန်းညို

စပ်ဆိုတော်မူအပ်သော

# ဂါထာချောက်ဆယ်ပျို့

☆

# Gâhta Chauksê Pyo

BY

SHIN ONNYO

☆

ရန်ကုန်မြို့

ဟံသာဝတီစာအုပ်တိုက်

၁၉၄၈

ဧတဒဂ္ဂဘိက္ခုဝေမမသာဝကာနံ ဘိက္ခူနံကုလပ္ပသာဒကာနံ
ယဒိဒံကာဠုဒါယိ။ ဂုဏ်ထူးရှိသော။ ပါဠိကဗျာ။ ထော
မနာမြန်, လျှင်,။ ထေရ်အသျှင်သည်။ ဘွဲ့တင်ချော့
ထားအပ်သော။ ဂါထာခြောက်ဆယ်ပါဠိ
တော်တို့၏။ အဓိပ္ပါယ်တို့ကို။ ရတနာ
ပုရ။ အင်းဝရွှေပြည်တော်ကြီး၌။
သက္ကရာဇ် ၁၆၃ ခုနှစ်။
ထီးနန်းဆက်ခံ။ စိုးစံတော်မူသော။
ရွှေနန်းကြော့ရှင်။ ဘုရင်နရပတိမင်းတရားကြီး
လက်ထက်။ ၁၇ ၆ ခုနှစ်အပြီး။ တောင်တွင်းကြီးဇာတိ။
မဟာထေရ်ရှင်အုန်းညို။ စပ်ဆိုတော်
မူအပ်သော။

# ဂါထာခြောက်ဆယ်ပျို့။

(“ဆရာဦးဘရင်။”ကြီးကြပ်ပြင်ဆင်သည်။)

ရန်ကုန်မြို့ ၃၃ လမ်း တိုက်နံပါတ် ၁၁၂။
ဟံသာဝတီသတင်းစာပုံနှိပ်တိုက်။
1928.

18B

## ဂါထာခြောက်ဆယ်ပျို့အဋ္ဌုပ္ပတ္တိစာတမ်း။

နမောတဿဘဂဝတောအရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

ဂါထာဘိဂီတ။ဒေသနာဖြင့်။သေအချာဖွက်ဟာ၍။ ဆုံးမချွေချွတ်တော်မူလေ့ရှိတော်မူသော။ပရမဘောဂျဝ။ရေဝသကျ။မဟေသက္ခ။မဟိဒ္ဓိက။မဟာနုဘာဝ။မဟာဇုတိက။ မဟိဿရိယ။မဟာဂုဏိက။ မဟာတုလိက။ မဟာယသ။ အသမ္ဘိန္နခတ္တိယ။အာဒိစ္စဗန္ဓု။သဗ္ဗညုရှင်တော်ဘုရားသည်။ဇမ္ဗုဒိယနိုင်ငံတော်။မဂဓတိုင်း။ရာဇဂြိုဟ်မြို့တော်၏အရှေ့တောင်ထောင့်ဝါးတောပတ်ရံ၊ ဥယျာဉ်မှန်သော။ ဝေဠုဝန်မင်းကျောင်း၌၊ကိန်းအောင်းယာပိုထ်။စမ္ပယ်ခိုက်တွင်။အလိုက်သိစွာ၊ကာဠုဒါသည်၊ဂါထာခြောက်ဆယ်။နိဒါန်းကျယ်ဖြင့်။ ဆန်းကြွယ်နာသာ။လျှောက်ခြင်းရာကို။ကျဉ်းစွာဖေါ်ထုတ်၍ပြပေအံ့။ ။

တထာဂတောဟိ မာတုပက္ခတော အသီတိယာ၊ ပိတုပက္ခတော အသီတိယာတိ-ဧွ အသီတိဉာတိကုလသဟဿေဟိ ကာရိတေဝိဟာရေကော်ယော၀-၀ဿာဝါသံ ဝသိ။ ဟူသော ဓမ္မပဒအဋ္ဌကထာ ၁-ယမကဝဂ်-၁-စက္ခုပါလတ္ထေရဝတ္ထု ၁၃ ၌-လာသည်နှင့်အညီ၊သဂ္ဂုပဝန်အားဖြင့် ၁၆၀၀၀၀ ကုန်သော သာကီဝင်မျိုးတို့သည် ရှိကုန်၏။ ၎င်းတို့တွင် သရုပ်အားဖြင့်ထင်ရှားရင်းချာ။ ကျမ်းဂန်လာပုံကား။ သီဟဟနုမဟာရာဇာ၊ဇယသေနသဿအတြဇော။ အစရှိသောပဇ္ဇပဒေါရုဝံသခေါ် မဟာဝင်ကျမ်းနှင့်အညီ၊ ကပိလဝတ်ပြည်ကြီးရှင်။ဘုရင်ဇယသေနမင်း၏သားတော် သီဟဟနုမင်းနှင့်။ဒေဝဒဟပြည်ကြီးရှင်ဒေဝဒဟသာကီဝင်မင်း၏သမီးတော်ယသောဓရာဒေဝီကိုစုံဘက်တော်မူသည်။ဒေဝဒဟမင်း၏သားတော်

(၁) ဂါထာချောက်ဆယ်ပျို့အဋ္ဌုပ္ပတ္တိစာတမ်း။

အဉ္ဇနမင်းနှင့် သီဟဟနုမင်း၏ သမီးတော်ကစ္စာနာကိုစုံဘက်တော်မူသည်။၎င်းအဉ္ဇနမင်းသည်သက္ကရာဇ်ဟောင်း ၈၆၄၇ ကို။ ကာဠဒေဝိလရသေ့နှင့်၊ တိုင်ပင်ရိုင်းပြင်းတော်မူ၍၊ အကြွင်း ၂ခုထားလျက်။ဏာ,ဝ,စ,န္တကိန်း ၈၆၄၅ ကိုချေတော်မူသည်။၎င်းသက္ကရာဇ်မှတိုး၍ ၁၀ ခုနှစ်ဝါဆိုလပြည့်စနေနေ့ သုဒ္ဓေါဒနမင်းကြီးကိုကပိလဝတ်ပြည်၌ ဘွားတော်မူသည်။ ၎င်းအဉ္ဇနမင်း ထားသက္ကရာဇ် ၁၂ ခုတွင် ဒေဝဒဟပြည်၌ သိရိမဟာမာယာဒေဝီကိုဘွားတော်မူသည်။ သီဟဟနုမင်း၊ ကစ္စာနာမိဘုရားတို့၌ သုဒ္ဓေါဒနမင်းသား၊ ဓောတောဒနမင်းသား။သက္ကောဒနမင်းသား။သုက္ကောဒနမင်းသား။အမိတ္တောဒနမင်းသား၊အမိတာမင်းသမီး။ပမိတာမင်းသမီး(မြန်မာစာမှုအလို ပါလိတာမင်းသမီး)အားဖြင့်ဩဒနအမည်နှင့်သားတော်၅ပါး။ သမီးတော် ၂ ပါး။ပေါင်း ၇ ပါး။ထွန်းကားတော်မူသည်။အဉ္ဇနမင်း။ယသောဓရာမိဘုရားတို့၌မဟာမာ,ယာမင်းသမီး။မဟာပဇာပတိမင်းသမီး။ဒဏ္ဍပါဏိမင်းသား။သုပ္ပဗုဒ္ဓမင်းသားအားဖြင့်သမီးတော် ၂ ပါး။သားတော် ၂ ပါး။ပေါင်း ၄ ပါးထွန်းကားတော်မူသည်။သုဒ္ဓေါဒနမင်းသားနှင့် မဟာမာ,ယာမင်းသမီး။မဟာပဇာပတိမင်းသမီးတို့ကိုစုံဘက်တော်မူသည်။၎င်းတိုးနှစ် သက္ကရာဇ် ၆၈ ခု။ကဆုန်လပြည့်သောကြာနေ့နံနက် လုမ္ဗိနီမင်္ဂလာဥယျာဉ်အင်ကြင်းပင်အောက်တွင်ဘုရားလောင်းသိဒ္ဓတ် မင်းသားကို မဟာမာ,ယာမိဘုရားက ဘွားတော်မူသည်၊၎င်းကဆုန်လပြည့်ကျော် ၇ ရက် သောကြာနေ့တွင်။ မဟာမာယာမိဘုရား သက်တော် ၅၇ နှစ်အတွင်း။သမ္မုတိမရဏ။စုတိကျ၍။ဘဝတတန်။နတ်ပြည်စံတော်မူသည်၊ထိုကြောင့်ရှေးဆရာတို့သည်။ ဆ,ပညာသ။ ငါးမာသဝယ်။သုံးရက်ပယ်။ အကယ်မယွက်။မယ်တော်သက်။ ။နှစ်နှင့်ရက်ဝယ်။ဧကဲ်သတ်ပယ်၊လဝယ်နွေခွက်။သန္တေသက်။ ၁၁၅။ ဟူ၍.မိန့်ကြကုန်၏။ ဘုရားလောင်းကိုဘွားပြီးသည့်နေ့မှ ခုနစ်

ရက်မြောက်၌မဟာပဇာပတိမိဘုရားက နန္ဒမင်းသားကိုဘွား
တော်မူသည်။ ၎င်းမင်းသား၏နောက်မှပင်လျှင်။၎င်းမိဘုရား
က ဇနပဒ ကလျာဏီမင်းသမီးကိုဘွားတော်မူသည်။ ဘုရား
လောင်းဘွားတော်မူသောအချိန်၌။ အာ,ပေါ,ကာ,ယ,င,ခွေ,
ကဏ်။ ဟူသောဘွားဘက်တော်ခုနစ်ဦးတို့ ဖြစ်ထွန်းကြကုန်
သည်ဟုဆိုကြကုန်၏။ ယသောဓရာမင်းသို့၏နောက်မှသာ
လျှင်။ဒေဝဒတ်မင်းသားကို။ဒေဝဒဟပြည့်၌အမိတာမိဘုရား
ကဘွားတော်မူသည်။ထိုကြောင့်မဟာဝင်ကျမ်း။ မဟာသမ္မ
တဝံသကိုပြရာ ဒုတိယပိုင်း၌။

၁၆။ ဇယသေနဿ ဓီတာစ။နာမေနာသိ ယသောဓရာ။
ဒေဝဒဟေ ဒေဝဒဟ၊သက္ကောနာမာသိ ဘူပတိ။ ။
၁၇။ အဉ္ဇနော စ ကစ္စာနာ၊အာသုံ တဿ သုတာဒုဝေ။
မဟေသီစာသိကစ္စာနာ၊ရညောသီဟဟနုဿသာ။ ။
၁၈။ အာသိ အဉ္ဇနသက္ကဿ၊မဟေသီ သာ ယသောဓရာ။
အဉ္ဇနဿ ဒုဝေ ဓီတာ၊မာ,ယာစာထ ပဇာပတိ။ ။
၁၉။ ပုတ္တာဒုဝေ ဒဏ္ဍပါဏိ၊သုပ္ပဗုဒ္ဓေါစ သာကိယော။
ပဉ္စပုတ္တာ ဒုဝေ ဓီတာ၊အာသုံ သီဟဟနုဿတု။ ။
၂၀။ သုဒ္ဓေါဒနော ဓောတောဒနော၊သက္ကသုက္ကာမိတောဒနော။
အမိတာ ပမိတာ စာတိ၊ဣမေပဉ္စ ဣမာဒုဝေ။ ။
၂၁။ သုပ္ပဗုဒ္ဓဿ သက္ကဿ၊မဟေသီ အမိတာ အဟု။
တဿာသုံ ဘဒ္ဒကစ္စာနာ၊ဒေဝဒတ္တော ဒုဝေ သုတာ။ ။
၂၂။ မာယာ,ပဇာပတီစေဝ၊သုဒ္ဓေါဒနမဟေသိယော။
သုဒ္ဓေါဒနမဟာရညော၊ပုတ္တောမာယာယသောဇိနော။ ။

ဟူ၍မဟာနာမ ထေရ်မိန့်တော်မူသည်။ဒေဝဒတ်ကို။ဂေါ
ဓိပုတ္တောဟုစူဠဝါပါဠိတော်-၇ -သံဃဘေဒကက္ခန္ဓက ၃၁၀
၌ရှင်သာရိပုတြာမိန့်တော်မူသည်။သုဒ္ဓေါဒန၏သား၊မဟာ
နာမ်မင်းနှင့်၊အသျှင် အနုရုဒ္ဓါဟူ၍ မူလပဏ္ဏာသအဋ္ဌကထာ

၁၄ စူဠဒုက္ခက္ခန္ဓသုတ်အဘွင့် ၃၂၄ ၌ဆိုသည်။ အင်္ဂုတ္တိုရ်အဋ္ဌ
ကထာ။ ပ။ ၁၅၃။ ဓမ္မပဒအဋ္ဌကထာ ၇ အရဟန္တဝဂ်၊ အနု
ရုဒ္ဓတ္ထေရဝတ္ထု ၈၂။ ထေရဂါထာအဋ္ဌကထာ ဝိသတိနိပါတ်
အဘွင့်သိပ်ပုဂ္ဂိုလ်စာ ၆၆။ ထေရအပဒါန်အဋ္ဌကထာဗုဒ္ဓဝဂ် ၄ အ
နုရုဒ္ဓတ္ထေရာပဒါန်အဘွင့်။ ဗုဒ္ဓဝင်အဋ္ဌကထာ၊ ရတနာစင်္ကမန
ကဏ္ဍအဘွင့်တို့၌။ အမိတောဒနဿ သက္ကဿ ဂေဟပဋိသန္ဓိံ
ဂဏှိ။ ဟူ၍. အသျှင်အနုရုဒ္ဓါကိုဆိုသည်။ တိဿထေရ်ကို အမိ
တာ၏.သားဟူ၍.စူဠဒုက္ခက္ခန္ဓအဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ ယ
မကဝဂ်။ တေရသကဏ္ဍကာ။ ပါစိတ္တျာဒိယောဇနာ၊ မဟာနာ
မသိက္ခာပုဒ်အဘွင့်တို့၌ဆိုသည်။ ပမိတာ၏.သားဟုဆိုသော်
မဟာဝင်နှင့်ညီရာ၏.။ မဟာနာမော နာမ ဘဂဝတော စူဠပိတု
ပုတ္တော မာသမတ္တေန မဟလ္လကတရော ဒွိသုဖလေသု ပတိဋ္ဌိ
တော အရိယသာဝကော။ ဟု ၉၆ မဟာနာမသိက္ခာပုဒ် အဋ္ဌ
ကထာ၌ဆိုသည်။ ညီတော်အာနန္ဒာထေရ်ကို။ အမိတောဒန
၏.သားဟူ၍. အဋ္ဌကထာ အစောင်စောင်တို့ဆိုကုန်၏.။ ညီ
တော် မင်းနန်ခေါ် နန္ဒထေရ်ကို။ တေနခေါ ပန သမယေန
အာယသ္မာနန္ဒော ဘဂဝတော မာတုစ္ဆာပုတ္တော အဘိရူပေါ
ဟောတိ ဒဿနီယော ပါသာဒိကော စတုရင်္ဂုလောမကော
ဘဂဝတော။ ဟုဘုရားအော် အရပ်တော် လက်လေးသစ်နိမ့်
ကြောင်းကို။ ပါစိတ်ပါဠိတော် ၉ ရတနဝဂ် ၁၄၁ နန္ဒသိက္ခာ
ပုဒ်။ ဝတ္ထု ၁၉၆ ၌ဆိုသည်။ မာ.ယာ။ မာ,ယာဝိနော၊ ပုဒ်တို့၌
လာသော မာယာသဒ္ဒါကား။ မာ,ဓါတ် ၁၄၀ မာဆာဟိယော
ဟူသော ဏျာဒိမောဂ္ဂလာန်သုတ်ဖြင့်။ ယ,ပစ္စည်းသက်၍.ရုပ်
ပြီးသည်။ သင်္ဂီတိသုတ်အဋ္ဌကထာ။ ဥဒါန်း။ ပဋိသန္ဓိဒါမဂ်စ
သော အဋ္ဌကထာတို့၌။ သန္တဒေါသ ကတပါပ ပဋိသ္သာဒန
လက္ခဏာဟုမိန့်ကုန်၏.။ ဗုဒ္ဓဿမာတာပန မာယာနာမ။ ဟူ
သောထေရဂါထာပါဠိ။ ဇာမဿဇနိကာ မာတာ၊ မာယာနာမ
ဘဝိဿတိ။ ဟူသောဗုဒ္ဓဝံသသုမေဓပတ္ထနာကထာတို့၌လာ

သော မာယာသည်။ မာ၊ပဋိသေဓ၊ ယာ၊ဓာတ်တည်း။ ထို့
ကြောင့်။ မာယာနာမာတိ၊ကုလ, ရူပ,သီလာစာရာဒိ သမ္ပတ္တိ
ယာ, ဉာတိမိတ္တာဒိဟိ မာ ယာဟီတိဝတ္တဗ္ဗဂုဏတာယ မာ,
ယာ:တိ လဒ္ဓနာမာ။ ထေရဂါထာအဋ္ဌကထာ။ ၄၈၇။ မာယာ
တိဣတ္ထိ မာတိပဋိသေဓနတ္ထေနိပါတော၊ယာသဒ္ဒေါဂမနဝါစ
ကော။နတ္ထိယာ မဟာဇနာနံ ဇေတိသာဟောတုဘူတာယာတိ
မာ,ယာ။ တုမှေမာယာထ မာဂစ္ဆာထ ဇာမိသာ ကညာယ
ရူပသမ္ပတ္တိံ ပသာထာတိ ဝစနမုပါဒါယ မာ, ယာတိနာမံလ
ဘတီတိအဓိပ္ပါယော။အဋ္ဌသာလိနီယောဇနာ။ သုမေဓကဏ္ဍ
အဘွင့် ၄၇ တို့၌ဆိုကုန်၏။၎င်းမာယာကိုပင်။သိရိသဒ္ဒါ၊မဟာ
သဒ္ဒါ။ဒေဝီသဒ္ဒါတို့ရှေ့နေ့ထည့်၍ သိရိမဟာမာယာဒေဝီဟု
ခေါ်ကြကုန်၏၊ ပဇာပတိမင်းသမီးကိုမဟာပဇာပတိဟူ၍၎င်း။
မိထွေးတော်မဟာပဇာပတိဂေါတမီဟူ၍၎င်း။ ခေါ်ကြကုန်
၏၊ အထောက်ကား။နာမကရဏဒိဝသေပနဿာလဒ္ဓသက္ကာ
ယာမြာပဟူတာလက္ခဏာသမ္ပတ္တိံ ဒိသွာ သစေအယံ ဓီတရံလ
ဘိဿတိ၊ စက္ကဝတ္တိရညော အဂ္ဂမဟေသီဘဝိဿတိ၊ သစေ
ပုတ္တံလဘိဿတိ၊စက္ကဝတ္တိရာဇာဘဝိဿတီတိဥဘယထာပိမ
ဟတိယေဝပဇာဘဝိဿတီတိဗျာကရိံသု။ အထဿာမဟာ
ပဇာပတီတိနာမံအကံသု။ဣဓ ပန ဂေါတ္တေနသဒ္ဓိံသံသန္ဒိတွာ
မဟာပဇာပတိ ဂေါတမီတိ ဝုတ္တံ။ဥပရိပဏ္ဏာသအဋ္ဌကထာ။
၄၁။ ဒက္ခိဏာဝိဘင်္ဂသုတ် အဘွင့်။ ၁၈၀ ၌လာသည်။ အ
လောင်းတော် သိဒ္ဓတ်မင်းသားသည်။ ရမ္မော သုရမ္မော သုဘ
ကော၊တယောပါဒမုတ္တမာ၊ ဟူသောဗုဒ္ဓဝံသပါဠိတော်၊၎င်း
အဓိပ္ပါယ်၊၎င်းအဋ္ဌကထာ။ဗုဒ္ဓဝံသဋီကာ။မဇ္ဈိမပဏ္ဏာသ၊ ၂၅
မာဂဏ္ဍိယသုတ်ပါဠိ ၁၄၃။ အဋ္ဌကထာ ၁၃၃။ တိကင်္ဂုတ္တရ
သုခုမာလသုတ်ပါဠိ။ ၎င်းအဋ္ဌကထာ။ ၁၂၂။ ဓာတ်အဋ္ဌက
ထာနိဒါန်းအဘွင့် ၇၁။ ဇိနာလင်္ကာရဋီကာ။ ၁၀၀ တို့အရ၊
ဈွန်းသုံးဆောင်၌။ ဘဒ္ဒကစ္စာနာ,ယသောဓရာ,ဗိမ္ဗာ, ရာဟု

လမာတာ ၄ ဘွဲ့ရ။ မိဘုရားအမှူးရှိသောမောင်းမ ၄၀၀၀၀ ခြံရံလျက် ၁၃ နှစ်ပတ်လုံးနန်းစည်းစိမ်ကိုခံစားပြီး၍။ မဟာသက္ကရာဇ် ၉၇ ခု။ ဝါဆိုလပြည့် တနင်းလာနေ့၌ နိမိတ်ကြီး ၄ ပါး ထင်သဖြင့်။ ၎င်းည၌ သန်ခေါင်ယာမ်၌ မောင်ဆန်ကို နောက်ပါစေလျက်၊ ကဏ္ဍကမြင်းပြူ၊စီးတော်မူပြီးလျှင်။ ည၌ ထက်ဝက်နှင့်။ တိံသ ယောဇနိကံ မဂ္ဂံ ဂန္တွာ၊ဥတ္တုင်္ဂ တရင်္ဂ ဘင်္ဂံ အသင်္ဂံ ဂင်္ဂံ နဒိံ ဥတ္တရိတွာ။ ဟူသောဇိနာလင်္ကာရဋီကာ။မဟာပဓာနဝဏ္ဏနာ ၂၃၄ ၌လာသည်နှင့်အညီ။ဥတ္တုင်္ဂမြစ်။တရင်္ဂမြစ်။ဘင်္ဂမြစ်။အသင်္ဂမြစ်။ဂင်္ဂါမြစ် ဟူသောမြစ်ငါးစင်းတို့ကိုကူးမြောံ။တိဏ္ဏိ မဟာရဇ္ဇာနိ အတိက္ကမ္မအနောမာနဒီတီရေ ပဗ္ဗဇိတွာ။ဟူသော ၂၆ ပါသရာသိသုတ်အဋ္ဌကထာ ၇၉။ အဋ္ဌသာလိနီအဋ္ဌကထာနိဒါန်း ၆၉။ဇာတတ္ထကိ ၇၆ တို့နှင့်အညီ။ကပိလဝတ်။ကောဠိယ။မလ္လာ။သုံးပြည်တို့လွန်၍။ယူဇနာသုံးဆယ်ခရီး အနော်မာသောင်ယံသို့ ရောက်၍။ ရဟန်းပြုတော်မူပြီးလျှင်၊ ကြွင်းယူဇနာသုံးဆယ်ခရီး ဥရုဝေဠတောသို့ကြွတော်မူ၍။ ခြောံနှစ် ဒုက္ကရစရိယာကျင့်တော်မူပြီး၍။မဟာသက္ကရာဇ် ၁၀၃ ခုနှစ်။ကဆုန်လပြည့်ဗုဒ္ဓဟူးနေ့အကုန်၊ အရုဏ်တက်ခါနီးအချိန်။မဟာဗောဓိပင်၏အနီး။အရှေ့ဘက်အရပ်။သောတ္ထိယပုဏ္ဏားလှူသောသမန်းမြက်ရှစ်ဆုပ်ဖြန့်ကြဲရာ။ ၁၄ တောင်မြင့်,ကျယ်သော ရတနာပလ္လင်တော်ထက်ဝယ်။ အရှေ့အရပ်သို့မျက်နှာမူလျက်ဘုရားဖြစ်တော်မူသည်။ ၎င်းနောက်။ ဝါဆိုလဆန်း ၁၃ ရက် ကြာသပတေးနေ့အထိ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်အနီး၌ သီတင်းသုံးတော်မူပြီး၍။၎င်းဆွန်း ၁၄ ရက်နေ့မိဂဒါဝုန်တောသို့ကြွတော်မူ၍။၎င်းလပြည့်နေ့ ဓမ္မစကြာတရားတော်ကို ဟောတော်မူလျက်။ပဉ္စဝဂ္ဂီအမှူး။ရှင်ငါးဦးနှင့်တကွဗြဟ္မာ(၁၈၀ ၀၀၀ ၀၀၀)တို့ကို မဂ်ဖိုလ်တည်စေတော်မူသည်။ ယသ အမှူးရှိသော ၅၅ ဦးသောသူတို့ကိုလည်းရဟန္တာဖြစ်စေ၍။ ပဌမဝါဘုရားနှင့်တ

ကွရဟန္တာ-၆၁။ဝါကျွတ်က။ဘဒ္ဒဝဂ္ဂီ ၃ ကျိပ်တို့ကိုတတိယ ဖိုလ်အထိ။ရသေ့ညီနောင်၊၃ရှင် ၁၀၀၀ တို့ကိုလည်းရဟန္တာ ဖြစ်စေ၍။ ပြာသိုလပြည့် ရာဇဂြိုဟ်မြို့။ ထန်းတောဥယျာဉ်၌ ၁၂၀၀၀၀ သော သူတို့တွင် ဗိမ္ဗိသာရမင်းလျှင်အမှူးရှိသော ၁၁၀၀၀၀ သောသူတို့ကို။ သောတာပန်။ ကျန် ၁၀၀၀၀ သောသူတို့ကို လောကီသရဏဂုဏ်တည်။ ဥပါသကာဖြစ်စေ သည်။နောက်နေ့ဝေဠုဝန်အာရာမ်ကို။အလှူတော်ခံလျက်။ ဘိ တင်း သုံးတော်မူသည်။ ၎င်း-အကြောင်း အလုံးစုံကို။ ခမည်း တော် သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူ၍။ ငါသည်သက် ရွယ်ကြီးရင့်ပြီ။ အသက်ရှိစဉ်သားတော်ဘုရားကိုဖူးတွေ့ချင် သည်။ ပင့်ရန်ယောကျ်ားတထောင်ခြံရံလျက်အမတ်တယောက် ကိုလွှတ်သော်လည်းသတင်းစကားမျှပြန်ကြားခြင်းမရှိသဖြင့် ရှေ့အတူ။ အမတ်၉စ်ယောက် ၉စ်ကြိမ်လွှတ်သော်လည်း။ ရှေ့ အတူပင်မပြန်၍။ သုဒ္ဓေါဒနမင်းကြီး၏အလုံးစုံသောကိစ္စကို ပြီးစေသောကာဠုဒါယီအမည်ရှိအတွင်းဝန်အမတ်ကြီးအား။ ယောကျ်ားတထောင်အခြံအရံနှင့်ဘုရားပင့်သွားရန်၊ သုဒ္ဓေါဒ နမင်းစီမံတော်မူသောအခါ။သက္ခိဿာမိ ဒေဝ သစေ ပဗ္ဗဇိ တုံ လဘိဿာမိ။လ။ဖဂ္ဂုံသုတ္တာ သပရိဝါရော တတ္ထေဝ အရ ဟတ္တဖလံ ပတ္တာဗေဟိဘိက္ခုဘာဝေပတိဋ္ဌာသိ။(ထိုထိုအဋ္ဌက ထာတို့၌ ထင်ရှားစွာရှိပါလျက်၊ ကာဠုဒါယီကိုပင်အတင်း ခေါင်းရိတ်၍။ သင်္ကန်း ဆီးရလေဟန်။ စာဟော။ ကွက်ဗိတ် ပြော။ကားရေးခြင်းတို့ကိုအလျှင်းပင်မပြုကောင်းချေ။သတိရှိ စေရန်သင့်လှ၏)။၎င်းကာဠုဒါယီရဟန္တာထေရ်သည်မဟာ သက္ကရာဇ်အဋ္ဌနမင်းထားသောနှစ် ၁၀၃ ခု။တပေါင်းလပြည့် ကြာသပတေးနေ့။'အင်္ဂါရိနောဒါနိ,အစရှိသောဂါထာ ၆၀ တို့ ဖြင့်လျှောက်ထားရာ။လျှောက်လွှာဂါထာ၆၀တို့တွင်။၁၀ ဂါထာ မျှကိုသာလျှင်။ထေရဂါထာပါဠိတော်၊ ဒသကနိပါတ် ၂၃၃ ကာဠုဒါယိတ္ထေရ ဂါထာ၌ သင်္ဂါယနာ တင်တော်မူသည်။

ကေဂိုဏ္ဍရအဋ္ဌကထာ၌။နာတိသိတံအစရှိသောတဂါထာသာ
လျှင်ရှိသည်။ဝိနည်းမဟာဝါအဋ္ဌကထာ၌တဂါထာမျှပင်မပါ။
ဓာတ်အဋ္ဌကထာနိဒါန်း၌။ပေယျာလမြှုပ်၍အစအဆုံးတဂါ
ထာစီ။ သီဟိုဠ်စာ ဗုဒ္ဓဝင်အဋ္ဌကထာ၌။ ဓာတ်အဋ္ဌကထာ
နည်းတူလာသည်။ မြန်မာပေစာ ဗုဒ္ဓဝင် အဋ္ဌကထာ ပါဠ်။
နိဿယတို့၌ ၆၄ ဂါထာလာသည်။ဝိသုဒ္ဓဇနဝိလာသိနီအမည်
ရှိသော ထေရအပဒါန်အဋ္ဌကထာ။ ၅၅ ဝဂ်မြောက်၊ (၅၄၇)
ကာဠုဒါယိတ္ထေရာပဒါနဝဏ္ဏနာ၌ ၄၉ ဂါထာ။ အခွဲးနှင့်တ
ကွရေတွက်မှ ၆၃ ဂါထာမျှရှိသည်။ ၎င်းအပဒါန်အဋ္ဌကထာ
လာ။ ဂါထာတို့သည်သာလျှင်။ ဤဂါထာ ၆၀ ပျို့၏မှီရာဂါ
ထာတို့ဖြစ်သည်။ ဤဂါထာခြောက်ဆယ်ပျို့ကို။ ထိန့်,ကျော်,
ဟိုး။ သတိုးဖျား။ဟူသောရှင်သံခိုဆို။ မင်းရဲးဒိဗ္ဗဇေးချင်းနှင့်အ
ညီ။သက္ကရာဇ် ၇၂၆ ခု။ရတနာပုရ။အမည်သခဲ့သော။အင်းဝ
ရွှေမြို့တော်တည်။ သတိုးမင်းဖျားက, စ၍,၊ ရေတွက်သော်။
၁၃ ဆက်မြောက်။ ရွှင်,သာ,စံ။ နန်းကြော့ရှင်။ ဟူသော၎င်း
ဇေးချင်းအရ။ သက္ကရာဇ် ၈၆၃ ခုနှစ်။ ခမည်းတော်ဒုတိယမင်း
ခေါင်၏ ရိုက်ရာထီးနန်းကို ဆက်ခံ သိမ်းပိုက် စိုးစံ တော်မူ
သော။သိရိတရိဘဝနာဒိတျ နရပတိပဝရ မဟာဓမ္မရာဇာဓိ
ရာဇာဓိပတိ။ဟူ၍.ဘွဲ့တံဆိပ်နာမံတော်ရှိသော၊ ရွှေနန်းကြော့
ရှင်။သုရင်နရပတိ။ မင်းတရားကြီး၏လက်ထက်တော်အခါ။
သက္ကရာဇ် ၈၇၉ ခု။ ဥတုဂိမှန္တ။ကဆုန်လပြည့်သောကြာနေ့
အပြီး။တောင်တွင်းကြီးမြို့။ ပေလေးပင်။ သျှင်လေးပါး။ရှေးသူ
ဟောင်းစကားအရ။သျှင်ဥတ္တမကျော်။သျှင်သီလဝံသ။ရှင်အုန်း
ညို။ရှင်ခေမာ။လေးဖြာသောမဟာထေရ်တို့တွင်။ရှင်အုန်းညိုမ
ဟာထေရ်သူမြတ်သည်။လေးလုံးစပ်ကာရန်ဖြင့်၊စီမံရေးသား
တော်မူခဲ့ပေသတည်း။ ၎င်းပျို့အတွင်းရှိ။ကိုး-ပါဠ်ဂါထာတို့
သည်။များစွာပျက်စီးချွတ်ယွင်းနေပါသဖြင့်။ ဟင်္သာတမြို့အ
လယ်။ မြစ်ကွေ့ကျောင်းတိုက်ရှိ။ ထေရအပဒါန်အဋ္ဌကထာ

ပါဌ်ပေမူနှင့်ရင်း။ရန်ကုန်မြို့။ ဗားနဒ်ပိဋကတ်စာကြည့်တိုက်မှ ထေရအပဒါန်အဋ္ဌကထာပါဌ် ပဌမသင်္ဂါယနာတင် မင်းတရားကြီး၏စာတော်ပေမူနှင့်ရင်း။ကဝိသာရဓဇမဟာဓမ္မရာဇဂုရု။ကဝိန္ဒာဘိသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု။ထံဆိပ်တော် ၂ထပ်ရ၊ဆရာတော်ဘုရားသည်။ ၁၂၀၃ ခု။စစ်ကိုင်းတောင်ရိုး။ မဟာအရိယဝံသတိုက်၌။ သီတင်းသုံးစဉ်။ စီရင်တော်မူပြီးသော ထေရအပဒါန်အဋ္ဌကထာနိဿယ တတိယထုပ်။သာရဝေါတိုက်။ရွာကလေးကျောင်းတိုက်မှ၊ပေစာမူနှင့်ရင်း။ တိုက်ဆိုင်နှိုးနှော၍ စွမ်းသမျှ သုစ်သင်ပြင်ဆင်ပြီးလျှင်သုတဂဝေသီ၊ ထိုဉ်ပုဂ္ဂိုလ်တို့အတွက်၊ စက်တင် ပုံနှိပ်ပါသည်။ ။ဤဂါထာ ၆၀ ပျို့၌။ကျေနပ်လောက်အောင် စာမူမရခဲ့။သို့ဖြစ်၍ မှားယွင်းသော အချက်များကို။တွေ့ရှိတော်မူပါက၊ သူတော်ကောင်းတို့သည်။ကရုဏာ။ ပညာရှေ့တင်၍၊ပြင်ဆင်တော်မူကြပါစေကုန်သတည်း။ ။

ဟံသာဝတီမြို့။မြစ်ကွေ့ကျောင်းတိုက်။ဦးပညာဝံသ။
အတိတ်ကလိယုဂ် ၅၀၂၉။အနာဂတ်ကလိယုဂ် ၄၂၆၉၇၁။
အတိတ်သာသနာ ၂၄၇၂။ အနာဂတ်သာသနာ ၂၅၂၈။
မြန်မာသက္ကရာဇ် ၁၂၉၀ ပြည့်သီတင်းကျွတ်လဆုတ်
၁၀ ရက်။ ၂ နေ့။

ဂါထာခြောက်ဆယ်ပျို့အဋ္ဌုပ္ပတ္တိစာတမ်း
ပြီး၏။

# ဂါထာချောက်ဆယ်ပျို့။

နမောတဿဘဂဝတောအရဟတောသမ္မာသမ္ဗုဒ္ဓဿ။

၁။ မဟာဗုဒ္ဓေဟော။ ဦးထိပ်ဖွေဟု။မြုတေထွတ်ခေါင်။မြေ
ရိပ်ဆောင်သား။ရွှေညောင်ပင်မင်း။ ဗောဓိရင်းနှိုက်။ စင်လင်း
မိုးယံလ။ ပြည့်ဝန်းပသို့။ ပုဏ္ဏမာသီ။ ခါကောင်းပြီဟု။ အညီ
ကြိုက်ကုန့်။ကဆုန်ဆန်းတက်။ ဆဲ့ငါးရက်ဝယ်။ မွန်းချက်နေ့
သွင်။ ပေါက်လတ်ကျင်သား။ ပလ္လင်မြတ်စွာ။ ရတနာထက်။
သစ္စာညီးညီး။ ပွင့်လတ်ပြီးသော်။ ရောင်ကြီးချောက်သွယ်။ဘ
ဝဂ်ကယ်မျှ။ပြိုင်ဆွယ်မဲ့လျှင်း။တုထွတ်ကင်းသား။အောင်ခြင်း
ငါးပါး။သုံးလူ့ဖျားကား။ ဘုရားအဖြစ်။တိုင်တုံလစ်က။ ခုနစ်ဌာ
န။ဒေသဆန်းကြွယ်။ထိုရပ်ဝယ်နှိုက်။လေးဆယ်ကိုးရက်။လွန်
ခဲ့လျက်တည့်။မိန့်ပွက်မကြား။လူနတ်ဖျားကား။တရားထုံမွန်း။
နိဗ္ဗာန်ပန်းကို။ စွန်းစွန်းမဌ။ရနိန္ဒလျှင်။ မေ့ရသံ။သပ္ပါယ်စံရှင့်။
သဟံပတိ။ ဖြဟ္မာသိ၍။မဏိရတနာ။ ထွန်းဝါလျှံဖုံး။ မြင့်မိုရ်
လုံးရှိ။ ရွှေကုံးပုဇော်။ တောင်းပန်သော်မှ။ ခြေတော်စက်တီ။
ကြွလတ်ဘိ၍။ဣသိပတန။တောရပ်မဝယ်။ပဉ္စဝဂ္ဂီ။ငါးယောံ
ပြီတွင်။ အညီညာတင်။ ကောဏ္ဍည့်ရှင်အား။ မဂ္ဂင်ရှေးဖျား။
ချွတ်ပေကြားသည်။ ။တရားဟောဦးအစတည်း။ ။

၂။ ဗာရာဏသီ။ ခေါ်ညီတွင်ထ။ ပြည်မအချာ။ မိဂဒါ
ဝယ်။မေ့ဘရစက်။ဟောနှုတ်ပွက်က။ဘဝဂ်ကျော်သည်း။ မြေ
ကြီးကြည်းမျှ။ ကောဏ္ဍည်းအစ။ဘဒ္ဒိယနှင့်။ဝပ္ပမကျန်။မဟာ
နာမ်က။တသွန်ကျွတ်ဘိ။ အဿဇိတို့။ကြားသိကျေးဇူး။ မြိုက်

ရည့်ဖြူးလျက်။လက်ဦးဆိုဝါ။ယင်းတွင်ကြာမှ။အခါထိန်းမှတ်။
* သံတူကျွတ်သော်။ မြင်တတ်စက္ခု။သဗ္ဗညုကား။ဥရုဝေလ။
တောသို့ကြွ၍။ ကဿပမည့်။ရသေ့ထေရ်ကို။ ပြိုင်တည့်မှား
ကြီ။ဂယာယံဝယ်။ အရံတထောင်။ ခြွေရွေဆောင်သား။ ညီ
နောင်သုံးပါး။တပည့်များကို။ တရားမြှုတော။ ရကုန်စေမှ။ရင့်
ထွေသမ္ဘာ။ နောက်တော်ပါလျက်။ ရှေးခါတွေ့ဘူး။ တော
ထွက်ဦးနိုက်။ ညွှတ်နူးကြည့်စွာ။ ဗိမ္ဗိသာရ၏။ ပဋ္ဌနာလျှဉ်။
အဘိညာဉ့်ကြောင့်။ အစဉ် ခရီး။ တောရပ် မှီး၍။ ပြည်ကြီး
နဂိုရ်။ရာဇဂြိုဟ်သို့။ ပုဂ္ဂိုလ်များမင်း။ကြွလေလျှင်းသည်။ ။
ဆောင်းတွင်းဟေမန်အစတည်း။ ။

၃။ ရာဇဂြိုဟ်ပြည်။ရောက်သည်မကြာ။ဗိမ္ဗိသာလျှင်။ရ
တနာတွေ။ရွှေငွေပုံရ။စွန့်ကြဲးပြု၍။ဝေဠုဝန်မည်။ဝါးတိစည်
သား။နတ်ပြည်အဟန်။ဗိမာန်ထပ်တူ။ကျောင်းမြတ်လှူ၍။မြွေး
ထူဗိဇ္ဇာ။ မောဟာခွါ၍။ သောတာပတ္တိ။တရားသိလျက်။ သာ
ရိပုတ္တရာ။မဟာကဿပ။တေဇပြင်းထန်။ မောဂ္ဂလာန်လည်း။
တသွန်ငုံရင့်။နေခြည်လင့်သို့။ ကြာနှင့်မပြား။ လူသုံးပါးဝယ်။
ပွင့်ထွားဆွဆွ။သာဝကဟု။သံမြကောင်းခြီး။ ချီးမြှောက်ပြီးမှ။
အကြီးရာထား။ ထေရ်မြတ်များကို။တရားသဘင်။ပွဲညာတင်
၍။ဌမ်းဖြင်ပရိသတ်။လူနတ်တို့အား။ချွတ်စိမ့်ထားသည်။ ။
သုရားသဗ္ဗညုတတည်း။ ။

၄။ အခြား အခြား။ နိုင်ငံပြားသား။ တိုင်းကားပိုင်သ။
သောဠသတွင်။သာဟ္ဂပြောစည်။ပိုးဆက်ရှည်သား။ ထိုပြည်
မင်းကောင်း။ လှူနှင့်ရှောင်းသည်။ ရွှေကျောင်းဗိမာန်။ ဝေဠု
ဝန်နိုက်။ငါးမာရ်အောင်မြင်။ သုံးလူ့သျှင်ကား။အကြွင်လူနတ်။
ပရိသတ်အား။ ခြေချွတ်အပ်ရာ။ကရုဏာဖြင့်။ပညာစက္ခု။ရွေး
ခြယ်ရှု၍။ကျွတ်ဆုကိုယ်စီ။ပေးနှံ့ညီရှင့်။ကပိလဝတ်။နေမှတ်

---

* သံတူလဟူသည်ကား။သီတင်းကျွတ်လတည်း။

သွှဲကျော်။ ဘွားပြည့်တော်က။ သုဒ္ဒေါမည်ရင်း။ မွေးဘမင်း
သျှင်၊သည်းတွင်းညွတ်ချွေ။လွမ်းရက်ရေသော်။ ကြာထွေမြင့်
လစ်။ခုနစ်နှစ်သျှင်။ မျှလောက်စင်တည့်။ အသျှင်ဘုရား။ စော
ထွတ်ဖျားကို။ စကား တင်းသံ။ တျှိထံ သွတ် ဖှယ်။ တုံ့ပယ်
ကြောင်းစ။မသိရ၍။ကြင်ဆလွမ်းမှု။မြော်ရှာရှု၏။ယခုပင်ကို။
ရာဇဂြိုဟ်သို့။ ပြာသိုလက။ရောက်လေစွဟု။ ကြားကမဆည့်။
နေမတည်ခဲ့။ ချစ်သည့်လွန်ကျူး။ ငါ့သားဦးကို။ ကျွန်မှူးကိုး
ယောက်၊ ကိုးထောင်မြောက်သျှင်။ ကိုးခေါက်မင်းစေ။ပင့်ရ
လေလည့်း။ ပရမေမှန်ကင်း။ လျှုသနင်းသျှင်။ သံညင်းမိန့်ခြေ။
ဟောတုံပေက။ကျွတ်လေသည့်သာ။မပြန်လှာတည့်။ထပ်ကာ
ဆင့်ကဲ။မရောင့်ရဲသော်။ သည်းထဲဆွတ်ဆွတ်။ ကြာနှယ်
ညွတ်သည့်။ ။မင်းမြတ်သုဒ္ဒေါဒနတည်း။ ။

၅။ အဘန်အဘန်။ တမန်ကိုးခေါက်။ ကိုးကြိမ်မြောက်
သျှင်။ တယောက်တထောင်။ နောက်ထိုက်ဆောင်လျက်။ ယ
ခေါင်ငါက။ ပင့်လှာရလည့်း။ ငါ့ဘဘုရား။ ငါ့ထွတ်ဖျားမှာ။
မကြားခြင်းရာ။ မြင့်မြိုးကြာခဲ့။မြော်ရာမြော်ရှု။ငါ့ဘမှုကို။ ကာ
ဠုဒါယီ။အထျှင်ချိ၍။အဂ်ီရသော်။တုမဲ့ကျော်သား။ဗုဒ္ဓေါ်ဝိရ။
သားချစ်ဘနှင့်။ ဖူးရလွယ်အောင်။ ရှေးရိုးဆောင်လျက်။ တ
ထောင်လည်းကောင်း။ ခေါ်လေရှောင်းသော်။ အကြောင်းမ
ကျန်။လွမ်းခြင်းဒုန်ကို။မတ်မွန်ပညာ။လိမ္မာသောလျှောက်။ နား
တော်လျှောက်လျက်။ နှောင်းခေါက်ငါက။ မထပ်ရအောင်။
ဌာနတ္ထိမြေ။ရောက်ပါစေလော့။ သွားချေမတ်ရင်း။ ဘွားဘက်
ချင်းဟု။ အခြင်းရောပြွမ်း။ ကိုယ်နှင့်ကျွမ်း၏။ ရှုးစမ်းဆင့်
လှောက်။ ဆယ်ထောင်မြောက်သျှင်။ ဆယ်ခေါက်သံတော်။
ပင့်ရခေါ်သည်။ ။သုဒ္ဒေါ်သုံးလျှ့မွေးဘတည်း။ ။

၆။ အကြိမ်အကြိမ်။ လွန်ဖိုးရိမ်လျက်။ ဈွဲအိမ်နန်းဝ။
သုရမ္မကမွေးဘသုဒ္ဒေါ်။ စေလိုက်သော်သျှင်။ မမြော်နိုင်းတု။
သဗ္ဗညုသို့။ ကာဠုဒါယီ။ တိုင်းရပ်မှီ၍။ ချိလေပြောဟို။သင်း

ထောင်မိုလ်နှင့်။ နှောင်းဗိုလ်ထပ်ဘိ။ ရောက်လတ်ပြီ့ဟု။ ဖော်ဘိကျွေး။သံခြေကျူးက။ ကျေးဖုးအရဟံ။ ထေရ်ပျံရှေးနည်း။ ကျွတ်သည့် ချည်းသော်။ ခမည်းတော့်ဝန်။ စေမှုကျွန်ဟု။ ချောက်ပြန်ကြွားသိ။ဥဒါယိလျှင်။တရိလောက။ရနိဒ္ဓကို။ပွက်ဟနာဘွယ်။ နိဒါန်းသွယ်လျက်။ ခြောက်ဆယ်ဂါထာ။ ပျို့လင်္ကာဖြင့်။ဟေမာချမ်းဆောင်း။ကြွလဲ့ပြောင်းသား။တပေါင်းဆန်းတက်။ ပြည့်သည့်ရက်နှိုက်။ ရပ်လျက်ရှေ့ရှု။ ရိုညွတ်မှုလျက်။ တရှုထိပ်ပြင်။ ရှိဦးတင်သည့်။ ။သဘင်ပုသ်နေ့ပွဲမတည်း။ ။

၇။ အခန်းအခန်း။သိမ်းပိုက်ဝန်းလျက်။နိဒါန်းနည်းသွယ်။ ခြောက်ဆယ်ဂါထာ။ပျို့လင်္ကာဖြင့်။မဟာဝီရော်။သုံးလူ့ဘော်ကို။သုဗ္ဗေါ်မွေးဘ။ဖူးချင်လှာ၍။ပင့်ရလှာဘိ။ ဥဒါယိလျှင်။ကြွားသိပန်ထွာ။လျှော့ပတ်စွာသား။ပညာစကျွ။ဤဝတ္ထုမှု။ကျမ်းဖြူရှေးက။မာဂဓကို။မြန်မာ့ဘာသာ။အက္ခရာဖြင့်။သာသနာတော်။ပွါးကြောင်းမြော်၍။ဓမ္မော်မှန်ကြား။ မျိုးလေးပါးအား။ မှတ်သားပါစိမ့်။ကြိနှစ်သိမ့်လျက်။ပြန်ပိမ့်ခြင်းရာ။ပုံနည်းနာနှင့်။ ဂါထာရင်းသည့်။ အရိုးတည့်မှ။ဘွေနှည့်ထုံးတီး။ဆိုရာမှီးလျက်။ဆိုသီးပျူငှါ။ ထိုပညာမှု။ သကာပျားရည်။ နံ့ကြည့်ပန်းရက်။ ဖျော်ဘက်လက်ရွေး။ ချိုမြက်ဇေးမျှ။ ဩသဓဟု။ သုခရသာ။ ကောင်းမြိန်စွာသား။ ရောဂါဘယ။သောကပယ်ဖြတ်။ငြိမ်းစေတတ်သည့်။ဆေးမြတ်အတူ။နှလုံးမူ၍။ဖြောင့်ယူဖြတ်ပြတ်။သူတော်ထွတ်တို့။နူးညွှတ်စေတနာ။ထက်ကုန်စွာလျက်။ ကေသရာသီ။ချမ်းမြိုက်ဆိကို။ သိင်္ဂီကောင်းနှစ်။ ဇမ္ဗူရာဇ်ဟု။ ဖော်သစ်ရတနာ။ထွန်းဝါရောင်ချက်။နားရွှေခွက်နှိုက်။ ပြည့်နှက်မြဲကိတ်။တည့်သောစိတ်ဖြင့်။ တိဟိတ်သဒ္ဓေ။ နေသည့်သူအား။ တရားကုသိုလ်။ပွါးစေလို၍။ သံချိုဆင့်လောင်း။ ညှိရုံးပေါင်းသည်။ ။အကြောင်းဤသို့ချီချတည်း။ ။

အင်္ဂါရိနော ဒါနိ ဒုမာ ဘဒန္တေ၊
ဖလေသိနော ဆဒနံ ဝိပ္ပဟာယ။
တေ အစ္စိမန္တော ဝ ပဘာသယန္တိ၊
သမယော မဟာဝီရ အင်္ဂီရသာနံ။ ။
ဒုမာနိ ဖုလ္လာနိ မနောရမာနိ၊
သမန္တတော သဗ္ဗဒိသာ သဝန္တိ။
ပတ္တံ ပဟာယ ဖလမာသမာနာ၊
ကာလော ဣတော ပက္ကမနာယ ဝီရ။ ။
နေဝါတိသီတံ နပနာတိဥဏှံ၊
သုခါ ဥတု အဒ္ဓနိယာ ဘဒန္တေ၊
ပဿန္တု တံ သာကိယာ ကောဠိယာစ၊
ပစ္ဆာ ရခံ ရောဟိနိယံ တရန္တံ။ ။

ဂ။ လူ့ဘုံသုံးပါး။အလွတ်ထား၍။ တရားရသာ။ မြိုက်ဩဇာဖြင့်။သတ္တဝါလူ။ခပ်သိမ်းသူကို။ ဆယ်ယူကယ်နိုင်။ ရွှေပြည့်ခိုင်သို့။ တိုင်တိုင်အေးလွတ်။ မှီပေတတ်သည်။ လူနတ်ဆရာ။ရတနာဟု။မဟာဝီရ။ လုံ့လအခေါင်။ ဗောဓိညောင်နိုက်။ ခြောက်ရောင်လျှံဝါ။ ဉာဏ်စကြာနှင့်။သဗ္ဗာရဲရဲ။ ပွင့်ဆဲးဆဲး လျှင်။ အံ့အံ့းမနိုင်။ ဆွယ်ဖြိုင်နိုင်းဘော်။ တုမမြော်သည်။ ဘုန်း တော်ထွန်းလစ်။တို့သျှင်ချစ်။ ။အဖြစ်ကြောင်းလျှား။မှာစကား ကို။ဦးဖျှားထိပ်ထက်။ ချောက်ကြားဆက်အံ့။ ဘွားချက်မြှုပ် ထွေ။ ဇာတိနေသား။ အောင်မြေပြည်မ။ ကပိလတွင်။ မွေးဘ သုဒ္ဓေါ်။ တကာတော်နှင့်။ ယသော်ဓရာ။ မိမွာမြောက်သား။ သည်းချားရာဟု။မျှော်ရာရှုလျက်။ တရုတရုံး။ ပန်းနှယ်ကုံးမှု။ သက်လုံးမေတ္တာ။ ဖြတ်ကြင်နာသော်။ ဖူးပါလှချင်။ ငါ့သခင် ကို။သို့ပင်ဆိုတမ်း။နိဗ္ဗလွမ်း၍။ မျက်ယမ်းထိထိ။ မြော်ချင်ဘိ ဟု။ကြားသိတုံထို။တသောင်းမိုလ်တွင်။ကျွန့်ကိုနောက်ဆင့်။ ချီ ပင့်ရဖွာ။ ဤအခါကား။ ဟေမာချမ်းဆောင်း။ကြွလှဲ့ပြောင်း

သား။တပေါင်းနွေလ၊ဂိမှာနဟု၊သာလှပျော်မှု။သည်ရတုနိုက်။
ညွန့်နုဆဲးဆဲး။ မီးလျှံခဲးသို့။ ရဲးရဲးပြောင်ပြောင်။ တောကုန်
အောင်လည်း။ ပွင့်ရောင်တိချည်း။ ဖြင်ပေါပည်း၏။ ခမည်း
တော်ကောင်း။ ပြည့်တော် ဟောင်းသို့။ ဖူးပေါင်း စိမ့်ဌါ။
တောင်းပန်ထွာသည်။ ။သွားခါကာလတန်ပြီတည်း။ ။

၉။ မျှော်ရှုမျှော်ရှု။ မျိုးတရုတွင်။ ရာဟုအမိ။ တစိဘွား
ဘော်။မြောက်သားတော်နှင့်။ သုဒ္ဒေါ်မွေးဘ။ ရှုတတင်းမေး။
မိထွေးဂေါတမီ။ကလျာဏီတို့။ ညီကားမင်းနန်။မကျန်လုံးခြုံ။
ဓာတိဘုံဝယ်။ အပုံမျိုးပေါင်း။ ဆွေရှစ်သောင်းတို့။ လွမ်း
ဟောင်းမပြေ။ လွမ်းတွေကဲးဆင့်။ ကွာသည်မြင့်ဟု။ ယခင့်
ရှေးသော်။ဩနန်းတော်နိုက်။နှစ်ဘော်မောင်နှံ့။ဗိုလ်ရှုခံလျက်။
နတ်စံအလား။မိထွတ်ဖျားနှင့်။သိကြွားသူဇာ။ သက်ကျဟှာသို့။
မတ်ရာမျှားဘောင်။လှူတန်ဆောင်ကို။ယခေါင်ထက်တိုက်။ချစ်
ဝမ်းပိုက်လျက်။ ခေါ်ဗိုက်မေးစမ်း။ ပြည်လုံးလွမ်း၍။ဆိုတမ်း
အသံ။နှုတ်မညံ့တည့်။ကျုံကျုံသီးသီး။ ပူပန်ကြီးသော်။ ညီးညီး
ဝင်းဝင်း။ တရားမင်းကြောင့်။ သတင်းကြွားကာ။ မနေသာခဲ့။
သွားခါတန်စွ။ ဤကာလက။ချမ်းမြမသန်။ပြင်းထန်မပူ။လွင့်မြူမ
ထောင်း။ညွှန်ပျောင်းမချင်း။လေပြင်းမလာ။သည်းစွာထစ်ကြိုး။
အုံ့မိုးယမ်းမစွေ။ ရေလည်းမကြီး။ ခရီးခွန့်ရှည်။ နှစ်သောင်း
ထေရ်နှင့်။ရောင်ခြည်ပြိုးပြက်။အောက်ထက်မညံ့။ထွန်းရိပ်လျှံ
မျှ။မဆံတူရိုး။သကျမျိုးကို။ မြတ်နိုးလွန်ကျူး။ အံ့မိန်းမူးလျက်။
နဖူး ထိပ်ပြင်။ ရှိပန်ဆင်လျက်။ ထိုတွင်ပြည်သူ။ ဆုယူဆု
တောင်း။မျှော်လင့်ရှောင်းသည်။ ။ချမ်းဆောင်းဟေမန်လွန်
ပြီတည်း။ ။

၁၀။ မြော်ဆုမြော်ဆု။တောင့်တပြုလျက်။ မျှော်ရှုမပြတ်။
သုံးလူ့ထွတ်ကို။ ရှိညွတ်ပြင်းစွာ။ ချစ်သဒ္ဒါ၍။ တကာတော်
ရင်း။မွေးဘမင်းကား။ ကြောင်းခြင်းပြန်ခေါက်။ ဆယ်ထောင်
မြောက်လျှင်။ဆယ်ခေါက်မင်းစေ။ ပင့်ရထွေကို။ ပရမေထိပ်

မိုး။ထွတ်ခေါင်စိုးသည်။နွယ်ရိုးမြတ်လှ။ မုနိန္ဒလျှင်။ ဒေသရပ်ပေါင်း။ဆွေ့ရှစ်သောင်းသို့။ ရက်ပေါင်းခြောက်ဆယ်။ ဝေးခွန့်ကျယ်လည်း။ သွားဘွယ်ချိန်ထောက်။ ထိုပြည်ရောက်က။ အနောက်တရူ။ရှုတော်မူလျက်။မပြုနိုင်ပြီ။ဒွေစက်ချီ၍။ရောဟိနီမြစ်၊ကူးတုံလစ်က။သျှင်ချစ်ဌာန။ကပိလနှင့်။ကောလိယတွင်။ သာကိဝင်တို့။ပျော်အင်နှစ်မြိုက်။ရှိပန်းစိုက်အံ့။ ကျွတ်ထိုက်ရာရာ။လူတကာကို။ချမ်းသာရပ်တင်။ပို့စေချင်သည်။ ။မင်္ဂလာအမြိုက်တန်ပြီတည်း။ ။

၁၁။ ဘော်ရဘော်ရ။ခေါ်သာခုဖြင့်။ လွမ်းမှုစည်းဝေး။ကြည်စိတ်ပြေးလျက်။ ရေးရေးထင်လွန်း။ ဆယ်ခိုင်ပန်းဖြင့်။ဦးစွန်းတရူ။ ပွင့်လူလူလျှင်။ မည်သူမဖြိုင်။ထွတ်ဖျားတိုင်သား။ဦးကိုင်ချက်မ။ သုံးလူ့ဘကို။ မြင်ရနိုးနိုး။ ရှစ်သောင်းမျိုးတွင်။ မင်းစိုးသုဒ္ဓေါ။ခမည်းတော်က။ဖူးမြော်ချင်လှ။ ခါနိစ္စဖြင့်။ ပါဒနက်သန်။မြတ်ခြင်းလွန်သား။စက်မွန်နှစ်ဘော်။ဖဝါးတော်ကို။ကော်ရော်ထိပ်ထက်။ မြဲးစွာရွက်၍။ စုံမက်ပြင်းလှ။ ဖူးချင်တလျက်။ဘယ်လဘယ်နေ့။ ဘယ်နံ့တွေ့၍။ စေ့စေ့ခြင်းတ။ ပြန်တုံရအံ့။မြမြချီစွာ။မြိုက်ရသာကို။ တကာဆွေကောင်း။ လူအပေါင်းနှင့်။ ဆယ်ချောင်းဦးထိ။ ကြားရဘိမူ။ မြေးငြိပိဋကာ။ ဘယာမောဟ။ ရာဂမြစ်စည်။ သံသာရှည်လည်း။ ရွှေပြည်မဂ်ဖိုလ်။ မခဲးငြိုတည့်။ ကျွန်ုပ်ကိုမှာထား။ ချော်လိုက်ကြားသည်။ ။တရားအရမှန်ပြီတည်း။ ။

၁၂။ ပျော်မှုပျော်မှု။ မျှော်ကြည့်ရှု၍။ရတုကောင်းစွာ။ဤအခါကား။သာသည်ညင်းညင်း။ မြောက်လေကြွင်းနှင့်။ဆီးနှင်းမကုန်။ ပူဟုန်မသည်း။ ပျုံ့ပျုံ့ဖြည်းသား။ တိမ်မည်းမဆိုင်။ မြည်အိုင်ရိုက်ကြူး။မင်းလွင်မြူးသား။နွေဦးသရစ်။အခါဖြစ်၍။ သျှင်ချစ်ဘုရား။သုံးလူ့ဖျားလျှင်။ ဖဝါးစက်တော်။ ချီတုံသော်လည်း။ ထော်လော်စုန့်လုန့်။ မြေမှုန့်မြေကြမ်း။ခရီးလမ်းနှိုက်။

သာချမ်းညှံ့စေ။ လွှဲးဖယ်လေလျက်၊ ပရမေထွန်းပေါ်။ မြတ်နှဘောဉ်ဖြင့်။သျှင်တော်မှန်စင်။ ငါ့သခင်ကို။စက်ရှင်မြုတေ။ကြွသာစေဟု။ဝေးမြေတပါး။ဖဲးနှင့်ရှားၡ၍။ပြန်သွားမငြိး။သဲးမွေနှိုးသည်။ ။ခရိုးသာစွမ္မွန်ပြိတည်း။ ။

၁၃။ ပေါ်လှူပေါ်လှူ။ ညွှန့်သစ်နှုနှင့်။ ရတုသာထွေ။ နွေကားရောက်ပြီး။ဆောင်းအမြိးဟု။ခရိုးလမ်းလျှဉ်။ခက်ချင်းယှဉ်သား။ပင်စည်ဖြူးဖြူး။ ရိပ်စက်ကျူး၍။ ငုံဖူးစိမ့်ို။တချို့ကားပွင့်။ကင်းနှင့်မညံ့။မိုးလျှံသဘွယ်။ဝင်းဝင်းကယ်မျှ။မြိုင်လယ်ရဲးရဲ။အခဲးခဲးတိ။တောထဲးစုံကောင်း။ပန်းအပေါင်းနှင့်။ရွက်ဟောင်းပင်အောက်။ ဖူးသျှောက်လူလူ။ ထွက်စပြုလျက်။ ပျံကြွေးငြေး။ လေညှင်းသွေးသော်။ မွှေးမွှေးရဂုံ။ သင်းနံ့ထုံသို့။ပြောစုံခန့်ချုံး။ ပွင့်ရောင် ဖုံးသည်။ ။တောလုံး ညွှန့်သစ် ဟွန်ပြိတည်း။ ။

၁၄။ ယောဉ်နှယောဉ်နှ။ ရွက်သစ်ပြုလျက်။ ရတုအထိုက်။ ခက်ချင်းဆိုက်၍။အကိုက်ငုံဖူး။ဖြူးရှူးလျှင်။တန်းရူးမပြောင်း။တပေါင်းမကုန်။ပူဟုန်မပြင်း။နှင်းလည်းစဲးစ၊ ကာလသာထွေ။ဆောင်းနွေဆိုးဆမ်း။ ပူချမ်းနှစ်ပါး။ဆွေတော်များတို့။ ဘုရားမြတ်စွာ။ ဖူးအံ့ခါကား။ သာယာသောတိ။ ကြွဘွယ်ရှိစွ။ ခရိုးဆစ်ပိုင်း၊ လမ်းစဉ်တိုင်းတုံ။သစ်ကိုင်းညွှန့်လန်း။ဂနိုင်ပန်းတိ။ထက်ဝန်း ဖြင်မျှ။ ပွင့်လတ်ကြသော်။ ရွှင်ပျမြည့်ရှုန်း။ ပိတုန်းမည့်းနက်။ဝတ်ရက်ယူယူ။ ချစ်မူဘောဉ်နှော။ရဂုံတောဝယ်။ဥဩကျေးငှက်။ယှဉ်ဘက်မကွာ။ဟာသာပဲးထွေး။ သံလေးကျူးဆင့်။ကြွေးရင့်မညံ့။ခုန်ပျံပြေးသွား။တပင်နားလျှင်။ပင်ဖျားပင်ခြေ။ မွှမ်းမွှမ်းထွေထျက်။ စုံမြေရိပ်ကောင်း။ ရွှေမျှားပေါင်းသည်။ ။ဥဒေါင်းမောရတွန်ပြိတည်း။ ။

အာသာယ ကာသတေ ခေတ္တံ၊ဗိဇံ အာသာယဝပ္ပတိ။
အာသာယ-ဝါဏိဇာ ယန္တိ၊သမုဒ္ဒံဓနဟာရကာ။
ယာယအာသာယ တိဋ္ဌာမိ၊သာမေ အာသာ သမိဇ္ဈတု။ ။
ပုနပ္ပုနံ စေဝ ဝပန္တိ ဗီဇံ၊ပုနပ္ပုနံ ဝဿတိ ဒေဝရာဇာ။
ပုနပ္ပုနံခေတ္တံကသန္တိကဿကာ၊ပုနပ္ပုနံဓညမုပေတိရဋ္ဌံ။ ။
ပုနပ္ပုနံ ယာစနကာ စရန္တိ၊ပုနပ္ပုနံ ဒါနပတိ ဒဒန္တိ။
ပုနပ္ပုနံ ဒါနပတိ ဒဒိတွာ၊ပုနပ္ပုနံသဂ္ဂမုပေန္တိ ဌာနံ။ ။

၁၅။ ခန့်ကျုံးသတ္တဝါ။မြဲဟူ့ာလူနတ်။ ပရိသတ်ကို။ အကျွတ်သုံးတန်။ မြိုက်ဆုံး မှန်မှ။ နိဗ္ဗာန် ပြည်ကြီး။ တိုင်စေပြီးသော်။ မင်း * မိုးဓမ္မရာဇ်။ပွင့်သစ်စက်စက်။ ကျော်ဇုန်တက်သား။တုဘက်မဲ့အောင်။တန်းခိုးဆောင်လျက်။ထွတ်ခေါင်ရတနာ။မြတ်လှစွာသည်။သကျာဝတ။သုံးလူ့ဘ။ ။ပွက်ဟာမကျန်။အဘန်ဘန်လျှင်။တောင်းပန်ပါရှောင်း။ ကျွန့်အကြောင်းကား။အရောင်းအရင်း။ငယ်ချင်းကြီးဘက်။တနေ့နက်ဖြင့်။သွားရက်မခြား။ခုနစ်ပါးတွင်။ဗောဓိပင်နှင့်။အသျှင်ဘုရား။မြောက်သားယသော်။မြင်းတော်ကားကဏ်။ညီတော်ဆန်နှင့်။ အကျွန်ကာဋ္ဌု။ကြီးထုရွှေအိုး။သုံးလူ့မျိုးနိုက်။မြတ်နိုးဟနာ။ မေတ္တာမြဲးမြဲ။အသက်နှံ၍။ကောင်းကြီပြီးစီး။ ကောင်းရာမှီးလျက်။ ကောင်းမြီးထိုက်စွာ။ ကောင်းအပ်ပါသည်။ ။ရင်းချာနှီးကပ်မြတ်သတည်း။ ။

၁၆။ စရိုက်စရိုက်။ သုံးဘုံတိုက်တွင်။ ပြိုင်ထိုက်မဲ့ငြား။အထွတ်ထားသည်။ဘုရားရနီ။စောဘုန်းယှိကို။မိတိဘည်စွာ။မြတ်အာသါဖြင့်။ပညာမြင်ကျယ်။ချိးမွမ်းဘွယ်တုံ။နှစ်ဆယ်ရှစ်ပါး။ဂုဏ်အပြားတွင်။မှုထားခြင်းရာ။သမ္ဗာရင့်နှစ်။ကျေးဇူးစစ်၍။ သျှင်ချစ်လက်အောက်။ ခုံကြီးမြောက်လျက်။ ရွှေနောက်

---

*မိုးဟူသည်၊ မိမိုင်းဟူသော ပေါ်ရာဏ စကားမှပျက်လာသည်၊ အကြီးအမြတ်ဟူလို။ ။ဖုန်းစက်မိမိုင်း။ စိုးကြဖ်တိုင်းသ။ စကိုင်းကြီးတောင်။ ။ ရတနာဗိမာန်ကျောက်စာမူလထိုး။

မြောက်တောင်။ထမ်းရွက်ဆောင်က။ချမ်းအောင်စီးပွါး။လူအ
များကို။ သနားမျှော်ရှု။သားတူပြုလျက်။ကြီးမှုမကျယ်။ငယ်မှု
ပျောက်ပေ။ သာကြည်ထွေတိ။ ကျင့်နေမဘောက်။ မြဲးလှ
* စောက်လျက်။ ကျွန်လျောက်ကုံစွာ။ ကွယ်ကာ ရန်မြိတ်။
ကောင်းသည့်စိတ်ဖြင့်။အတိတ်နာဂတ်။ညီညွတ်တိုင်ပင်။ဆင်
ခြင်တိုင်းရှည်။ကြံစည်လုံ့လ။ နေ့ညမကင်း။ စင်းလျင်းမကွာ။
တရံခါနိုက်။အရာရှိမှု။ မည်သူမခန့်။အသက်စွန့်၍။ပွါးပြန့်ရန်
မာန်။အရှင့်ဝန်ကို။မလှန်နောက်တွန်း။ ငြိမ်းစေလျှင်းဟု။ တင်း
တင်းမရှောင်။ ကြိုးအားထောင်သည့်။ ။ရည်ဆောင်မှန်
မချွတ်သတည်း။ ။

၁၇။ အလိုက်အလိုက်။ သုစရိုက်လည့်း။ ကောင်းထိုက်
လျှင်းအောင်။ နောက်နောင်ရေးခွင့်။ ကောင်းစွာကျင့်လျက်။
ကောင်းနှင့်မနား။ ကိုယ့်စီးပွါးနိုက်။ တရားတည်ဖွဲ့။ မောဟ
ဘယာ။ဆန္ဒာဒေါသ။စွန်းရမယှဉ်။သမာဓိနှင့်။ဂတိလေးအင်။ညီ
လျက်ပင်တည့်။ မထင်ရမွှက်။ မကွက် လောဘာ။ မထ မာန်
စောင်။ချောပစ်ရှောင်၍။မင်းခေါင်မင်းဖျား။ မင်းတရားဝယ်။
ခစားတတ်ဘိ။မင်းရိပ်သိက။တရှိမွေးရက်။မတ်ဘွားဘက်ကို။
နှစ်သက်ဝမ်းသာ။ မေတ္တာဆပွါး။ သနားသဖြင့်။ ကောင်းစွာ
ကျင့်ဟု။ချီးပင့်ရာရာ။ကြိုးပေပါ၏။ ရှေးခါမတူ။ ယခုမှုကား။
ချစ်သူကြင်ဘော်။ ပိယသော်နှင့်။ နန်းတော်ရွှေထီး။ ပြည်ကြီး
ကစ။ စွန့်ခဲ့ကြ၍။ သဗ္ဗစက္ခု။ လေးစုသစ္စာ။ ပွင့်ကြောင်းရှာ
သော်။ မြေချာရောက်ဘိ။ ညောင်ဗောဓိတွင်။ ရနိရတနာ။ မ
ဟာဓမ္မရာဇ်။ဘုရားဖြစ်၍။ထစ်ထစ်ထင်ထင်။မြင်ရလတ်ခြင်း။
ချစ်သျှင်ရင်းကြောင့်။ ချက်ခြင်းသူငါ။ ကျွတ်ရပါသည်။ ။
ဗြဟ္မာလူနှင့်နတ်သတည်း။ ။

၁၈။ အမြိုက်အမြိုက်။ မြတ်ရာကြိုက်၍။ ကျွတ်ထိုက်ဖွ
စွာ။ သုံးလူချာဝယ်။ မကွာမကင်း။ ငယ်ကရင်း၍။ သားချင်း

---

* စောက်ဟူသည်၊ပေါ်ရကား၊အကျင့် ဟူလို။

နောင်ဆန်။မြင်းပြူကလော်နှင့်။ မတ်မွန်ကာဋ္ဌ။ တရုတ်ဘွားဘက်။
ပါကောင်း လျက်တီ။ တောထွက်လေရာ။ ဘျွန်ကိုသာသျှင်။
သွားခါမသိ။ ချန်ခဲ့ဘိသော်။ မချိလွမ်းဆွတ်။ သည်းအူပြတ်မျှ။
သိဒ္ဓတ်မည့်ထင်။ ငါ့ချစ်သျှင်ဝယ်။ လူလျှင်လူလျော့က်။ မတ်ကြီး
မြောက်၏။ လွဲဘောက်ထင်ပေါ်။ ရဟန်းသော်လည်း။ သဗ္ဗော်
သုခ။ နိဗ္ဗာနဟု။ ဘဝမပြန်။ နှစ်ဘန်မရှိ။ ဇာတိဇရာ။ ကင်းစင်
စွာသား။ စကြာထံအောက်။ ဘေးမှန်ပျောက်၏။ ထွန်းတောက်
ရှိန်စော်။ ကျေးဇူးတော်ကား။ ကျော်သည့်နှင်နှင်။ စီးပွါးဖြင်၏။
ဆောလျှင်မျက်မှောက်။ အကျိုးရောက်၏။ ကြားလျှောက်နား
တော်။ အကြောင်းသော်မူ။ သုဒ္ဓေါ်ဓိုးမင်း။ မူးချင်ပြင်း၍။ သ
နင်းအဖျား။ တို့ဘုရားကို။ အမျှားမင်းစေ။ သောင်းဓိုလ်ခြေတိ။
ပင့်ပေလှာရ။ ထိုကိစ္စကြောင့်။ နေ့ညမကြာ။ မနေသာခဲ့။ ပုဿ
ထွေပြား။ အပါးပါးဖြင့်။ ရှေ့နားခန့်တန်။ လျှောက်တောင်းပန်အံ့။
စိတ်သန်ကြည့်စွာ။ ဘတကာသို့။ မကြာမတင်။ ကြွစေချင်
သည်။ ။ချစ်သျှင်သုံးလျှုထွတ်သတည်း။ ။

၁၉။ အမှိုက်အမိုက်။ လူ့စရိုက်နှင့်။ နှုန်းထိုက်တုံစွာ။ ပုံ
နည်းနာကား။ လယ်ယာ ကုန်စယ်။ ရောင်းဝယ် သွားလာ။
ကြည်းအားရေကျွမ်း။ အကြမ်းအနု။ ပြုသားအိမ်ထောင်။ ကုန်
အောင်ကြွယ်ချင်။ စီးပွါးမြင်က။ အကြင်သသူ။ ချမ်းပူမစစ်။
လုပ်ဆစ်ကြိုခင်း။ လယ်ကျင်းယာထွင်။ တွင်းတွင်စေ့ပျိုး။ မျိုး၏
အလျှောက်။ ပင်ပေါက်မြစ်တွန့်။ အညွန့်အရွက်။ အခက်အခွံ။
လျှော်ဆံအပွင့်။ မှည့်ရင့်ရွမ်းပြင်း။ သီးကင်းရည်ယူ။ ဟူဟူ
ရာရာ။ ကြိုးပမ်းစွာလျက်။ အာသာယှိန်ရှိုင်း။ ထိုသောတိုင်းလျှင်။
အပိုင်းအခြား။ နေနားမကျန်။ အပြန်ပြန်တည့်။ ဘန်တလဲးလဲး။
စေ့ပျိုးမြဲးသို့။ မကွဲးပမာ။ တောင်းပန်ထွာသည်။ ။သဒ္ဓါလှူလှူ
ညွှတ်သတည်း။ ။

၂၀။ အထိုက်အထိုက်။ ထုံးပုံမိုက်၍။ အထိုက်သင့်ရာ။
ရှိညွှတ်စွာသျှင်။ ပမာချိန်ထောက်။ နားတော်လျှောက်အံ့။ ကျင့်

စောက်စမြို့။ဘဝဘို့ဝယ်။လူတို့အရေး။ အသက်မွေးသား။ အဝေးအနီး။ကုန်ကြီးကုန်ငယ်။ ပင်လယ်သမုဒ္ဒြာ။ ဂင်္ဂါကူးကူး။ ရှာထူးရှာဘွေ့။မနေမနား။ ရင်းပွါးရင်းသန်။ မြတ်သတ်ကျန်က။ ထားပြန်ယူတုံ။ တလုံလဲးလဲး။ တိုက်ထဲးကျီကြ။ ပည်းမှုထွက်ဝင်။ ပစ္စည်းရှင်ဟု။ အုတ်အင်ကုံကယ်။ များစွာကြွယ်လည်း။ သွတ်ယှယ်မည့်။ လုပ်ကြံရှာမှီး။ ကုန်သည် ကြီးသို့။ ကောင်းခြီးအပုံ။ချောက်တုံတုံလျှင်။* ကြေးမုံရတနာ။သုံးလှုချာကို။ တကာဘအား။ တောင်းပန်ကြားသည်။ ။တရားနာ စိမ့်မှတ်သတည်း။ ။

၂၁။ အကြိုက်အကြိုက်။ အခါထိုက်၍။ တိမ်တိုက်မိုးပြင်။ ထက်ကောင်းကင်မှ။ ရောင်ထင်ပြိုးပြက်။ ချိုးချိုးချက်လျှင်။ပျံတက်ကြွားကြွား။ ယုဂန်ဖျားက။ နတ်သားပဇ္ဇုန်။ ကချန်မြူးထူး။ လတန်းရှူးကား။ ဆောင်းဦးတိုင်အောင်။ ရေချမ်းဆောင်လျက်။ နောက်နောင်သောခါ။ မရွာတုံဘဲး။ စဲးသည့်မိုးဟန်။ နှစ်လည်ပြန်က။ ရွာဘန်ကြိမ်များ။ မိုးနတ်သားသို့။ဘုရားသခင်။ငါ့ချစ်သျှင်ကို။သို့ပင်တောင်းပန်။ ကျွန်ုပ်ဝန်ကြောင့်။မဆန်ညွတ်နူး။ကြွပါဦးလော။နဖူးထိပ်မှာ။ ရွှေစကြာကို။တကာမျိုးဆွေ။ ရှုက်ကုန်စေဒုံ့။ သံခြေချိုးမြှောက်။ နားတော် ချောက်သည်။ ။ဝမ်းမြောက် ကြည်စိတ် ပြတ်သတည်း။ ။

၂၂။ တသိုက်တသိုက်။ ပမာဆိုက်၍။ဦးနှိုက်ကြာပွင့်။ ရှိပန်ဆင့်လျက်။ချောက်တင့်အောင်အောင်။ထုံးပုံဆောင်ဒုံ့။ ထွတ်ခေါင်ရနီ။ ရွှေနားချီလော။ သတိသမ္မာ။ ကောင်းစွာဆောက်တည်။ အလှူသည့်တုံ။ စိတ်ကြည်ဖြောင့်လှ။ ခါနိစ္စလျှင်။ဒါနပတိ။အများသိလျက်။ ကြားဘိတုံပေ။ သုနွရေကို။ သက်သေထားထား။တိုင်မှတ်သားလျက်။လေးပါးပစ္စည်း။ဖြင်ပည်းပုံရ။ လှူဝတ္ထုကို။ယခုယခု။ ပေးမှုမကျန်။ပေးပြန်တုံတုံ။

---

*ကြေးမုံဟူသည်၊ပေါ်ရကား၊မှန်-ဟူလို။

ပေးမျှားကုန်သော်။ထက်ဘုံမြင့်စွာ။ နတ်တို့ရွာနိုက်။ ပျော်ရာ
စည့်းစိမ်။ အကြိမ်ကြိမ်လျှောင်။ချမ်းငြိမ်သုခ။လွန်ရွှင်ပသား။ စံ
ရအမြဲး။ မချွတ်လွဲးတည့်။မကွဲးပုံတူ။တောင်းပန်သူလည့်း။အ
ယူအာသာ။ ကြိုက်ရာရာဖြင့်။ ကြောင်းချော ဝမ်းဝယ်။ဆိုဘွယ်
ဘွယ်ကို။ ဆုန်းကြွယ်မြတ်တွင်။ ဈောက်ရကျင်မှ။ အကြင်
သတ္တဝါ။ ဆွေတကာနှင့်။ ပြဟ္မာသိကြား။ နတ်များ သူငါ။
ချမ်းသာသုံးပါး။ ပြန့်စိုးပွါးသည်။ ။တရားမွန်လှတတ်သ
တည်း။ ။

---

ဝိရော ဟာဝေ သတ္တယုဂံ ပုနေတိ၊
ယသ္မိံ ကုလေ ဇာယတိ ဘူရိပညော။
မညေမဟံ သက္ကတိ ဒေဝဒေဝေါ၊
တယာပဟိ ဇာတော မုနိ သစ္စနာမော။ ။
သုဒ္ဓေါဒနော နာမ ပိတာမဟေသိနော၊
ဗုဒ္ဓဿ မာတာပန မာယာနာမယာ။
ဗောဓိသတ္တံ ပရိဟာရိယကုစ္ဆိနာ၊
ကာယဿ ဘေဒါ တိဒိဝသ္မိံ မောဒတိ။ ။
သာ ဂေါတမီ ကာလကတာ စုတာ၊
ဒိဗ္ဗေဟိ ကာမဂုဏေဟိ သမင်္ဂိဘူတာ။
သာ မောဒတိ ကာမဂုဏေဟိ ပဉ္စဟိ၊
ပရိဝါရိတာ ဒေဝဂဏေဟိ တေဟိ။ ။

၂၃။ မဟေသိနော်။ဘဝဂ်ကျော်၍။ဂုဏ်တော်ကိုးပါး။
အံ့ဘွယ်ချွားလျက်။ဘုရားရတနာ။မြတ်ဖွာစွာသား။ သစ္စာလေး
မည်။ရောင်ခြည်ထွန်းလျှံ။ကိုယ်ဟန်ပလင်း။ပြောင်ပြောင်ဝင်း
မျှ။သတင်းအပေါင်း။ကျေးဇူးကောင်းတိ။ တသောင်းလောက
ဓါတ်။ လူနတ်ပြဟ္မာ။ သတ္တဝါကို။ ပြည်သာနိဗ္ဗာန်။ ခရီးညွှန်
လျက်။ သုံးတန်ဘုံကြီး။ ရှေကဆီးလည်း။ လမ်းသီးထုတ်ချင်း။

စိုးပိုင်နင်း၍။သေမင်းမျှော်ကာ။မဖြစ်သာသား။ခေမာသုခ။အမတသို့။ရောက်ရကုန်စေ။ဖို့တတ်ပေသည်။မြို့တေတမွတ်။သုံးလူ့နတ်။ ။ရှိညွတ်နိမန်။ချောက်တောင်းပန်အံ့။ချို့ဗန်ကြက်သရေ။ထွန်းတက်နေသို့။ ပရမေဘုန်းပေါင်း။ ရွှနားညောင်းလေ့။ အကြောင်းတည့်ထွင်။ ရှိဦးတင်အံ့။ မျက်မြင်ဘဝ။ဤလောကန္တက်။ဖြစ်ကြထူးခြား။ လူအများတွင်။ ကပါးအယူ။အကြင်သူကား။ပေးလှူကြမ္ဗာ။သံသရာက။ပါပါသောလျောက်။ချမျက်မှောက်တွင်။လောက်သည့်ပစ္စည်း။ ဖြင်ပည်းပုံယင်။အုပ်အင်ခမ်းနား။ သက်ဆက်စားလည်း။ များသည့်အတိုင်း။ ဥစ္စာစိုင်ကို။ ကုန်နိုင်မစိုး။ ကြွယ်လှန်းလျက်။ ကောင်းကျိုးမရှာ။ ဆွေတကာနှင့်။ဆရာမိဘ။မျိုးထိုမျှကို။ဝေဌကုသိုလ်။သပြိုဟ်သဖြင့်။ထောက်ပင့်မရှိ။ဒိဋ္ဌိအယူ။မည်သူမကြင်။ထွက်ဝင်မမြို့။မြားမြောင်ခဲ့ဟု။ ရှိမဲ့တိုရှည်။မှိုသည့်ရေးရာ။ပျူဌါရောဖွမ်း။သာချမ်းနှုတ်ထွက်။လေးနက်ပညာ။ ကောင်းရာမဆံ။ ပေါ့ကြီတွန့်တို။ကိုယ်ဘို့ပိုင်ကာ။ပြိတ္တာအနိုင်း။ ပန်းတိုင်းအတူ။တောကြက်ဆူလျှင်။လူလူအပွင့်။ဆိုင်းဆိုင်းတင့်လည်း။မှည့်ရင့်သီးခြောက်။သူမကောက်သား။ပင့်အောက်ကြွေကာ။ ထိုပမာသို့။ အရာမသိ။ မြေးဘိမောဟ။ * ကုံငပါသည့်။ မမည်ခဲ့လျှင်း။ နောင်ကြွင်းသားမြေး။ ချီးမွမ်းဝေး၍။ မပေးအလှူ။ ကျင့်မိတ်တူသည်။ ။ထိုသူအကျိုးနည်းစွာတည်း။ ။

၂၄။ မပြတ်မပြတ်။ဖြည့်သည်ဝတ်ဖြင့်။လျောက်ပတ်ခြင်းရာ။ဗိုလ်တကာတို့။မှိုရာမှန်လှ။ချိုဩဇတိ။တက်မစွဲးကိုင်။မျှော်ရှုနိုင်သား။ စွမ်းခိုင်ခွန်အား။ ပွဲသမားသို့။ ခမ်းနားအုပ်အင်။လောက်ငံ့ဖြင်သား။ မျိုးတွင်ထွန်းပြား။ လူသိကြားမှု။ အများကြီးကျယ်။ကောင်းကြွယ်ကုံငံ။ မြောက်မြားကလျှင်။ နိမ့်ကျမျိုးဆွေ။ရှိလေရာရာ။စီးပွါးရှာ၍။ဆရာဦးထား။ဘိုးဘွားသက်

* ကုံငဟူသည်၊ပေါရဏ၊ ပြည့်စုံသည်ဟူလို။ ။မဟာသီလဝသ်။ထေရ်ကုံငလျှင်။မဆွရှေးစို။ကျောင်းရိပ်ခိုသ။ ။ရတနာဗိမာန်ကျောက်စာမူလထိုး။

ကြီး။ဦးရီးဘထွေး။ချစ်ရေးကြည်ညို။ အစ်ကိုနှမ။မိဘအလျဉ်။ သားစဉ်မြေးဆက်။ နွယ်ရှက်မတော်။ သူစိမ်းသော်လည်း။ ပေါင်းဘော်ရရ၊ အာမိသဖြင့်။ ဝေ၄ပစ္စည်း။ သိမ်းဆည်းကြည့်ရှု။သပြိုဟ်ပြုလျက်။အမှုကြီးငယ်။ ချမ်းအောင်ကယ်၍။ ကိုးကွယ်ချီချ။ ရိပ်ခိုရလျက်။ ဧးမြပျုံ၄န်။ သရက်ခန်လျှင်။ လေသွန်ညင်းညင်း။ထိလေလျှင်းက။ ပင်ချင်းလှိုင်ပေ။ ကြိုင်နံ့ဝေသို့။မိဆွေဘမျိုး။ အရိုးမပျက်။ချနစ်ဆက်ကို။ ပွါးတက်စေကြောင်း။တယောက်ကောင်းသော်။သိန်းသောင်းကုဋေ။ပြီမ်းကုန်လေသည်။ ။ကျင့်ထွေသူမြတ်လိမ္မာတည်း။ ။

၂၅။ တလတ်တလတ်။ ဘာသာချွတ်၍။ စိတ်မြတ်မပြု။ ကျင့်လျစ်လျူလျက်။ အယူထွေပြား။ သူတပါးတုံ။ သိကြွားလိမ္မာ။ပေစာကျမ်းဂန်၊တတ်ပွန်အထူး။ ကျေးဇူးအနှက်။ နှုတ်လက်အညီ။ အစီအလျဉ်။အစဉ်အတိုင်း။ * ထုံးပိုင်းမချန်။မြန်သန်သောတိ။ မိမိဂုဏ်အင်။ ယှဉ်ပါကျင်လည်း။ မသင်မကြား။ အမျိုးသားကို။ စီးပွါးမရှာ။ လူတကာအား။ ပညာမ၄။ ဆုံးမမဆို။ ဝန်တိုကဲ်တ်နှက်ပို။က်ထားဇှက်မူ။ ခက်လက်မဖြာ။ မြင်ဆန်းသာလျှင်။ပမာနှိုင်းဆ။ ရိပ်မျှမကွယ်။ အုန်းထန်းနွယ်လျှင်။ မကျယ်သူအား။ အယူမှားလျက်။ တရားမဖြည့်။တတ်ပါလှည့်လည်း။ ဟုတ်တည့်မထင်။ကျိုးမမြင်၍။ ဂုဏ်အင်မပေါ်။ချွားမကျော်သည်။ ။နောင်သော်မပွါးပညာတည်း။ ။

၂၆။ အတတ်အတတ်။တုမဲ့လွတ်၍။ကျင့်မြတ်သည့်ကို။ ဝိနည်းရိုရှိဖြင့်။ မဂ်ဖိုလ်လမ်းကြောင်း။ ထွင်ပေရှောင်းသား။ ရှစ်သောင်းလေးထောင်။နှို့အောင်ရှာမှီး။ပညာကြီးနှင့်။ထုံးတီးနည်းနာ။ခဲ့ရာရာတွင်။ ဆရာမြောက်ဖွ။ အာသာဘဟု။ ဂုဏကျယ်လှိုင်း။သိမြင်တိုင်းကို။ထုံးပိုင်းမချန်။ အားလုံးသွန်လျက်။ တတ်ပွန်စေချင်။ပညာရှင်မူ။ဝမ်းတွင်မထား။တပည့်သားကို။

* ထုံးပိုင်းမချန်-ဟူသည်။ ပေါရာဏ၊အကျန်အကြွင်း မထား—ဟူလို။ ထုံးပိုင်းမချန်။မေတ္တာသွန်ခဲ့။ ၉—ခန်းပျို့။

သင်ကြွားစာပေ။အဌေဝေ၍။ ဆိုထွေနည်းနာ။ အဖြာဖြာကို။ ဘာသာခြေင်။ အလာခံလျက်။ထုံးစံမိပ္ပါယ်။ အလွယ်အခက်။ လျှို့ဝှက် မယှို။ ဓိတိ တည့်စွာ။ လူတကာကို။ ခိုရာ ရိပ်ထီး။ ပညောင်ကြီးလျှင်။ ခရီးလမ်းစ။ အချက်မနှိုက်။ မွမ်းမှုခက်သက်။သီးရွက်ပြည့်စုံ။ငြိမ်လှတုံသော်။ *အပုံသတ္တဝါ။မှီတင်းရာသို့။မေတ္တာစိတ်ကြည်။ပညာသည့်လည်း။ကြံစည်မရွေး။ ငှဝေပေးက။လွန်ရှေးနောင်ဆက်။ စဉ်မပျက်တည့်။ ပွါးတက်အောင်အောင်။ဥဒါန်းဆောင်သည့်။ ။ထွတ်ခေါင်စီးပွါးချမ်းသာတည်း။ ။

၂၇။ အမှတ်အမှတ်။ လောကဝတ်နှိုက်။ယုတ်မြတ်ကျိုးကြောင်း။ကောင်းမကောင်းဟု။အပေါင်းကျေးဇူး။ထူးကြွဂုဏ်အင်။လူတို့တွင်နှိုက်။ဖြစ်တင်ချီးမွမ်း။နှုကြမ်းနှစ်ပါး။ ထွေပြားဖြစ်တိ။ ဤသို့ယှို့ရှင့်။ မုနိရတနာ။ ပညာအထွတ်။ တုမဲ့လွတ်သား။လူနတ်ဆရာ။သုံးလူ့ချာလျှင်။ ဩက္ကာမုခ။စသည်နွယ်ရိုး။ဆက်ကာစိုးလျက်။မင်းရိုးမင်းကျော်။ဘာသုဒ္ဓေါ်နှင့်။ မယ်တော်ဘုန်းယှို။သိရိမဟာ။ မေတ္တာမြဲအောင်။ ချစ်ထုံးနှောင်၍။နန်းဆောင်ရိပ်ကျယ်။ခြွေဘုံလယ်တွင်။ မပြယ်ကြွင်းသက်။ မြတ်စုံမက်ရှင့်။ ဝိပါက်ကြွမ္ဗာ။ဖြစ်မြဲရာကြောင့်။ အချာပရမေ။ စောသန္ဓေကို။မြူတေမျက်နှာ။မြင်ခဲ့ကာလျှင်။ခန္ဓာဓာတိ။လှဲ့ကြွဘိ၍။ သိရိဝင်းဝင်း။ ထွန်းရောင်ဆင်းဖြင့်။ စိုးမင်းမယ်တော်။ စံလေပျော်သည်။ ။ခြောက်ဘော်မိုးထိပ်နတ်ရွာတည်း။ ။

၂၈။ အမြတ်အမြတ်။ မိုးထက်နတ်သို့။ နေမှတ်မွမ်းဖြင်။ သာကိဝင်တို့။ စည်ပင်ဌာန။ ကပိလတွင်။ မွေးဘမင်းကျော်။ စောသုဒ္ဓေါ်နှင့်။ မယ်တော်မျိုးရှက်။ ဆွေစဉ်ဆက်ကို။ မပျက်စေချင်။ မဂ်ရေရှင်ဖြင့်။ သုခ်သင်ညစ်ကြေး။ စင်ကြယ်ဆေးလျက်။ သေဘေးလွတ်ရာ။ မြိုက်ချမ်းသာကို။ ကယ်ပါပို့မိ။ ဆွတ်ပါဘိလော။ ဓာတိရပ်သာ။ထိုပြည်မှာလျှင်။ တကာဆွေ

* အပုံ-ဟူသည်၊ပေါ်ရာဏ၊အများဟူလို။

များ။လူ့အပြားကို။ တရားထွတ်ခေါင်။ မြိုက်လက်ဆောင်ဖြင့်။ ငအောင်အမျှ။ဝေတုံမှတည့်။ အားရလှလှ။သဗ္ဗညုကို။ ကာဋ္ဌုဒါယီ။ဆောင်ခဲ့ပြီဟု။ဦးချီစွင့်စွင့်။ကြာနှယ်ပွင့်လိမ့်။ တို့ဘျှင့်အကြောင်း။ သိချင်ရှောင်းသည့်။ ။ရှစ်သောင်းမင်းဖျားတကာတည်း။ ။

၂၉။ အထွတ် အထွတ်။ မြတ်ထက် မြတ်သား။ လူ့နတ်ကြေးမုံ။ ခပ်သိမ်းစုံကို။ ဖုံဖုံမကြွင်း။ မြင်တော်ခြင်းသည့်။ သနင်းသုံးလူ့။သဗ္ဗညုကား။ စက္ကုဉာဏ။ သမန္တဟု။ ဆုံးစတိုင်တိုင်။သိနှံ့နိုင်သား။ပည်းလိုင်ဂုဏ်အင်။ ကျေးဇူးရှင်ကား။ အကြင်မျိုးဆွေ။ လူမိုလ်ခြေနှင့်၊ သဗ္ဗေသတ္တာ။ သတ္တဝါတို့။ မိဿာဒိဋ္ဌိ။ ယူမှားယှိလျက်။ မှောင်တိဖုံးလွှမ်း။ မောဟပြွမ်း၍။ အကြမ်းခက်ထန်။ မာန်လည်းမကျိုး။ကျင့်ရိုးမညီ။မမှီကောင်းရာ။ မသဒ္ဓါသား။ပညာနည်းလှ။လူထိုမျှကို။ဆုံးမတတ်နေ။ကောင်းယဉ်စေလျက်။ မြုတေအကျော်။ ဆယ်ပါးသော်ကား။ ဂုဏ်တော်အလျောက်။ သဘောပျောက်၍။အရောက်နိဗ္ဗာန်။ခရီးညွှန်လျက်။ကဲးလွန်ဆပွါး။လူလေးပါးထက်။ ထိပ်ဖျားဦးစွန်း။ တုမဲ့ကျွန်းသား။ ရောင်ထွန်းသစ္စာ။ သတ္ထိဒါဟု။ပညာမျက်စိ။ မြင်တတ်ဘိသည့်။ ရနိသကျ။ ဂေါတမလျှင်။ ကြွလော့ပြည့်ဟောင်း။ ပန်ထွာတောင်းသည်။ ။အပေါင်းလူနတ် ဆရာတည်း။ ။

---

အမ္ဗာ ပနသာ ကပိဋ္ဌာစ၊ ပုပ္ဖပလ္လဝလက်တာ။
ရုဝပ္ဖလာနိ သဝဏ္ဍိ၊ချုဒ္ဒါမရကကူပမာ။ ။
သေဝမာနော ဥဘော ပဿေ၊ဂန္တုံ ကာလောမဟာယသ။
ဇမ္ဗူ သုမရုရာနိပါ၊မရုဂတ္တိ ဒိဝပ္ဖလာ။ ။
တာ ဥဘောသု ပဿောတဏ္ဍိ၊ဂန္တုံ ကာလော မဟာယသ။ ။
တိတ္တုကာနိ ပိယာလာနိ၊ သောဏ္ဏဝဏ္ဏာ မနောရမာ။
ချုဒ္ဒကပ္ပါ ဖလာ နိစ္စံ၊ဂန္တုံ ကာလော မဟာယသ။ ။

ကာဒလိပဥ္စမောစ္စိစ၊သုပက္ကာ ဖလာဘူသိတာ၊
ဥဘော ပဿေသု လမ္ဗန္တိ၊ဂန္တုံ ကာလော မဟာယသ။ ။

မဓုဖလဓရော နိစ္စံ၊ဟောမရုက္ခာ မနောရမာ။
ဆန္ဒကပ္ပါ ဖလာ နိစ္စံ၊ဂန္တုံ ကာလော မဟာယသ။ ။

ဟိန္တာလ တာလပန္တီစ၊ရဇတက္ခန္ဓာဝ ဓောတရေ။
သုပက္ကဖလ သဉ္ဆန္နာ၊ဆန္ဒကပ္ပါ မဓုဿဝါ။
ဖလာနိ တာနိ ခါဒန္တော၊ဂန္တုံ ကာလော မဟာယသ။ ။

ဥဒုမ္ဗရာ ရုဏာဝဏ္ဏာ၊သဒါ သု မဓုရပ္ဖလာ။
ဥဘော ပဿေသု လမ္ဗန္တိ၊ဂန္တုံ ကာလော မဟာယသ။ ။

ဇုဇ္ဇန္တ။တာ အနေကာ တေ၊နာနာဖလဓရော ဒုမာ။
ဥဘော ပဿေသု လမ္ဗန္တိ၊ဂန္တုံ ကာလော မဟာယသ။ ။

၃၀။ မဟာယသ။မြတ်လှခြိရုံ။သပ္ပါယ်စံ၍။မဆုံပြိုင်တု။ကြေးမုံပြုလျက်။ဗဟုဒေဝါ။ပြဟ္မာသိကြား။နတ်အများနှင့်။တရားအမြိုက်။ ကျွတ်ထိုက်သသူ။ လူလည်းကုန်အောင်။ပွဲကြီးဘောင်နိုက်။ဩတောင်ဂီဝါ။ရတနာလျှင်။ ဆည်းဆာနှံ့ကျူး။ချုပ်မူးမူးဝယ်။ တိမ်ဦး မိုးရှောက်။ ဝင်းဝင်း တောက်က၊ပျောက်လေမှောင်တိ။ ထွန်းလျှံညီသို့။မယှိုပြိုင်ဆွယ်။လွှန်တင့်တယ်လျှက်။ သုံးဆယ်နှစ်ထွေ။မြူတေဆင်းဝါ။လက္ခဏာနှင့်။ဆယ်ဖြာပါရမီ။ပြည့်ညီဖြိုးဖြိုး။ ထွတ်ခေါင်ဖိုးသည်။ နွယ်မျိုးမြတ်လှ။ရနိန္တ။ ။ကြွလော့ငြည်တော်။ဘသုဒ္ဓေါ်သို့။ ဖူးမြော်ကောင်းစွာ။ဤအခါကား။ ပျော်သာလှမှု။ မျှော်ကြည့်ရှုသော်။ရတုခြောက်ပါး။ထိုအပြားတွင်။မှတ်သားစကြ။ဝသန္တဟု။ကာလသရစ်။ရောက်သည်ဖြစ်၍။ ညွန့်သစ်ဖွေဖွေ။ရွက်လဲကြွေမှု။ပင်ခြံမွမ်းမှု။ ယော်ရွက်ဘုလျက်။ မြမြလန်းစင်။ပန်းသစ်ပင်တိ။သီးချင်ရဲရဲ။ ပွင့်မဲ့စဲးသား။ ၊ ရွှဲရင်ကမ်း။ ငင်ပြွမ်းသစ်ရော။ကြောင်လျှာသပြက်။ တိမ်းညက်ချေအင်။ ပြည့်စင်ခံသီး။ လုံး

ကြိုးရင်ခတ်။ သတ္တတ် ဇအောင်း။သင်ပေါင်းဇက်အုပ်။ လက်ချပ်မဒုရ္။ မှန်ကူ ပိတ်ချင်း။ အင်ကြင်း ဆင်းဝါ။ မာလကာ သစ်တက်။စုံကွမ်းရွက်နှင့်။ပျားယက်မတူ။ ကြံဖြူအတိ။ ပေါက်ဘိပေါယယ်။ဆန်းကြယ်သစ်ဆိမ့်။ချမ်းငြိမ့်မြေစို့။ဇေးချိုမြမြ။ပည့်ဖြင်မျှလျှင်။ယူကြည့်ဝတ်ချိုး။ ကနစိုးလည်း။ ခက်ရိုးသွယ်သွယ်။ ချစ်ဘွယ်မပြတ်။ပင်လုံးကျွတ်လျှင်။ရိုညွတ်ကြည့်စွာ။သုံးလှုချာကို။ သဒ္ဒါဖြစ်ခြင်း။ သီးကုန်လျှင်းသည်။ ။ခိုင်ချင်းဖြိုကာဖြိုကာတည်း။ ။

၃၁။ အစိုင်အစိုင်။သီးထုဖြိုင်၍။ဦးကိုင်ဗဟို။ချမ်းရိပ်ခိုသား။ပုဂ္ဂိုလ်များထွတ်။သုံးလူနတ်လျှင်။နေမှတ်ပြည့်ဟောင်း။ဆွေရှစ်သောင်းသို့။ စုံပေါင်းဖူးမည့်။ ကြွအံ့သည့်ဟု။ အရည်ပျားထက်။ ချိုဇေးမြက်သား။ သရက်ရွှေခဲ။ သီး၍ဆွဲးသို့။ ပိန္နဲးဌက်ပျော။ ကလောနွယ်ချို။ သစ်တိုရှမ်းဆီး။ တည်သီးပင်က။ ပရမသဖန်း။လင်းလွန်းသပြေ။ ခြေသည့်တလည်း။ မန်ကျည်းထောက်ရှာ။ ကမ္ဗလာနှင့်။ မဲးပြာမှန်တော့။ ကစော့မှက်ခတ်။ သပွတ်လင်းရှော။မင်းပေါသစ်နီ။ သတိသတ္တတ်။ ချိုမြတ်သစ်ဆိမ့်။ခရမ်းပိမ့်ရွှေဝါ။သကာမတန်။ ကြို့နှင့် လွှန်လည်း။တသွန်ခါနှင့်။ အကြိုက်သင့်လျက်။ မှည့်ရင့်ရွှမ်းပြင်း။ သီးထွေကင်းသည့်။ ။ခြင်းခြင်းနီကာနီကာတည်း။ ။

၃၂။ အဖြိုင်အဖြိုင်။ခက်ချင်းဆိုင်၍။ဆွတ်ကိုင်ယူကာ။အဖြာဖြာလျှင်။ရှုသာမငြီး။အစဉ်မှီးလျက်။ခရီးအကြား။ နှစ်ဘက်နားနိုက်။ထွားထွားညွန့်ရွက်။ သီးချင်းရှက်သား။ ပင်ထက်မစဲး။ အခဲးခဲးတိ။ ဥန္နဲးရေမြုပ်။ မျောက်လုပ်စောင်းလျှား။သဖန်းခါးနှင့်။သျှိသျှားကြစေ့။အိပ်မွေ့ကြရ။ ကက္ကုသစ်ဒုရ္။ လျှော်ဖြူမှန်လျှင်း။ ကံပြင်းကျွေးချောက်။ ခပေါက်ရဲးယို။ကနစိုခရမ်း။ စင်ပြွမ်းလဲးလော်။ သစ်တော်ကျွဲးကော။ မင်းဘောရွက်ဟုံ။ကင်းပုံကျီးအာ။ သမ္ဘာရာနှင့်။နွေခါသရစ်။ ဥသျှစ်သခွါး။ စားလည်းမငြီး။ ထိုသစ်သီးကို။ ဘုန်းကြီးသုံးလူ။သဗ္ဗညူလျှင်။ သွားမှုပျော်

ကြောင်း။ထေရ်နှစ်သောင်းနှင့်။လူကောင်းသမွာ။နောက်တော်ပါသား။ မျှားစွာ ဗိုလ်ခြေ။ သုံးစွဲးစေဟု။ ဆိုထွေ သော့သား။ တောပြားစုံမြေ။ညွှာရင့်ကြွေလျက်။ဖြည်းလေညင်းညင်း။သစ်ခပင်းတို့။ဖျားရင်းမလွတ်။ပင်တိုင်းညွတ်သည်။ ။ဟ္မမ်းဆွတ်မိကာမိကာတည်း။ ။

၃၃။ အသိုင်အဆိုင်။ရိုးတိုင်ခံက်ဆင့်။ နိမ့်မြင့်ကြီးငယ်။ အုံ့ဘွယ်ဘွယ်လျှင်။ တောလယ်နှံ့အောင်။ သိန်း သန်း ဆောင်သည့်။ရွှေရောင်ပျားရည်။သစ်မည်စည့်သို့။ ရေကြည်ခပေါင်း။ လမ်းမ ကြောင်းဝယ်။ စားကောင်း သည်ချည်း။ တောင်တလည်းနှင့်။စရည်းအိမ်ဆီး။ကြိမ်သီးပယ်လင့်။ဆူးချင့်သင်းတွဲး။ ရေနဲ့းစရို။ ဓါတ်ပွိုလ်ခံစပ်။သနပ်ဂုံခါး။ သစ်ကြားသစ်အယ်။ ပေါယာသ်ဖြင်ညီး။ ပင်တိုင်းသီး၍။မြိုင်ကြီးတောခွင်။ယှိတိုင်းပင်လျှင်။ အကြွင်ကျေးငှက်။ တက်သက်ပျံနား။စားလည်းမဝ့်။ လွန်ကြောက်ရွံ့လျက်။ အလွှံ တန်းခိုး။ သုံးလူမျိုးကို။ မြတ်နိုးကော်ရော်။ ပူဇော်ကောင်းငြိး။ ရည်၍သီးဟု။ ခရီးအကြား။ လမ်းစဉ်ပါးနိုက်။အပြားပည်းလှိုင်။ ဆွတ်မနိုင်သည်။ ။ပင်ခိုင်မှိကာမှိကာတည်း။ ။

၃၄။ အခိုင်အခိုင်။သီးထုလှိုင်၍။ ဆွတ်ကိုင်လှမ်းမီ။ အရွှေသီသို့။တစီတလျှဉ်။ တစဉ်တမ။ ဖြင်ပေါမျှလျက်။ ကာလမမှတ်။ ပင်လုံးကျွတ်တိ။ ခိုင်ပြွတ်ရွှမ်းမှည့်။ ခက်ချင်းပြည့်မျှ။ ရှုကြည့်အုံ့မူး။ပြူးရရူးသား။ပင်လူးဟုံဟုံ။ဝါးရုံဝါးဖျား။ သားရရားလျှင်။ညွှန့်ဖျားကျိုင်းကျိုင်း။ဆိုင်းရရှိုင်းသား။အင်တိုင်းအင်ပြင်။သစ်စေးပင်တိ။ကညင်သလူ။ ပေပြူခနွန်း။ကွမ်းထန်းအုန်းလည်း။ခက်ဆုံးတညီ။ ငွေပွင့်စီသို့။ ရွှေဆီတူရူ။ သွားတော်မူသော်။ မပြုနေရောင်။ သာငြိမ်းအောင်တည့်။ မြူမှောင်မချဉ်း။ ရှင်းရရင်းတိ။ လေညင်း ဖြည့်ချောက်။ ရွက်ကြားလျှောက်သည်။ ။ပင်ရောက်ညီကာညီကာတည်း။ ။

၃၅။ အလှိုင်အလှိုင်။ဖျားရင်းတိုင်၍။သီးခိုင်ရွက်ထဲ။ရှိုး
ရှိုးရဲ့တိ။ ရွှေခဲ အဆင်း။ တဝင်းဝင်းလျှင်။ တောတွင်း ဂနိုင်။
ပြိုင်၏ ရတု။ ပျော်မှု သဘင်။ အင်တိုင်းပြင်နှင့်။ မြိုင်ခွင်တ
ချောက်၊ စခန်းထောက်က။ ဝမ်းမြောက်ကြည်စွာ။ နောက်
တော်ပါသား။ သယ်ာအပြား။ လူအများတို့။ နေနားချမ်း။ ပန်း
စိမ့်တဲးဖြင့်။သလဲးပြုရောင်၊ လမ်းမဘောင်နိုက်။ အခေါင်ဘုန်း
ကြွယ်။ သွားစမွယ်က။ခြောက်သွယ်ညီးညီး။ အလျှံစီးမျှ။ ခရီး
မြေပြင်။ ရွှေရည် ကျင်သို့။ လူတွင်မြတ်ခြင်း။ တရားမင်းဟု။
သည်းတွင်း ဆွတ်ဆွတ်။ ပီတိညွတ်လျက်။ လူ့နတ်စိတ်ဇော။
သဒ္ဒါပြောသည့်။ ။ဖြင်ပေါသိကာသိကာတည်း။ ။
၃၆။ အတိုင်အတိုင်။ချမ်းရိပ်မြိုင်ထက်။ရွှာပြိုင်စပ်ကာ။
ယူဇနာတိ။ သချာခြောက်ဆယ်။ ဝေးခွန့်ကျယ်သား။ သွား
ဘွယ်မပန်း။ လှုထိပ်စွန်းကို။ ကြဌန်းမွေးဘာ။ ဆွမ်းတော်သ
လျက်။ချိစမှန်၍။ ထွက်သည့်နေ့နိုက်။အလေ့ဘိတ်ခံ။ ကျွန်ုပ်ပျံ
၍။ကျိုးနွံလုပ်ကျွေး။ဘုဉ်းပေးတင့်ခေါင်။သပ္ပါယ်အောင်လျှင်။
ပြောင်ပြောင်တောက်ပ။ရပ်ဌာနသို့။ကြွလောဘုရား။ တပည့်
သားနှင့်။အများချမ်းသာ။စီးပွါးရှာစိမ့်။ သကျာဝတ။မျိုးထိုမှ
၏။ပွဲးမရှေ့နိုက်။တိမ်ဖျားဆိုက်သား။ ယမိုက်မြတ်စွာ။ ပြာဋိ
ဟာကို။အံ့အာထူးကဲ။ ရောင်ရှိန်ခဲဖြင့်။ ရဲရဲသွားစံ။ မိုးစကြံ
ဝယ်။ထွန်းလျှံမီးဟန်။ ဆွေမျိုးမာန်အား။ ပြင်းထန်ဘုန်းဆိပ်။
ပယ်နှိမ်နှိပ်လျက်။ချမ်းရိပ်ဌဝေ။ချွတ်ရစေဟု။ ပရမေဘုန်းတူ။
ဆန့်တော်မူက။တယူဇနာ။ တခါချက်ရောက်။ တရိုးသောက်
သည်။ ။ကွန်းထောက်ချိကာချိကာတည်း။ ။

ဥတုသုံးပါးတွင်မြတ်စွာဘုရားကြွတော်မူသောအခန်းသည်ကား၊ ဂိမ္ဟန္တ
ဥတု ဖြစ်သောကြောင့်၊ အစီအလျှဉ်ဆိုသောအတိုင်း ပြည့်စုံ၍၊ ကြည်းတွင်
ရောက်သောသစ်ပင်တို့သည်။ ဘုရားသခင်ကိုကြည်ညိုရှိညွတ်စွာ အခါခပ်
သိမ်းထက်ကဲ၍ သီးလင့်ကုန်သောအခန်းတည်း။

စမ္ပကာ သလဋ္ဌာ နာဂါ၊ သုဂန္ဓာ မာလုတေရိတာ။
သုပုပ္ဖိတဂ္ဂါ ဗောတင်္ကံ၊ သုဂန္ဓေနာဘိပူဇယုံ။
သာဒရာ ဝိနတာ နေဝ၊ ဂန္တုံ ကာလော မဟာယသ။ ။
ပုန္နာဂါ ဂိရိပုန္နာဂါ၊ ပုပ္ဖိတာ ရေဏိရူဟာ။
သုပုပ္ဖိတဂ္ဂါ ဗောဘင်္ကံ၊ သုဂန္ဓေနာဘိပူဇယုံ။
သာဒရာ ဝိနတုဂ္ဂဂ္ဂါ၊ ဂန္တုံ ကာလော မဟာယသ။ ။
အသောကာ ကောဝိဠာရာစ၊ သောမနဿာ ကုရာဝရာ။
သုဂန္ဓာ ကဏ္ဏိကာ ဗန္ဓာ၊ ရတ္တဝဏ္ဏေဟိ ဘူသိတာ။
သာဒရာ ဝိနတုတ္တတာ၊ သမယော တေ မဟာယသ။ ။
ကာဏိကာရာ ဖုလ္လိတာ နိစ္စံ၊ သောဝဏ္ဏရံသိ ဗောတကာ။
ဒိဗ္ဗဂန္ဓာ ပဝါယန္တိ၊ ဒိသာ သဗ္ဗာနိ သောဘယံ။
သာဒရာ ဝိနတာနေဝ၊ သမယော တေ မဟာယသ။ ။
သုပဏ္ဏာ ဂန္ဓသမ္ပန္နာ၊ ကေဗုကိ မန္ဒကေဗုကိ။
သုဂန္ဓာ သံပဝါယန္တိ၊ ဒိသာသဗ္ဗာဘိ ဂန္ဓနော။
သာဒရာ ပူဇယန္တာဝ၊ သမယော တေ မဟာယသ။ ။
မလ္လိကာ ဇာတိသုမနာ၊ သုဂန္ဓာ ချန္ဒမလ္လိကာ။
ဒိသာသဗ္ဗာ ပဝါယန္တိ၊ ဥဘော မဂ္ဂံ ပဿော ဘယံ။
သာဒရာ တေ ပလမ္ဗန္တိ၊ သမယော တေ မဟာယသ။ ။
သိန္ဓုဝါရာ သိတ ဂန္ဓာ၊ သုဂန္ဓာ မလုတေရိတာ။
ဒိသာသဗ္ဗာဘိ ပူဇေန္တိ၊ ဥဘော မဂ္ဂေ ပဿော ဘယံ။
သာဒရာ ဝိနတုဂ္ဂဂ္ဂါ၊ သမယော တေ မဟာယသ။ ။

၃၇။ ရောက်ရာဗုဒ္ဓဟော။ ဦးထိပ်ပွေ့နိုက်။ လွန်လေရှေးကာ။သုံးလူ့ဘတို့။ သဗ္ဗစက္ခု။လေးချသဗ္ဗာ။ သန္တိဒါဟု။ ပညာဉာဏ်ရှင်။ ဗောဓိပင်နိုက်။ ပလ္လင်ရတနာ။ ပေါက်မြေးရာတွင်။ ပညာဓိက။အားထုတ်လှ၍။ ဖြည့်ရတွက်ရေ။ သင်္ချေလေးခါ။ ကမ္ဘာ ဆယ်သောင်း။ ပွင့်ဆုတောင်းမှ။ ခါကောင်း ကြိုလစ်။ ဘုရားဖြစ်၍။မာရ်စစ်အောင်မြင်။ဘော်သုံးခွင်ဝယ်။ရောင်ထင်

ပဝင်း။ သိန္နံ့ချင်းသား။ ဆင္ကယ်ကင်းတုလွတ်။ ဘုန်းတော်မြတ်
သည့်။ လူ့နတ်မျက်ရှု။ သဗ္ဗညု။ ။ယခုကာလ။ ဝသန္တနိုက်။
ဥဒါနမိုးမြေ။ဂုစ်သောင်းဆွေသို့။ပရမေဘုန်းဂုန်။ ရွှေစက်ဆန်
မှု။ အခန့်သင့်သှ။ မင်းလမ်းမတွင်။ ဧးမြ ပျံပျံ။ ပန်းအနံ့တိ။
အလွှံမခန်း။တောထက်ဝန်းတုံ။ငုံသွန်းရွှေသား။စကားထင်းရှူး။
ဆိပ်ဖလူးနှင့်။ကွမ်းဖူးကံ့ကော်။စွယ်တော်ပရဝါ။ရင်းမာဖက်
ဆွတ်။ရင်ခတ်သရဖီ။ကတ္တရိမြစ်ကိုင်း။ ရွှေနှင်းပိတောက်။လဲး
နှင့်ပေါက်လည်း။ တောက်သည်မီးရောင်။ ပြောင်ပြောင်ညီး
ညီး။ပန်းတောင်ကြီးသို့။ ခရီးတောဝယ်။ မြိုင်အလယ်နိုက်။ အုံ့
ဘွယ်သရဲ။ မဖြစ်မြဲတည့်။ လွန်ကဲဆထက်။ စောကြံတက်
ကို။အသက်ယှိဟန်။ခါမတန်နှင့်။ခါတန်မွေးကြူ။အတူတူချျင်။
လူလူဆိုင်းဆိုင်း။ အားလုံးလှိုင်း၍။ ပင်တိုင်းကင်းငုံ။ ကြိုင်နံ့ထုံ
သည်။ ။ပင်စုံအပွင့်အပွင့်တည်း။ ။

၃၀။ တစဉ်တစဉ်။ပင်ချင်းယှဉ်၍။ကူးလျှဉ်ခက်စိပ်။မွှမ်း
မွှမ်းသိပ်သား။မြိုင်ရိပ်ရွက်ကြား။ထွားရရေားလျှင်။ချယားမုလေး။
ကြိုင်ဧးပုန်းညက်။ ကြွက်တက်ပန်းသုန်း။ ဂမုန်းကြံစာ။ မဟာ
လှေကား။ဆပ်သွားအင်ကြင်း။လေးညှင်းစံပယ်။ ဆင်းဝယ်မိုး
စွေ။သင်းခွေအိမ်ဒန်း။နွယ်ပန်းကြောင်လျှာ။ခတ္တာကြက်ရုံး။သိ
၍.ကုံးသို့။တောလုံးအလွှံ့။ပန်းအနံ့တိ။ပျံ့ပျံ့ကြိုင်ကြိုင်။မွှေးမွှေး
လှိုင်သည်။ ။ဂနိုင်ပင်နိမ့်ပင်မြင့်တည်း။ ။

၃၉။ တရှဉ်တရှဉ်။နတ်ဥယျာဉ်သို့။လမ်းစဉ်အနီး။ ပန်း
သစ်သီးတိ။ခရီးသွားပျော်။သုံးလူ့ဘော်ကို။ကော်ရော်ရှိသေ။နှံ့
ချင်းဝေလျှက်။ နီရွှေကြက်မောက်။တောရှောက်ခေါင်ရန်း။ရွှေ
ပြည်ပန်းနှင့်။အနန်းစလတ္တာ။ ဇိသဝါစလပ်။ပွင့်ချပ်ရိုးရဲ။ ခဲဲး
ခင်ပုပ်။ လက်ထုပ်ပန်းတိုင်း။ထားဝယ်မှိုင်းလည်း။ဆိုင်းဆိုင်း
ဝန်းကျင်။ဘုရားသျှင်ကို။အကြင်လူ့နတ်။ပရိသတ်တို့။ ရှိညွှတ်
နှမေဉ်။သာရခေါ်လျှက်။ပူဇော်ကြထွေ။ ဆွတ်သာစေဟု။ ပင်

ခြေမကြွင်း။ ညွတ်ကုန်လျှင်းသည်။ ။ခက်ချင်းအမြင့်အမြင့်တည်း။ ။

၄၀။ တပျဉ်တပျဉ်။ထပ်လျက် ယှဉ်သား။ ရိပ်စဉ်ငြိမ်းငြိမ်း။ပျောင်းညွတ်တိမ်းမျှ။ခပ်သိမ်းပန်းမျိုး။ဗိတာန်မိုးသို့။ထမ်းပိုးဆယ်ပြန်။တိုင်းထက်လွန်၍။အားသွန်သဖြင့်။အညီပွင့်သား။ခါသင့်ဧကြူ။ပျဉ်းပန်းဖူတိ။ဇမ္ဗူနရီ။မဲဇဝထီပုဏ္ဏရိက်။ ရောင်ဘိတ်ဂုဏ္ဍ။ထိပ်သရွေဘိန်းနွဲ။ပြာလဲ့ကြောင်ပန်း။နီမြန်းကသစ်။ဆူးရစ်မလ္လာ။မိကျောင်းလျှာနှင့်။ တောင်ကြာကြက်တင်း။ တန်ဆင်းမဒ္ဒူ။ဖွေးဖွေးဖြူမျှ။ နံ့ကြူပျပျ။ အသောကလည်း။ လမ်းစန္ဒက်ဝယ်။ပန်ချင်ဘွယ်တိ။ ဘုန်းကြွယ် ထွတ်ခေါင်။ ငါးမာရ်အောင်ကို။ပွဲးဘောင်အပြည့်။ပူဇော်၏ဟု။ဆိုလှည့်သော့နှယ်။ အငယ်အကြီး။ မိုကာနီးလျက်။ ခရီးစဉ်သင့်။ ရောက်ကုန်လင့်လျက်။ ရွက်ရင့်မတင်။ ကြွေလွဲးစင်သော်။ ညွန့်ရှင် စက်စက်။ ဖူးခေါင်ထွက်၍။ အခက်ဖြာရုံး။ သိ၍ကုံးသို့။ ပင်လုံးအခိုင်။ ပွင့်ညှာပြိုင်သည်။ ။ချပ်ဆိုင်အဆင့်အဆင့်တည်း။ ။

၄၁။ တလျှဉ် တလျှဉ်။ ချိုချဉ် စားကောင်း။ လမ်းမကြောင်းတွင်။အပေါင်းပန်းမျိုး။ရွာသည့်မိုးသို့။ရကိုးဆူးပန်း။ရွက်ချွန်းကွမ်းလင်။ ကညင်သစ်ကြီး။ ပွင့်ထီးထင်ရှား။ နတ်များသဒ္ဓါ။ပူဇော်ရာသည်။ ဖြင်ကာပြိုင်းပြိုင်း။ သွားလေတိုင်းလျှင်။လမ်းပိုင်းချထောက်။မရောက်မခြင်း။ငွေပြားခင်းသို့။ရှင်းရှင်းပင်ခြေ။ရဂုံမြေနှိုက်။ဖြည်းလေပြူးပြူး။ပျော်မွေ့မူးမျှ။ ကျေးဖုးအပုံ။ ကောင်းကျိုးဟုံသား။ မျက်စုံမကိုန်။ မှတ်သမိုက်လျက်။ဦးနှိုက်ဆင်ရာ။ရတနာဟု။ကြည်စွာပြတ်ပြတ်။ သုံးလူ့ထွတ်ကို။ညွတ်သည်နှင်နှင်။ တောသစ်ပင်တို့။ ရှုချင်အံ့ဘွယ်။လွန်တင့်တယ်သည်။ ။ကြီးငယ်ပွင့်နှင့်ပွင့်နှင့်တည်း။ ။

၄၂။ အပျဉ်အပျဉ်။ချိုချဉ်ချိုခြယ်။စားဘွယ်မရှား။မြိုင်မျှားချောက်ကမ်း။မှည့်ရွှမ်းမပြတ်။ထမ်းဆွတ်မကုန်။ အဟုန်ပည်းလှိုင်။ ဂနိုင်ခရီး။ သွားမငြီးတည့်။ သစ်သီး ပန်းမာလ်။ ဆိမ့်ဖန်

စပ်ခါး။ထွေပြားရသာ။ မြိန်ရာရာကို။တကာအငှ။စားကုန်ကြ
လျက်။ရွှင်ပျသဲးသဲး။ ပူဇော်ကြဲးလျက်။ လက်ဝဲးလက်ျာ။ ရွှေ
မှာနောက်တော်။ သုံးလူ့ဘော်ကို။ မခြော်စတောင်း။ ထေရ်
နှစ်သောင်းနှင့်။ လမ်းကြောင်းညီးညီး။ ရွှေတောင်ကြီးသို့။ခရီး
တူရှု။ဆန့်တော်မူက။နတ်လူထိပ်တွင်။နဖူးပြင်ထက်။ စက်ရှင်
နင်းထိ။ကြွစေဘိဟု။ ဗိတိပြောစွာ။လွန်သဒ္ဒါလျက်။ နှံ့သာအ
မျိုး။ထုံခိုးလူလူ။ပျံ့ကြူလှောင်းလှောင်း။ဗိုလ်အပေါင်းတို့။ဆယ်
ချောင်းထပ်ပြီ။ ဖူးလှာညီသည်။ ။ကိုယ်စီ ပန်းနှင့် ပန်းနှင့်
တည်း။ ။

၄၃။ တမျဉ်တချဉ်။ နိမိတ်ယှဉ်၍။ စိလျဉ်ကောင်းခြီး။
သံချိုမှီးလျက်။ဆိုသီးချီချ။သုံးလူ့ဘဟု။ ဩဇချီးမွမ်း။ လက်ာ
ပြွမ်း၍။ဆန်းလှမ်းပျူငြါ။ဖွဲ့ကဗျာတိ။ နာသာဘွယ်ဘွယ်။ အ
သွယ်သွယ်လျှင်။လူဝယ်လူလျောက်။ပြိုင်ကြထောက်၍။ နတ်
လျောက်နတ်မှာ။နတ်ဘာသာဖြင့်။ ကြဲးလှာပန်းမျိုး။မြေနံ့နိုးမျှ။
ပုထိုးရွှေတောင်။ထွန်းသောရောင်သို့။ ပြောင်ပြောင်ဝင်းဝင်း။
တရားမင်းကို။ အခြင်းသိသိ။ ဦးရှိ ကော်ရော်။ ပူဇော် ဝမ်း
မြောက်။ကိုယ်ထင်ရောက်၍။ပေါက်ပေါက်ရွှေခဲး။ပုလဲးသန္တာ။
နီလာ ပတ္တမြား။ မျက်ကိုးပါးလည်း။ ဘုရားမြတ်မွန်။ လာမည်
မှန်ဟု။စိတ်သန်သဒ္ဒါ။ ကိုယ်ကြပ်ပါ၍။ သမ္မာဓိတိ။တည်ကုန်
ဘိလျက်။ ခရီးအကြား။လူနတ်များနှင့်။သိကြားဗြဟ္မာ။ဖူးမြင်
လှာအံ့။ မကြာခဏ။ ကပိလသို့။ ကြွလောနက်ဖြန်။ လျှောက်
တောင်းပန်သည်။ ။ခါတန်အသင့်အသင့်တည်း။ ။

သဗ္ဗညုဘုရားမြတ်စွာ ကပိလဝတ်ပြည်တော်သို့ ကြွတော်မူလာသောအ
ခါ နိုက်၊ တောတွင်ရောက်သေးပန်းတို့သည်အတိုင်း၊ထက်အထွန်ညီညွတ်စွာ
ပွင့်ကုန်သောအခန်းတည်း။

သီဟာ ကေသရသီဟာစ၊ စတုပ္ပဒ နိသေဝိတာ။
အဇ္ဈုတ္ထိတာ သုရာပါကော၊ မိဂရာဇာ ပတာဝိနော။ ။
သီဟနာဒေန ပူရေန္တိ၊ သာဒရာ တေ မိဂါဘိဘူ။
မဂ္ဂမှိ ဥဘတော ဝုဋ္ဌာ၊ သမယော တေ မဟာယသ။ ။
ဗျဂ္ဃီ သိန္ဓဝါ နကုလာ၊ သာဝရူပါ ဘယာနကာ။
အာကာသေသံ ပတန္တာဝ၊ နိက္ခိတာ ယေနကေနစိ။
တေဟိတေ သာဒရေနတာ၊ သမယော တေ မဟာယသ။
တိဓာပ္ပဘိန္နာ ဆဒ္ဒန္တာ၊ သုရူပါ သုသရာ သုဘာ။
သတ္တပ္ပတိဋ္ဌိတင်္ဂါ တေ၊ ဥဘော မဂ္ဂေသုကူဇိနော။
သာဒရာ ဟာသ မာနာဝ၊ သမယော တေ မဟာယသ။
မိဂါဝရာဟာ ပသဒါ၊ စိတြာသာ ဝယဝါသုဘာ။
အာရောဟ ပရိဏာဟေန၊ သုရူပါ အင်္ဂသံယုတာ။
ဥဘော မဂ္ဂေ ဂါယမာနာဝ၊ သမယော တေ မဟာယသ။
ဂေါကဏ္ဏာ သရဘာ ရုရူ၊ အာရောဟ ပရိဏာဟိနော။
သုရူပါ အင်္ဂသမ္ပန္နာ၊ သေဝမာနာဝ အဇ္ဈရုံ။
သေဝမာနတေဟိ တဒါ၊ သမယော တေ မဟာယသ။
ဒီပိ အစ္ဆာ တရစ္ဆာစ၊ ကုဋရာ ဝရဏာ သဒါ။
တေ ဒါနိ သိက္ခိတာ သဗ္ဗေ၊ မေတ္တာယ တဝ တာဒိနော။
တေ ပဏ္ဍသေဝကာ အဒ္ဓါ၊ သမယော တေ မဟာယသ။
သသာ သိင်္ဂါလာ နကုလာ၊ ကဠန္ဒ ကာသကာ ဗဟူ။
ကဏ္ဍုရာ သုဘဂန္ဓတော၊ ကေဝလာ ဂါယမာနာဝ။
သမယော တေ မဟာယသ။ ။

၄၄။ ပါရမီမြတ်။ ဆယ်ပါးဝတ်ကို၊ ဖြည့်တတ်ကုန်နိုင်။ အပြီးတိုင်မှ၊ ကြီးခိုင်ချမ်းသာ။ တုသိတာဝယ်။ များစွာခြံရံ။ စည်းစိမ်ခံလျက်။ သူ့ဇံသိကြား။ နတ်သားအပေါင်း။ ပန့်ထွာတောင်းမှ။ မင်းကောင်းသုဒ္ဓေါ်။ ကျွမ်းချစ်ပျော်သား။ နှစ်ဘော်စုံဘိ။ မာယာမိတွင်။ ပဋိသန္ဓေ။ စွဲးလှာပေ၍။ မြို့တေရုပ်သွင်။ မျက်နှာမြင်

သော်။ပုံဖြင်သရစ်။တုမဲ့ဖြစ်၍။ ခုနစ်ပြည့်ညီ။ရွှေစက်ချိလျက်။ နှင်းပြီမထင်။ ဘော်သုံးခွင်ဝယ်။ ငါလျှင်အထွတ်၊ မြတ်ထက်မြတ်ဟု။ နှုတ်လွှတ်သံချို။ကြိမ်းပဆိုလျက်။ မြင့်မိုရ်တူရူ။ဗွမ်းတော်မူက။ မျိုးဟူသမျှ။ မွေးချစ်ဘတို့။ အား‌ရသည့်ချည်း။ ကျွတ်ဆုရည်း၍။ ကောဏ္ဍည်း အညာ။ လူသောခါတုံ။သက္ကဿာကြွန်။တတ်ပွန်အများ။ဤမင်းသားလျှင်။ ဘုရားစင်စစ်။အမှန်ဖြစ်ဟု။တံတစ်ပုံသေ၊ ဘတ်လေသောတိုင်း၊ ပြည့်လှိုင်းသိရိ။ဘွားဇာတိက။ ဝိစိ ဘဝဂ်။ အောက်ထက် မလွတ်။လောကခတ်ပေါင်း။ တသောင်း စကြဝဠာ။ အာကာနှံ့ခြင်း။ဘုန်းရှိန်ပြင်းသည်။သနင်းရနိန်။မာရဇိန်။ ။ကွချိန်တန်ပြီ။ခါကောင်းညီသား။ရာသီ နွေဦး၊ ဆန်းသစ်ကျူးမှူ။ရိုက်ထူးမြည့်ရှင်။မှိုင်းမင်းလွင်နှင့်။ ကောင်းကင်မိုးဿဲပေါက်။ ကျသေးပြောက်က။ ထက် အောက် ပတ်လွှံ့။ သင်းမြေနံ့တိ။ ပျံ့ပျံ့ လေပြည်။ ဖြည့်းလတ်သည်နှင့်။ ရောင်ခြည် ညီးညီး။တန်းခိုးကြီးသား။ ဘုန်းမီးလျှံဝင်း။လူ့သနင်းကို။ဘမင်းသုဒ္ဓေါ်။ တကာတော်က၊ ဘိတ်ခေါ်ရှိသေ။ပင့်ရလေသား၊ မင်းစေတသောင်း။တမန်ကောင်းတိ။ ဆင့်လောင်းဆယ်ဘန်၊ ရောက်ချိန်တန်ဟု။စိတ်သန်ကြည်တွေ့။သိနှင့်လေ၍။ အခြေ လေးချောင်း။ ရဂုံ အောင်းသား။အပေါင်း သတ္တဝါ။ သား တကာတို့။ ဖူးလှာ ရည်စောင်။ စောထွတ်ခေါင်ကြောင့်။ထောင်ထောင်ထားထား။ ခါတပါးထက်။ ခွန်အားထုတ်လှ။ လွန်ရှင်ပသား။ သိဟာရာဇာ။ ကေသရာနှင့်။ ဝေလာဟက။ သိန္ဓောစသား၊ နာဂဆဒ္ဒန်။ တသွန် သစ်ကျား။ ကျွဲး နွား သမင်။ ကြံ့ဆင် ဗိုင်ပေါက်။နွားနောက် ကုလားအုပ်။ ခွေးပုပ်တောဝက်။ ဝံနက်ပြောင်ထိး၊စပါးကြီးလည်း။ ခရီးပါးမှာ။ ဝေးကလာ၍။မဟာမုနိ။စောသိဒ္ဓိဝယ်။ညွတ်ဘိမြေနှိုက်။ ဦးခေါင်းဆိုက်လျက်။ အလိုက် ချစ်ကြင်။ သာ ဝမ်းသွင်သို့။ရွှင်ရွှင်မြူးမြူး။ မြည်သံကျူးသည်။ ။ပျံ့ပျူးသာယောင့်သာယာတည်း။ ။

၄၅။ တရွေ့တရွေ့။ ညီကြလေ၍။ တဆွေတပေါင်း။အခေါင်းတကား။စဉ်ခြား မိုးမြေ။နေသည့်နှုံ့အောင်။သုံးထောင်တောပြား။ဟောဝန်သားလည်း။တရားအယူ။သိပါမူဟု။ခြုံးသူယှဉ်ပူး။အထူးထူးသား။ဖွေ့ရှုး လင်းဝက်။ရှဉ့်ကြွက်သင်ဘား။ကိုးပါးကုဋေ။ကြည်းနေမကျန်။ အားသွန်ကော်ရော်။ ပူဇော်ညွတ်ခြင်း။ သစ်ဆင်းခက်လျောက်။တောမျောက် တောယုန်။မြူးချန်ဒရယ်။ ဦးကျယ် ပွေး ဖွတ်။ တွင်း ပတတ်နှင့်။ချေ ဆတ်မည်းပြောက်။ချိုဆင့်ရောက်သား။ဆီးဆောက်မင်ဘား။သမင်ကျားလည်း။ ဘုရားဟူသည်။ ဤလူ့ပြည်တွင်။ ရောင်ခြည်အထောင်။ပြောင်ပြောင်ထွန်းပ။ နေလမတူ။မြတ်စွဟူ၏။ အယူမှားစွာ။ တိုင်တကာလည်း။ မိစ္ဆာဇီဝ။ ရှေးကကျင့်မှား။ ပါယ်လေးပါးသုံ။ဖြစ်ရတုံရှင့်။ လုံးခြုံရနှင်း။တရားမင်းဝယ်။သိတင်းမြတ်ငွေ့။ နည်းများတွေ့မူ။ ရတေ့ ရန်ဆန်။ ကောင်းပါ ပြန်အံ့။စိတ်သန်ကြည်ဘိ။ကိုယ်ရမ်းသိ၍။ မိမိဘာသာ။အောက်မေ့ပါလျက်။သဒ္ဓါညွတ်နူး။ မြည်ကြဖူးသည်။ ။အံ့မူးနာသောင့်နာသာတည်း။ ။

၄၆။ အထွေထွေ။ဖျားစုံခြေဝယ်။ဘော်ရွှေဖိုမ။ သာမြူးကြလျက်။ ပွပွချစ်ဘွယ်။ မြီးသွယ်မင်ဆံ။ ဇွဲရည် ကျုံသို့။ကောင်းကြီကျင့်မှတ်။သက်ထက်မြတ်ဟု။မပြတ်စေရ။ လွန်ယုယသား။မွေးလှစာမရိ။ဇော်ကတိုး။သိုးနှင့်သားအောင်း။ငေါင်းလည်းမကျန်။ချန်သန်ရှုးပျံ။တောဖျံကြောင်ဘား။တိုး,ကျား,မြွေပါ။သွားရှာမြခွေး။စည်းဝေးအတူ။ရဂုံသူလည်း။ အယူပြတ်ပြတ်။ဘုရားမြတ်နှိုက်။ ရိုညွတ်တုံလှာ။ ဘော်တကာနှင့်။ သဒ္ဓါကြည်ဘိ။ လူ့ ဇာတိသို့။ သိမိ နောင်တ။ ရှေး ဘဝတွင်။ ပဋ္ဌသိတင်း။စောင့်ခြင်းမသုံး။နှုံးလုံးမယဉ်။ မယှဉ်ကောင်းရာ။ မလိမ္မာသား။ ပညာမယှိ။ ကြမ်းကြုတ်မိ၍။ တိရစ္ဆာန။ဘုံဝယ်ကျရှင့်။လားကြလတ်သေး။တစုဝေးလျက်။ ဤဘေးဖြစ်လှဲ။ဤဆင်းရဲး

မှ၊လွတ်ချင်စွဟု၊တောင့်တကိုယ်ဘို့၊ရှာမှီးမြို့သည်။ ။ချင်းတို့ဘာသောင့်ဘာသာတည်း။ ။

၄၇။ တဆွေတဆွေ၊ပေါင်း၍နေလျက်၊ပရမေလူ့ထိပ်၊ရောင်လျှံချိပ်သား၊ဘုန်းရိပ်ထွန်းထင်၊ဘုရားသျှင်ကို၊မမြင်စဘူး၊ပြော့ပြော့မှုးမှူ၊နဖူးမြေဆိုက်၊နောက်တော်လိုက်၍၊စရိုက်ဘာသာ၊သားတကာတို့၊လှူရှာမသိး၊အဖြိုးဖြိုးလျှင်၊ မြေကြီးကောင်ရော်၊ပုဇော်မစဲ၊ရွက်ကာကြွေးလျက်၊ ရဲရဲတုံ့တုံ့၊ဝံ့ဝံ့စားစား၊ရှေ့တော်ပါးဝယ်၊ ဦးနားစွင့်စွင့်၊ငွါးငွါးမြင့်၍၊ ဆင့်ဆင့်တကဲ၊မှီယှဉ်တွဲလျက်၊မလွဲရန်ပင်၊အစာမြင်လည်း၊ကြည်လင်နှလုံး၊သီတင်းသုံးဟု၊ကောင်းထုံးဝင်ဝင်၊ဖြစ်ပါချင်သား၊သမင်နှင့်ကျား၊ဘားနှင့်ကားမြွေ၊ ဝံရွှေနှင့်ကြို့၊ ရန်ဘို့မဝေး၊ ခွေးနှင့်ကားယုန်၊ကြိုးဟုန်မပျက်၊ကြောင်နှင့်ကြွက်တို့၊ရန်ဘက်ခြသေ့်၊ဆင်ကိုတွေ့လည်း၊တမြွေ့ညီလွန်း၊ မိတ်ခင်ပွန်းသို့၊ထိပ်ပန်းရတနာ၊ သုံးလူ့ချာ၏၊ ကရုဏာလွှမ်းဖိတ်၊မေတ္တာစိတ်ကြောင့်၊ဆိတ်ဆိတ်မယှုပ်၊လောဘချုပ်၍၊တအုပ်တတွေ၊စည်းဝေးနေသည်။ ။ချစ်ထွေညှာတောင့်ညှာတာတည်း။ ။

၄၈။ တမြေ တမြေ၊ ခြား၍နေသား၊ ဘော်ရွှေသိန်းသောင်း၊ သား အပေါင်းလျှင်၊ ကောင်းကောင်း ယဉ်ယဉ်၊ စားဘွယ်ကြဉ်လျက်၊ သဗ္ဗညုမှောက်၊ ရှေ့တော် ရောက်က၊ လျှောက်လျှောက်ပတ်ပတ်၊ရှိညွှတ်ကြည်လှ၊ စောင့်သီလဖြင့်၊ ဝေဌသီတင်း၊သုံးဘော်ချင်းဟု၊ တောမင်းတကာ၊ မြတ်သမ္မာတည့်၊ပညာကြွပ်တည်း၊လွန်စောင့်စည်းလျက်၊ခမည်းလူ့ဘ၊ မုနိန္ဒကို၊ ပြားစွ ဤနှိုက်၊ ခရီး ကြိုက်၍၊ ဦးတိုက် ဝပ်တွား၊ ကျောင်းတော်ပါးဝယ်၊ မျက်ဝါးဝဝ၊မြင်ပါရမှု၊ တွေ့ရခဲစွာ၊ ဇွဲကျောင်းမှာကား၊အရာမဟုတ်၊ထိုအစုတ်ကို၊ နှင်ထုတ်ပစ်လင့်၊လိုက်မြို့သွင့်အံ့၊ ဖူးခွင့်မသာ၊ဖြစ်တုံရာခဲ့၊ စေတနာရှိန်၊မျှကာ ချိန်ဝယ်၊ မုနိန် သျှင်တော်၊ သုံးလူ့ဘော် မှောက်၊ ထပ်လှောက်လူများ၊တို့အသားကို၊စားလှာဘိမှု၊အလှူသန့်သန့်၊တို့

သက်စွန့်အံ့။ အဖွ်နှင့် သတ္တဝါ။ သား တကာတို့။ သဒ္ဒါ တရား။ တည်ကုန်ပြားသည့်။ ။စိုးပွါးရှာပေါင့်ရှာပါတည်း။ ။

၄၉။ တနေ့တနေ့၊တပါးတွေ၍။ မြိုင်ခြေတောဖျား။အာခြားခြားလျှင်။ စုံပြားနှံ့အောင်။ သွေးကြည်းဆောင်၍။ဘုန်းရောင်တောက်ပ။ တုမရသည့်။လောကဝိဒူ။ သဗ္ဗညုကို။ ယခုလက်ငင်း။တွေ့ရခြင်းကား။ဘောဲချင်းငါတို့။ တသက်ဘို့ဝယ်။ ကောင်းမြတ်တော်စွ။ပြားကုန်လှ၏။ ဤမှတကွဲ။ ဤဖြစ်လှဲ့မှု။ ဆင်းရဲကြီးစွာ။အပါယ်မှာလျှင်။သနျာသနေ်။ပြောင်းတွဲလေလည့်။မြုတေတမ်းခွန်။ခရီးညွန်သား။နိဗ္ဗာန်ပေးတတ်။ ဘုရားမြတ်နှင့်။မျက်မှတ်တပ်တပ်။ကိုယ်ကြပ်သည့်နှယ်။ ဖူးရဘွယ်လျှင်။ဘို့ဝယ်မယို့။ဝေးစွာဘိရှင့်။ဇာတိအယုတ်။အဟိတ်ဟုတ်၍။သတ်ပုတ်စရာ။လူစားဌါဟု။ဗိလာအကြံ။ထားလှံ့လေးမြား။ဘေးထက်သွားသား။ ငုံ့တွားမြေနှိုက်။ နှုတ်သီးဆိုက်လျက်။ အမိုက် ပိပိ။ ကောင်ပုပ် ညှိုကို။ မြိုက် သိတာရည်။ ချမ်းရေကြည်ဖြင့်။အရှည်စင်မှု။ တို့တစုလျှင်။ယခုပွဲးပြည့်။ ဖွပ်လျှော်လှည့်ဟု။ နှိုင်းရှည့်ရှုးစမ်း။ မြတ်ရာလှမ်းသည်။ ။ကိုယ်ရမ်းစာနောင့်စာနာတည်း။ ။

၅၀။ တထွေတထွေ။ခွဲးစိတ်ဝေ၍။သံခြေဦးတင်။ဤသို့လျှင်ဟု။သဘင်ပွဲး*ချို။ဆယ်စုံရှိဖြင့်။ဥဒါယိမည်။မဟာထေရ်ကား။ စိတ်ကြည်ရွှင်းရွှင်း။ သုံးလူ့မင်းကို။ ကြောင်းခြင်းပြန်ခေါက်။နားတော်လျှောက်က။ ဝမ်းမြောက်ဝမ်းသာ။ သတ္တဝါတို့။ဘွဲ့ရာသမိုင်း။ဖြစ်သောတိုင်းလျှင်။အလှိုင်းဖြင်ညီး။သစ်သီးပန်းမာလ်။မကျန်တောဝင်။စားဘွယ်ဘွယ်တိ။ သပ္ပါယ်သွားပျော်။မြတ်သျှင်တော်ကို။ သုဒ္ဓါဒနမွေးဘတောင်းပန်။စေလိုက်ငန်ကြောင့်။ဘန်တလဲးလဲး။ လွှန်ဆကဲးလျှက်။ရဲးရဲးဝံ့ဝံ့။တံ့တံ့မရွံ့။အာမခံ၍။ကျောင်းလျှံညာ။ဆန်းပျူဌါဖြင့်။ လက်ာ

* ချို–တူသည်ကား၊ပါဠိချက်၊အခိုသပုဒ်ချင်း၊အားလုံးပဲ့လို။

ပြောကျယ်။နိဒါန်းသွယ်သည်။ ။ခြောက်ဆယ်ဂါထောင့် ဂါထာတည်း။ ။

သဗ္ဗညုမြတ်စွာဘုရားသည်ကာဠုဒါယီမထေရ်တောင်းပန်သဖြင့်၊သုဒ္ဓေါဒနမင်းကြီး အစရှိသော မျိုးတော်သာကီဝင်မင်းရှစ်သောင်းတို့အား ဖူးမြင်တော်မူအံ့သောငှါ။ ရာဇဂြိုဟ်ပြည်ကြီးနှင့် ကပိလဝတ်ပြည်ကြီးနှစ်ပါး အကြား။ယူဇနာခြောက်ဆယ်ယှိသောခရီးကို၊ရဟန္တာမြတ်နှစ်သောင်းခြံရံလျက်၊ခြေတော်စက်ဖြင့် သွားတော်မူသောအခါနိုက်။ အခြေလေးချောင်းယှိသောသတ္တဝါတို့သည်။သမာဓိဂုဏ်တည်းဟူသောလူသဖွယ်ကဲ့သို့ဖြစ်၍။ ဘုရားသျှင်ကိုကြည်ညိုရှိညွတ်စွာလျက်၊အလုံးစုံဖူးမြင်ကုန်သောအခန်းတည်း။ ။

---

မယူရာ နီလဂီဝါ တော၊သုသိခါ သုဘာ ပက္ခိကာ။
သုပိဉ္ဆတေ သုနာဒါစ၊ဝေဠုရိယာ မဏိသန္နိဘာ။
နာဒံ ကရောန္တာ ပူဇေန္တိ၊ကာလော တေ ပိတုဒဿနေ။ ။
သုဝဏ္ဏစိတြာ ဟံသာစ၊ဧဝဟံသာ ဝိဟာစရာ၊
တေ သဗ္ဗေ အာသယာ ဆုဋ္ဌာ၊ဇိန ဒဿန ဗျာဝဋ္ဌာ။
မဓုသရေန ကူဇန္တိ၊ကာလော တေ ပိတုဒဿနေ။ ။
ဟံသာ ကောဉ္စာသုနာဒါ တေ၊စက္ကဝါကာ နဒီစရာ။
ဗကာ ဗလာကာ ရုစိရာ၊ဇလကာ ကာသရကုက္ကုဋာ။
သာဒရာဘိနာဒိနော ဧတေ၊ကာ တေ ပိတုဒဿနေ။ ။
စိတြာ သုရူပါ သုသရာ၊သာလိကာ သုဝသက္ခိတာ။
ရုက္ခဂ္ဂါ သမ္ပတန္တာ တော၊ဥဘော မဂ္ဂေသု ကူဇိနော။
တေသုတေသု နိကူဇန္တိ၊ကာလော တေ ပိတုဒဿနေ။ ။
ကောကိလာ သကလာ စိတြာ၊သဒါ မဉ္ဇုဿရာဝရာ။
ဝိမှာ ပိတာ တေ ဇနတံ၊သဒ္ဒိံ မိတ္တာ ဒိတေသုရာ။
သရေဟိ ပူဇယန္တာဝ၊ကာလော တေ ပိတုဒဿနေ။ ။
ဘိင်္ကာရာ ကုရရာ သာလာ၊ပူရိတာ ကာနနေ သဒါ။
နိန္နာဒယန္တာ ပဝနံ၊အညမည သမင်္ဂိနော။
ဂါယမာနာ သရေနေဝ၊ကာလော တေ ပိတုဒဿနေ။ ။

တိတ္တိရာသုသရာ သာရာ၊သုသရာ ဝနကုက္ကုဋ္ဌာ။
မဥ္ဇုဿရာ ရာမဏေယျာ၊ ကာလော တေ ပိတုဒဿနေ။ ။

၅၁။ မဟာဝိရ။ကြိုးလုံ့လဖြင့်။ ဓမ္မရာဇာ။ သကျာဝရနီ။ တုမယှိသား။သိရိမဟာ။မာယာမျိုးဘော်။ သုဒ္ဓေါဒန။ မင်းဖွာ မျိုးဆက်။စဉ်မပျက်သား။နန်းတက်မျိုးစင်။သာကီဝင်တို့။ ချစ်ကြင်ကြည်ညွတ်။ ပွါးစေတတ်၍။ ပြတ်သားဟောနူတ်။ ချမ်းမြိုက်ဟုတ်သည်။လောကုတ္တရာ။ရတနာဖြင့်။ကယ်ပါပေလျှင်း။ ယမမင်း ဝယ်။ လက်ငင်း ရှေးလျှင်။ ထွတ်ဖျား တင်၍။ မင်္ဂင်စည်းစိမ်။ ငြိမ်ဆိမ် ပျော်ကြောင်း။ ဆွေ ရှစ်သောင်းနှင့်။ အပေါင်းလူနတ်။ ပရိသတ်ကို။ ချွေချွတ်စေချင်။ လျှောက်ဦးတင်သည့်။ချစ်သျှင်ဘုရား။ သုံးလူ့ဖျား။ ။တရားရဘွယ်။ ဤခါဝယ်လျှင်။ သပ္ပါယ်တင့်မော။ မြတ်သျှင်စောကို။ပြောပြောရှုမူး။ မွေး သားဦးဟု။ ပျှံပျူး ဝမ်းတွင်။ ပြတ်မှု ကြင်၍။ ဖူးချင်ကြည့်မျှော်။ဘသုဒ္ဓေါက။ နားတော်လျှောက်ထွေ။ ပင့်ရလေသား။ မင်းစေဘန်များ။ ထပ်မနားလျှင်။ ဆယ်ပါးအပေါင်း။ ဆယ်ထောင်လောင်းသား။ တသောင်းရောက်ညီ။ လာတန်ပြီဟု။ကိုယ်စိကိုယ်င။ညီကုန်ကြ၍။ဖို့မ မကွာ။ ငှက်တကာတုံ။ ဟာသ်ာ,ဝမ်းပဲ။ တွန်သဲတောကြက်။စက္ကဝက်တို့။ကျိုးနက်,ခို ပြာ။ငုံး,ခါ,မြစ်တွေး။ပဲထွေး,ဗိလုံး။ပျံတုံသာမြူး။သံကျူးရင့်ချို။ ငှက်နီ,ဝရပ။သုဝကျေးသား။ကုလားတမာ။လူ့ပျူငှါသို့။ဈေဝါ ကြက်တော။ဘော်နှောတီးတုတ်။ ဥပုသ်,ငါးဟစ်။ယစ်နှင့်,ပိန်ညင်း။ခေါက်မြင်း,ပျားဖွတ်။တုံဆွတ်ဥမျိုင်း။ တရိုင်းရိုင်းလျှင်။ လမ်းတိုင်းဝန်းကျင်။ မွှမ်းမွှမ်းဖြင်မျှ။သစ်ပင်နားတုံ။မြေနားတုံ တည့်။ပျံတုံပျံနား။ပျံသွားနိမ့်မြင့်။မျှော်လင့်အညီ။ပန်းပွင့်ချီ၍။ တူပြိုတပေါင်း။မြိုင်သာအောင်းလျက်။ဥဒေါင်းတွန်ရော်။ဖို့,မ, ခေါ်သည်။ ။သံကျော်ကျူးရင့်ပြီတကား။ ။

၅၂။ တဝေးတဝေး။အဘော် သွေး၍။ ရေကျေး,ရေ

ကြက်။ရေဝန်လက်နှင့်။ လင်းဘက်,စင်ရော်။ ငှက်တော်,တင်ကျီး။ နွားမြီးဆွဲးလျှောက်။ နွေပေါက်ငှက်ခါး။ ပျံလွှားတောလျှိုး။ဥချိုး,ဝံလို။ မောက်ညိုမဲးပြာ။ ရိုးစာ,ဆက်ရက်။လင်းဝက်တသုန်။လင်းယုန်မကျုန်။သိန်းစွန်မလွတ်။တီတီတွတ်နှင့်။တတ်သည်ဘာသာ။သာလိကာလည်း။ သဒ္ဒါမြတ်နိုး။သုံးလှူ့မျိုးကို။ ရှိခိုးအင်တက်။တောင်နှစ်ဘက်ဖြင့်။ရက်ကာပျံဝဲး။မြင်ရခဲးဟု။ ရဲးရဲးရောင်ရောင်။လူတို့ဘောင်တွင်။ မရှောင်မလန့်။ အသက်စွန့်၍။ကြည်သန့်ဆွဆွ။လာကုန်ကြလျက်။ ဖို,မ,သွေးခေါ်။ရှိပူဇော်သည်။ ။ရွှင်ပျော်မြူးလင့်ပြီတကား။ ။

၅၃။ ကျသေး ကျသေး။ ဆီးတိ မြွေး၍။ ချမ်းဇေး ပြင်းထန်။ ဟေမဝန်မှာ။ ဂန္ဓမာနှင့်။ ကေလာ သဘာ။ စိတြဟု။ သုဒဿန။ကာဠ တောင်မြတ်။နဝတတ်ကို။ရံပတ်ငါးပါး။တခြားထိုမှ။သုဝဏ္ဏကား။သိင်္ဂသတိ။ရဲးရဲးညိုသား။ မဏိမယာ။စန္ဒာသူရိယ။ဥဒကဟု။မည်ရထင်စွာ။ မဟာကာဠ။ ရှုဋ္ဌကမ္မ။ ဌာနအစွန်။ခုနစ်တန်လျှင်။ယုဂန်သဘွယ်။ကြီးငယ်နိမ့်မြင့်။ ဆင့်ရရင့်တိ။ ဇွတင့်ဆွယ်ပြိုင်။ဆဒ္ဒန်အိုင်တို့။ရိပ်မြိုင်ထက်ဝန်း။ပင်စည်ထွန်းလျက်။နတ်ပန်းသစ်သီး။ဖြင်ညီးရောက်ရာ။ပဒေသာသို့။ ယူဇနာ သုံးထောင်။ သချာ ဆောင်သား။ ထိုတောင် ထိုတော။ကျယ်ပြောမိုးမြေ။နေသည့်ခန့်ကျုံး။ငှက်အလုံးကို။ရှုံးဘိသောနှယ်။ဤခါဝယ်လျှင်။သုံးဆယ်နှစ်ပါး။ဆန်းပြားရှစ်ဆယ်။ခြောက်သွယ်လျှံပတ်။အတုလွတ်၍။လူနတ်မြဲပွှာ။မနိုင်းသာသား။ ဥက္ကာကရာဇာ။ မင်းကောင်း မြစ်ကို။ ရှိချစ်မြတ်လေး။ကြည်စိတ်ပြေးလျက်။ ရေးရေးတပ်တပ်။ မှူးထိုက်အပ်ဟု။အကြပ်ကိုယ်စီ။မဋ္ဌ။ချီ၍။ကိန္နရီ,ကိန္နရာ။ကြိုးကြာ,သောင်တင်း။အောက်ချင်း,ကရဝိက်။ချစ်စိတ်အဟုန်။ဂဠုန်,ငှက်ဆင်။လွမ်းကြင်ပတီး။တုံးကြီးယင်ပေါင်။ဝါယောင်မဲးအိုး။ဇီဝဇိုဝ်းလည်း။ပြွေးပြိုးမျှော်ရှု။ ။ဌါမှုဖြင့်။ သာရသာရ။သဗ္ဗညူဟု။ တစုတ

ရော။ ဘော်ချင်းနှောလျက်၊ ဉဩ,ဌက်တော်။ မြည်သံကြော်သည်။ ။ဇင်ရော်ထူးဆင့်ပြီတကား။ ။

၅၄။ တပြေးတပြေး။ခြင်းရာမေး၍။မြည့်ကြွေးသဲသဲ။ မျှံကြ ဂဲးလျက်။ ရဲရဲ ရင့်ရင့်။ ကောင်းကျင့် မူယူ။ ငှုလည်း သောင်းသောင်း။စာပေါင်းပတိး။ ဝေးခရီးက။ ပန်းကြိုးသုံမင်။ အလျှင်ဖူးလှာ။ သဒ္ဒါသဖြင့်။ မျှော်လင့်ပျံတက်။ လကျာဌက် လည့်။ စိတ်ထက် ပူဇော်။ လက်ဝဲတော်က။ ရှုမြော်မြင်စေ။ တက်ဘှာလေ၍။အောက်မြေသက်သက်။လက်ဝဲဌက်မူ။ ဘု ဘက်လွတ်ကင်း။တရားမင်းကို။ မြတ်ခြင်းမင်္ဂလာ။ချီးမြှောက် ရာဟု။ သံဝါ ရင့်ကြော်။ လကျာတော်မှ။ နှမော် သာခု။ ကောင်းခြီးပြု၍။တရမျိုးဆွေ။ညီကြလေ၍။ကြည့်ထွေအာရုံ။ တောရဂုံဝယ်။တိတ္ထုံနိမိတ်။လူတို့စိတ်သို့။ အဟိတ်တိရ စ္ဆာ။ ဖြစ်များစွာသည်။ ဝါသနာငွေ။ ပါပါရွှေလျှင်၊ ကျင့်လေ့အ မိုက်။ထိုခါနှိုက်တွင်။အလိုက်သိသိ။နှလုံးယို၍။ ပီတိ ရွှင်းရွှင်း။ ဆောက်တည်ခြင်းဖြင့်။ သိတင်းသုံးဘော်။ ဌက်သူတော်တို့။ သွေးခေါ် ဆောင်ကြဉ်း။ မြတ်ရာချဉ်းလျက်။ ကောင်းစဉ်းသိ မျှော်။ ညွတ်ကော် ရော်သည်။ ။ရွှေတော်ဖူးလင့် ပြီတ ကား။ ။

၅၅။ အရေးအရေး။ကွေးရရွှေးလျှင်၊ လည့်မွေးညှိဝါ။ လဲ့လဲ့ ပြာ၍။ နီလာ မျှက်လုံး။ လှဆုံးပါးရန်း။ ရွှေရည်သွန်း သို့။ ဦးစွန်း မြတံ။ ခါးဆံ မြဂှက်။ ချက်ချက် စိမ်းရောင်။ မြီး တောင်ပြာနု။ချစ်ဘွယ်မှုတိ။ဘော်စုသောင်းသောင်း။ရွှေများ ပေါင်းလျက်။ဉဒေါင်းတွန်ကြော်။ကျူးရင့်ရော်၍။ ရွှေတော် ချဉ်းကပ်။ဖူးလှာအပ်ဟု၊ ညွတ်ပျပ်ကြည်စွာ။ထိီးလိုင်ကာနှင့်။ ခေါက်ရှာ, ခင်ထိတ်။ ကောင်းစိဘ် အညီ။ သပိတ်ချီလည့်။ အဆီလမ်းခွင်။မြတ်ချစ်သျှင်ကို။မြင်လျှင်ဝမ်းမြောက်။နှုတ်သိး ဆောက်၍။ကြီအောက်မွေ့တွန်။ တို့ဖြစ်ဟန်ကား။ အလွန်များ စွာ။ရှေးသံသာဝယ်။ပါဏာတိပါတ်။သက်သတ်မရှောင်။ကြူး

အောင်သေစာ။အိမ်ရာပြစ်မှား။ ရသားဒိန္နာ။သုံးစွဲးရှာ၍။ပဥ္စာ
သီလ။ဓမ္မတည်မှတ်။ သီတင်းမြတ်မူ။ယွင်းချွတ်ခဲ့မိ။ ထိုပြစ်တိ
ကြောင့်။ ဝိစိထဲးမှာ။ကျချေပါပြီ။ မီးဝါကျိုက်ဆူ။သံရဲးပူနှိုက်။
မပြုစသာ။ နှစ်များကြာလျက်။ သချာ သင်္ချေ။ မြင့်မြဲးလေမူ။
ခြောက်ထွေရောင်ဝင်း။ တရားမင်းဟု။ တင်းမျှမကြား။နားမျှ
မသုံ့။ဘယ်နှံ့မပေါ်။ခက်လှော်ပါယ်ရွာ။ခံရရှာချိမ့်။ ချခါတမူ။
ထိုအတူလျှင်။ကြိုက်သူနည်းလှ။ရှေးကကားလွန်။နှောင်းမှကျန်
လိမ့်။ တိရ စ္ဆာန်မှ။ဖြစ်ယုတ်စွာသည်း။ ပြောပါသင့်စွ။ ရနိန္န
ကို။ ဖူးရကြိုက်စွာ။ ဘော်တကာတို့။ သင်္ဂြိုဟ်အဟုန်။ လာလှည့်
ကုန်ဟု။ မြူးချန်မြူးရွှင်။ လမ်းတိုင်းဖြင်လျက်။ ရောက်လျှင်ရှေ့
တော်။ညွတ်နှမော်သည်။ ။ပူဇော်ဦးဖြင့်ပြီတကား။ ။

၅၆။ မနှေးမနှေး။ ပျံသင် ရေးဖြင့်။ မဝေးလေခင်။ စွန်း
စွန်းလျှင်မှ။ကောင်းကင်နတ်နေ။မြေကလူများ။တိုးမအားလျှင်။
ဘုရားသျှင်တော်။ ဖူးရသော်လည်း။ သုခေ္တါဒန။ မွေးဘမင်း
ကောင်း။ရှစ်သောင်းမျိုးညီ။မရောက်မိလျှင်။ကပိလဝတ်။ပြည်
မြတ်သို့စင်။ မတိုင်ခင်ဝယ်။ အလျှင်ခဏ။ တွေ့လိုက်မှတည့်။
ကြည့်လှဖြောင့်ဖြောင့်။ မျှားမမှောင့်လျှင်။ ရောင့်ရောင့် ရဲးရဲး။
သဒ္ဓါကဲးအံ့။အမြဲးမှတ်တည့်။လာကုန်ဖှည့်ဟု။ဖြည့်ဖြည့်တင်း
တင်း။ငှက်ဘော်ချင်းကို။ ကြောင်းခြင်းမစစ်။အစာဖြစ်လည်း။
အချစ်ခင်ပွန်း။အဆွေမှန်လျက်။အပန်းတကြီး။ကျီးနှင့်ခင်ပုပ်။
ကြက်အုပ်, စွန်ရဲး။ မလွဲး မသုန်။ ဂဠုန်,နဂါး။ ရန်းကားမယှိ။
ဆောင်ချေညှိလျက်။ တရိစ္ဆာလာက။ အစိုးရသည့်။ အလှဆန်း
ကြယ်။လွန်သပ္ပါယ်သား။ခြောက်သွယ်ရောင်ထင်။တို့ချစ်သျှင်
ကို။ ရှုချင်ပင့်ဆော်။ သွေးကြည်းခေါ်သည်။ ။နှမော်နူးခွင့်ပြီ
တကား။ ။

၅၇။ တမွေးတမွေး။တစုဝေး၍။ရွှေကျေးရုပ်ရည်။လူး
တလည်လျှင်၊ ကိုးမည်မျက်တီ။စိချယ်ဘိသို့။ မြင်မိအံ့ဘွယ်။
ဆန်းတကြယ်လည်း။ သံကျယ် ရင့်ကြွေး။ ခွေး ရရွှေးသား။

လည့်ရေးမျက်ရန်း။ ပါးသန်းတောင်ပံ။ခါးဆံမြဝါ။သဏ္ဍာခြေများ။ပြယားထိုလို။စိမ်းညိုလှမေ။ ဘော်ချင်းနှောလျက်။ကြက်တော,ကုလား။ဖေါင်းခါး,တမာ။လူ့ပျူငှါသို့။ သဒ္ဒါမိတ်ပြေး။ ဟောဝန် ကျေးလည်း။ ဖျံ့မွေးကိုယ်စီ။ ပန်းခက်ချိ၍။ တူပြီ မကွာ။ ကိန္နရာတုံ။ သာစွာ ဧးဧး။ အောင်း ကလေးနှင့်။ ချေး ချေး သံချို။ အချင်း ဆိုလျက်။ အဖိုကတီး။ မဖံသီးမှူ။ညီးညီး ပြောင်ပြောင်။မျက်မှောင်သေးသေး။ရေးသည်အတူ။ နတ်ဟူ မယွင်း။ရောင်ဆင်းတင့်လွန်း။ရွှေရည်သွန်းသို့။လှ ရွှန်းရုပ်သွင်။ ရွှေတော်ပြင်ဝယ်။ မှော်လျှင် ရှုဒီ။ ကလျက်သီ၍။ ဖူးမီခန့် ဟွာ။ရောက်ခဲ့စွာသား။ မကွာချစ်မိတ်။ကရဝိက်လည်း။ထိတ် ထိတ်ညောင်းညောင်း။ မိမိစောင်းသို့။ကောင်းကောင်း ကြိမ်း ဝါး။ခါတပါးထက်။ဘုရားထွတ်ခေါင်။ ကြားတည့်အောင်ဟု။ ရည့်စောင်သံရှင်။ညင်းညင်းပင်တိ။ကြောခြင်စိမ့်မှူ။ငြိမ့်ငြိမ့်မြ သား။ရို,မမြည်သီ။သာလှညီ၍။တစီ တလျဉ်။ပေါင်းယှဉ်မျိုး ဆွေ။ ကြည်းတွင် နေသား။ ကုဋေကိုးပါး။ အခြားခြားလျှင်။ တောသားတောဌက်။ မြတ်စုံမက်၍။ လမ်းဆက်တဘော်။ရှု လင့်မှော်သည်။ ။ပြည်တော်ကူးတင့်ပြီတကား။ ။

သဗ္ဗညုတ ဘုရားမြတ်စွာကြွတော်မူသောအခါနိုက်၊သဒ္ဒါတရားထူးယှဉ်သော သူမြတ်တို့ကဲ့သို့ဖြစ်၍။အထောင်ယှဉ်သော ဌက်အပေါင်းတို့သည်။ ကြည်ညိုရိုညွတ်စွာပူဇော်ထင့်ကုန်သောအခန်းတည်း။ ။

---

သေတဝါလုကသဍ္ဍန္တာ၊သုပတိဋ္ဌာ မနောရမာ။
မရေဒကသမ္ပုဏ္ဏာ၊သရာ ဇာတဿ တာသဒါ။
တဋ္ဌာန္နတွာပိဝိတွာစ၊သမယော တေဉာတိဒဿနေ။ ။
ကုန္တိ,ရာမကရာကိဏ္ဏာ၊ဝလယာ,ရဋ္ဌရောဟိတာ။
မဍ္ဍုကစ္ဆပဗျာဝိဋ္ဌါ၊ သရာ ဿတောဒကာ သုဘာ။
တဋ္ဌာန္နတွာ ပိဝိတွာစ၊သမယော တေ ဉာတိဒဿနေ။ ။

နီလုပ္ပလသမာကိဏ္ဏာ၊တထာ ရတ္တုပ္ပလေဟိစ။
ကုရုဒုပ္ပလ သံကိဏ္ဏာ၊သရာ သောဘန္တိ နေကဓာ။
တဏ္ဍုသိတလကာတောယာ၊ သမယော တေ ဉာတိဒဿနေ။
ပုဏ္ဍရိကေဟိ သဉ္ဆန္နာ၊ပဒုမေဟိ သမောဟတာ။
ဥဘော မဂ္ဂေသု သောဘန္တိ၊ ပေါက္ခရညော တဟိံတဟိံ။
တပ္ပေတ္တာဒကာနိ နှာယန္တိ၊သမယော တေ ဉာတိဒဿနေ။ ။
သေတပုဋ္ဌိန သံကိဏ္ဏာ၊သုပတိတ္ထာ မနောရမာ။
သီတောဒကာ မဟောဃေဟိ၊သမ္ပုဏ္ဏာတာ,နဒီသုဘာ။
ဥဘောမ ဂ္ဂေဟိ သန္ဒန္တိ၊သမယော တေ ပိတုဒဿနေ။ ။

၅၈။ ဘဂဝန္တံ။ဘုန်းမီးလျှံ၍။အရဟံဗုဒ္ဓေါ။တုမဲ့ကျော်သား။မမြော် နှိုင်ကင်း။ ပုဂ္ဂိုလ်ချင်းတွင်။ မြတ်ခြင်းလွန်ကျူး။ ဘော်သုံးဦး၏။နဖူးထိပ်ပန်း။မကိုဋ်မှန်းလျှက်။ ရောင်ထွန်းရတနာ။ ဆောင်းတန်ဆာဟု။အချာလူနှိုက်။ မှတ်သမိုက်သည်။ ပြိုင်ထိုက်မဲ့လျှင်း။ တရားမင်း။ ။သတင်းရှိန်စော်။ ကျေးဖူးတော်ကြောင့်။အနော်တတ္တ။ကုဏာလတို့။ကဏ္ဏမုဏ္ဍ။ရထကဟု။သိပ်ဟ ပပါ။မန္တာကိနီ။မည့်ယှိဆဒ္ဒန်။တသွန် ကြီးခိုင်။ ချနစ်အိုင်တွင်။ ရိပ်မြိုင် သာမြတ်။ နဝတတ်မှု။ သုံးပတ်လကျ်ာ။စီးဖြာဓလေ့။ ခြသော့,ဆင်,မြင်း။ နွားခံတွင်းမှ။ ထွက်ခြင်းလဟာ။ လေးမျက်နှာဝယ်။ဂေါနာရခ။ ပြွန်နှုတ်ဝလျှင်။တောင်မှရှုးရှုး။ ရေဦးရှင်ရှင်။ ပြေးလတ်ကျင်၍။ တိယဂ်ဋ္ဌ။ ကန်မည့်ရသား။ ကဏ္ဏမည့်သာ။ ထက်မှာသွန်ကျ။ အာကာသဘုံ။ ငုပ်ထမြေတွင်။ဥမင်ဂင်္ဂါ။သချ်ာချင့်ညီ။ ခြောက်ဆယ်စီတိ။နဒီ ထဲက။ တိုးကျဖေါက်ထွင်း။အဓှန်ကျင်းသား။ယဉ်ပြင်းသည်းစွာ။ တိယဂ်ါဟု။ ကျောက်ဖျာခံမိ။ငါးပါးယှိသော်။ချမ်းဘိကြည့်စွာ။ ယမုနာနှင့်။ဂင်္ဂါ, အစိရဝတီ။မဟီ, သရဘူ။ဟူသားငါးသွယ်။ မြစ်ငယ်ငါးရာ။ထိုမှကွာသော်။ မဟာသမုဒ်။ ကျယ်ဝုတ်လေးစင်း။ အဆင်းမြဟန်။ သတ္တဘန်တွင်။ သဏ္ဍာန်ဝန်းရစ်။ သိဒ္ဒါ

ဖြစ်လည်း။မဖြစ်စတောင်း။ လိုက်ခနောင်းတိ။ လမ်းကြောင်း
တူရူ။တံပိုးဖြူမှု။ သုံးလူဆရာ။ အချာပရမေ။ လူ့နတ်ဆွေကို။
သောက်ရေသုံးတော်။ခေါ်စိမ့်တပါး။ဘုရားချိုးတန်။ဆိပ်သာ
မွန်လည်း။သမန္တလ။ ညီညွတ်လှလျက်။ဆွဲဆွဲဖြူစွာ။ ပြင်ထွန်း
ကာလျှင်။ပမာမယွင်း။ငွေပြားခင်းသို့။သန့်ရှင်းကြွကြွ။အပြိုးနှံ့
၍။ ။သဲးညံ့ဖိုးလှာကုန်၏တည်း။ ။

၅၉။ ညံ့ညံ့နူးနူး။ငွေမှုန့်ဖြူးသို့။ ကျေးဇူးလွန်ပြင်း။ မြစ်ခ
ပင်းတို့။အိုင်,အင်း,ဆည်,ကန်။ တသွန်ချောင်းမြောင်း။အပေါင်း
ရေနေ။ကြည်တွေကြည်းကြည်း။အံ့ဘွယ်ချည်းလျှင်။ညွှန်နည်း
မြူနည်း။နောက်သည်မယို။ ငြိမ်းလှဘိလျက်။ခရီ့းအဆိ။ ပြည့်
ကပီနှင့်။ အပြိ ဗျုဗျ။လာကြ လူမိုလ်။ရာဇကြိုဟ်ကြား။ ခြောက်
ဆယ်သွားကို။ဘုရားချစ်သျှင်။ ရွှေစက်ရှင်ဖြင့်။မြေတွင်နင်းချ။
ဆန့်လတ်ကြွဟု။ မြစ်မ ငါးသွယ်။ မြစ်ငယ် ငါးရာ။ သိဒ္ဓါမ
ကြွင်း။အိုင်,အင်း,ဆန်းကြယ်။ နဂ်ကျယ်ရေထု။ ခုနစ်ခုလျှင်။
ကောင်းမှုစိတ်သန်။ လူ့အပဟန်သို့။ စိး၄န် ပြည့်ကျမ်း။ရင်ပြင်
လွှမ်းလျက်။လျှမ်းသားကမ်းထိပ်။ သာသည့်ဆိပ်တည့်။ ချမ်း
ရိပ်ငြိမ်းငြိမ်း။လူခပ်သိမ်းကို။ချိုးလိမ်းစိမ့်ငှါ။ကောင်းရာရာတိ။
သဲးသာဖြူးချို။ညီစွာညို၍။ ။အိုင်တိထုံးလှာကုန်၏တည်း။ ။

၆၀။ ကြွကြွနူးနူး။ပျော်မွေ့မူးမှု။ကျေးဇူးလွန်ကဲ။မြစ်ခပဲး
နှင့်။ နက်ထဲးယဉ်တွေ့။ရေတွင်နေသား။ ကုဋေဆယ်ပါး။များ
သားမကျန်။တိရစ္ဆာန်တို့။အလွန်တရာ။ ဝမ်းသာလန်းလန်း။ ဖူး
ချင်ပန်းတိ။မကရ်း,ငါးဆင်။ယဉ်ရှင်ဘော်ရိုင်။လပိုင်,လိပ်,ငါး။
နဂါးရေလျို။ တရိုးရေသူ။ကြည်စိတ်ဖြူလျှက်။သုံးလူတမ်းခွန်။
ဇွှမှန်ထွတ်ဖု။သဗ္ဗညုကို။ ရှုစပါလှာ။မြော်ခဲးစွာဟု။တကာမျိုး
ဆွေ။ဆယ်ကုဋေတိ။ညိုတွေရုံးစု။သဒ္ဓါမှုဖြင့်။သုံသုမာရ။ တွင်
ထ မည်ကောင်း။ ရွှေများ ပေါင်းလျက်။ မိကျောင်း ရေမင်း။
ဩည်းမှာကျင်း၍။ ။သိတင်းသုံးဖှာကုန်၏တည်း။ ။

၆၁။ နွဲ့နွဲ့ယူးယူး။ကြည်စိတ်နူးလျက်။ကျေးဖုးအလိုင်း။ အံ့မနိုင်းလည်း။အတိုင်းမသိ။ထွတ်ခေါင်ထိသား။ မုနိဟူသည့်။ နားရိပ်ချည်မျှ။ကြားမည်ခဲလှ။စာရိတ္တဖြင့်။ ဘဝယုတ်မာ။ လူစာစင်စစ်။ငါတို့ဖြစ်ခဲ့။ကျင့်ညစ်ကြမ်းစွာ။ သံသရာဝယ်။ပညာကျေးဖုး။အထူးလျောက်ပတ်။သူတော်မြတ်နှင့်။ ပူးပွတ်ကျိုးနွံ။ ဆုံးမခံလျက်။ကောင်းကြိသိတင်း။ စောင့်ခြင်း မယှဉ်။မှားချေမိ၍။ဒိဋ္ဌိအယူ။မည်သူမသင်။ ပွဲပြင်မဆို။အထိုလိုလျှင်။ကိုယ်ကိုတတ်တည့်။မှတ်ရှာလှည့်လျက်။ အပြည့်မိစ္ဆာ။ ကျိုးမဲ့ပါတည့်။ ခန္ဓာဖေါက်လွဲ။ရေယဉ်ထဲဝယ်။မြင့်မြိုးကာလ။လောကဘ္ဘာသို့။ ဖြစ်ရဘိလျှင်း။ရှေးကယွင်း၍။ ဖြစ်ခြင်းလိပ်,ငါး။များသားရေနေ။ ဆယ်ကုဋေတီ။စိတ် စေတနာ။ သုံးလူ့ချာကို။သဒ္ဓါ ချက်ချက်။မြတ်စုံမက်၍။ ။ရွှေစက်ဒုံးလှာကုန်၏တည်း။ ။

၆၂။ ပျံ့ပျံ့ပျူးပျူး။ လိုင်နံ့မြူးလျက်။ သုံးဦး လူမိုလ်။ချမ်းရိပ်ခိုသား။ ပုဂ္ဂိုလ် များ မင်း။ မြတ်သျှင် ရင်းကို။ အချင်း သိလျောက်။ရေတွင်ပေါက်သား။ ရေရောက်ရေပန်း။လန်းရရန်းတိ။ပျံ့မွှန်းနံ့သာ။ ငါးမည်ကြာတုံ။ ငုံအာစွင့်စွင့်။ ရေထက်မြင့်၍။ လှတင့် ပွပွ။ ကုမုဒဟု။လွလွ ဘိတ်ဘိတ်။ ပုဏ္ဍရိက်နှင့်။ ကောင်းစိတ်ရွှင်စွာ။ ပဒုမာတို့။သဏ္ဍာ နှင်းပန်း။ဆွေးဆွေး စွန်းသား။ရောင်ထွန်းရွှေဝါ။နီသည့်ကြာမူ။များစွာချပ်ဆင့်။လိုင်ထွေပွင့်၏။ မြနှင့်ရိုးဆို။ ပန်းကြာညိုလည့်း။ နေကိုမငုံ။ ပွင့်လင်းအံ့ဟု။ပျံ့ပျံ့နံ့မျိုး။ရေပေါ်မိုး၍။ဖြိုးဖြိုးဝတ်ဆံ။ကြွေ့ကြွေ့ရံလျက်။ ရိုးတံ သွယ်သွယ်။ သိကုံးချယ်သို့။ ချစ်ဖွယ်ဖွံ့ဖွံ့။ အိုင်တိုင်းနှံ့၍။ ။ကြိုင်နံ့ရုံးလှာကုန်၏တည်း။ ။

၆၃။ နံ့နံ့နူးနူး။လိုင်နံ့မြူးလျက်။ကျေးဖုးအံ့ဘွယ်။ ဘဝင်ကယ်မျှ။ခြောက်သွယ်ပြောင်ပြောင်။ကိုယ်တော်ရောင်တိ။ မိုးခေါင်ပထွက်။ရဲရဲတက်သည်။မွန်းချက်နေဟန်။ တန်းခိုးထန်သား။နိဗ္ဗာန်ပေးပိုင်။စောဘုန်းခိုင်ကို။ကြိုင်ကြိုင်မခန်း။ ရေတွင်ထွန်းသည်။ရေပန်းစုံစွာ။မွှေးထုံလှာသား။အပြာကန်တောက်။

ကြက်မောက်,ခေါင်ရန်း။မှော်ရွက်ဝန်းနှင့်။ကန်စွန်းမြည်သို့။ရေကို
ဖုံးလွှမ်း။ဟင်းရမ်းရွှေရည်။ ထော်ပြည့်,ကညို့။ထွားထွားပျို့မျှ။
လှုတ္ထိသခင်။ဘုရားသျှင်ဟု။ကြည်လင်သဒ္ဓါ။ ရေမျက်နှာထက်။
နှံ့သာဖျောင်းဖျောင်း။ပျံ့လေကြောင်းဖြင့်။အပေါင်းချပ်စီ။ ပွင့်
ချင်းပြိုင်၍။ ။အညိုကုံးဖွာကုန်၏.တည်း။ ။

၄၄။ အုံ့အုံ့မှုံးမှုံး။ ဆက်လွန်ကျူး၍။ မြင်ဘူးမဲ့တောင်း။
ကြိုင်နံ့ယှောင်းသား။ရေကြောင်းတသွန်။နတ်အဟန်သို့။ဗိမာန်
ပြောစည်။နဂါးပြည့်နိုက်။ယှိုသည့်များစွာ။မာလာဂန္ဓ။ ပန်းထို
မှုလည်း။လူ့ဘ ထွတ်ခေါင်။ စောမာရ်အောင်ကို။ ရည်စောင်
ပွင့်ပြား။နေနတ်သားလျှင်။ နှစ်ပါးညီညို့။ သွေးကြဉ်းဘိလျက်။
ခရီ.းအတိုင်။ မွှေးမွှေးလှိုင်မျှ။ ပျံ့ကြိုင်ရှင်းရှင်း။နံ့ထုံသင်းဖြင့်။
ညင်းညင်း ဖြည်းဖြည်း။ ငြိမ့်ကာတည်းလျှင်။ မသည်း စေရ။
ဝတ်ဆံမ၍။ ဖြည်းချလေနတ်။ ညှာကြွေဆွတ်မှ။လတ်လတ်မံ
စီ။ရွှေတော်ဆီဝယ်။တညီရွှေခဲ။ ပွင့်ဝတ်လဲလျက်။ဖဲလေနွမ်း
ယောင်း။တပါးပြောင်း၍။ ။ပန်းပောင်းကျုံးဖွာကုန်၏.
တည်း။ ။

သဗ္ဗညု မြတ်စွာဘုရားသည်၊ ဗောဓိပင်ရင်းနိုက် ဆဗ္ဗာထေးပါးကိုပွင့်
တော်မူ၍.။မာရ်ငါးပါးကိုအောင်မြင်တော်မူပြီးလျှင်(ဝါဆိုလဆန်း ၁၄)ရက်
ကသည်၊ဝါဆိုလပြည့်တိုင်ရုံကြွတော်မူခဲ့မှ။မိဂဒါဝုန်သို့သွားတော်မူလေ၏။
ကောဏ္ဍညအစယှိသော မဘာထေရ်ငါးပါးတို့ကို ဓမ္မစကြာတရား ဟော
တော်မူ၍.၊ကျွတ်စေလျှင်ထက်ဦးစွာဝါဆိုတော်မူခဲ့ပြီးမှဥရုဝေဠတောသို့ကြွ
တော်မူလေ၏.၊ဥရုဝေဠကဿပသျှင်ညီနောင်သုံးပါးနှင့်တကွ၊ တပည့်သား
ထထောင်တို့ကိုရဟန္တာချည်းဖြစ်လျှင်နောက်တော်ပါစေလျက်၊ရာဇဂြိုဟ်ပြည်
သို့ဘွားတော်မူ၍.ဗိမ္ဗိသာရမင်းကြီးအား ဖူးမြင်စေလျက်ဝေဠုဝန်ကျောင်း
တော်နိုက်နေတော်မူသောအခါ၊ သာရိပုတ္တရာ,မောဂ္ဂလာန်, မဟာကဿပ
ဟူသော အမြတ်သုံးပါးတို့သည်း ရဟန္တာချည်းဖြစ်နှင့်ပြီးမှ၊ ခမည်းတော်
သုဒ္ဓေါဒန မင်းက ထပ်မနားပင့်လှာရသော်၊ဆယ်ကြိမ်မြောက်သောင်းမျှ
သောက်သောမင်းစေတွင်နှောင်းဆုံးပင့်လှာရသောကာဠုဒါယီအမတ်ကာ၊တ
ပေါင်းလဆန်းသီတင်းနေ့ရောက်၍.ရဟန္တာချည်းဖြစ်လျှင်၊ရက်ထည်ရုံကြာ
မှ၊ဥပုသ်အပြည့်နေ့နိုက်ရွှေတော်ပြင်ဝယ်ရပ်၍. လက်အုပ်ချီလျက်၊ ဤဂါ
ထာခြောက်ဆယ်ဖြင့်ဘုရားသျှင်ကိုချီးမွမ်း လျက်တောင်းပန်၍.။ လဆုတ်တ

ရက်နေ့နှိုက်၊ ခမည်းတော်မင်းကြီးအား ဖူးမြင်တော်မူအံ့သောငှါ၊ ရာဇဂြိုဟ်ပြည့်ကသည်၊ ကပိလဝတ်ပြည်သို့ကြွတော်မူသောအခါနှိုက်ဇမ္ဗူဒိပ်ကျွန်းတွင်ယှဉ်သော ရေအပေါင်းတို့သည်ရင်း၊ ဆယ်ကုဋေမျှလောက်သော၊ ရေတွင်နေသော တိရစ္ဆာန် အပေါင်းတို့သည်ရင်း၊ ရေတွင်နေသော ရေပန်းအပေါင်းတို့သည်ရင်း။ရတနာသုံးပါးကို ကြည်ညိုရှိညွတ်စွာသောသူမြတ်စိတ်ကဲ့သို့ဖြစ်၍၊ ပူဇော်လင့်ကုန်သောအခန်းတည်း၊ ။

---

မဂ္ဂဿဥဘတော ပဿော၊ ဂါမ,နိဂမ,သမာကုလာ။
သဋ္ဌိ ပသန္နာ ဇနတာ၊ ရတနတ္တယမာမကာ။
တေသံ သမ္ဗုဒ္ဓသံကပ္ပါ၊ သမယော တေ ဉာတိဒဿနေ။

၆၅။ သာရသမ္ဘတော။ပရမေကိတ္တိ။ကြီးဘိကျော်သောင်း။ သူတော်ပေါင်းတို့။ ကောင်း၍ဟူသည်။ နှုတ်ရည်ဖြာ။ ရတနာဖြင့်။မင်္ဂလာဖွဲ့ငြိး။ ပူဇော်ပြီးသော်။ ဘုန်းမီးလျှံဝင်း။ တို့သျှင်ရင်းကား။ လူမင်းသောခါ။ ရာဟုလာကို။ မျက်နှာမြင်၍။ ဘွားသည်နေ့နှိုက်။ ပျော်မွေ့ရွှင်ပါး။ ဥယျာဉ်သွားရှင့်။ လေးပါးမှတ်ထင်။ နိမိတ်မြင်မှ။ ရွှေစင် ရောင်ထွန်း။ ဗိမာန်နန်းသို့။ ညခန်းချမ်းသာ။ ပြန်လတ်ရာဝယ်။ ကိသာတွင်ညီ။ ဂေါတမီလျှင်။ပွက်ချီစတောင်း။ စနည်းကောင်းတီ။ အပေါင်းလူ့နတ်။ ယောကျာ်းမြတ်၍။ရုပ်ဓါတ်ဆင်းဝါ။ လက္ခဏာကား။အင်္ဂါခပ်သိမ်း။ ရှုရာ ငြိမ်းဟု။ ညွတ်တိမ်း ကြည်စွာ။ နိဗ္ဗုတာဖြင့်။ ပျူငှါရွှင်ဝမ်း။ ဖွဲ့ ချီးမွမ်းလျက်။ ပြည့်တမ်းထိုက်မြဲ။ ဖိုးရခဲးသား။ပုလဲးရတနာ။အချာပြောက်ဆန်း။တုမဲ့ကျွန်း၍။လျှံထွန်းသရစ်။မှတ်စိနစ်သား။သွယ်ပြစ်ဆုတော်။ ပေးသရော်လည်း။ နှိုင်းလျော်မတန်။ ကဲးဆ လွှန်လျက်။ ပြည့်ဖုန်ကြက်သရေ။မြုတေသတီ။ဟ္မမောဘိသည်။ သိရိမဟာ။ မာယာချစ်သား။ ရွှေ

ဘုရား။ ။ပေါ်ပြြားဆန်းထူး။ကမ္ဘာဦးက။ငုံဖူးရဲရဲ။ပွင့်ချပ်ထဲး ဝယ်။ဖြစ်ခဲးတုံစွာ။ငါးဆူပါက။ဖြဟ္မာသိုထား။ လူ့စီးပွါးဟု။ ဘုရားရှေ့နိုက်။စဉ်တရိုက်လျှင်။ကပ်ထိုက်သည့်ချည်း။တို့သျှင် နည်းနှင့်။မိတည်းအရန်။နှစ်ဘို့ကျန်သော်။ယမန်တခါ။ပြည်ကို ခွါ၍။မဟာရန်။တောထွက်ပြီးလျှင်။ ဃဋိကာရ။သက်လှာကျ ၍။မြစ်စစဲးခြေ။ကပ်နှင့်ပေသား။ နိဗ္ဗာခေါင်ရန်း။ကြာသက်နိုး နှင့်။နေဝန်းစက်ရောင်။ခြည်အထောင်သို့။ပြောင်ပြောင်ညီညီ။ တင့်လွန်းဘိသား။ မျက်စိအသရေ။ ဘုမြို့တောကို။ ကျွတ်လေ ပါကောင်း။မင်းရှစ်သောင်းနှင့်။ စောလောင်းသုဒ္ဓေါ်။ ယသော် ဓရေး။ပဇာပတိ။ ကလျာဏီတို့။ နန္ဒညီ့သားချင်း။မောင်မင်းရာ ဟု။ မျိုးတရကို။ မွှော်ရှုစေချင်။ ဆယ်စုံတင်လျက်။ သဘင်ပွဲး ဟို။တောင်းပန်ဆိုရှင့်။ရာဇဂြိုဟ်ပြည်။ ရောက်သည့်အစ။ကြွား လကလျှင်။ တောင့်တလျက်ပင်။ သာကီဝင်တို့။ တိုင်းခွင်လွှန် ကျူး။ မြေခြားကူး၍။ ရှိဦးပူဇော်။သုံးလူ့ဘော်ကို။ ဆွေတော် သီးသီး။ဖူးပန်းကြွးသည့်။ ။ခရီးကြွညီကြွကြတည်း။ ။

၆၆။ တပေါင်းတပေါင်း။ ဆွေတော်ကောင်းတွင်။ အ ကြောင်း တင်းမေး၊ လွမ်းတာဝေးသား။ မိထွေးအရင်း။ မယ် တော်မင်း၏။သားချင်းညီမ။ မွေးဘတူပြီ။ဂေါတမီတုံ။ ပွက်ချို သြဇ။မြင်ချင်ကတိ။အစ်မဘုန်းယှဉ်။သိရိမဟာ။ဘွားခဲ့ကာလျှင်။ နတ်ရွာကြွလေ။ စောသနွေ့မှု။ မကြွေရွှေချက်။ ခုနစ်ရက်ကို။စုံ မက်မြတ်နိုး။ပန်းနွယ်ပျိုး၍။ချိုမိုးမအပ်။ ကိုယ်တိုင်ကြပ်လျက်။ ဆယ်ထပ်စောင့်ဘန်။သက်ထက်လွှန်မျှ။မင်းနန်းအထွေး။ငါ့ရင် သွေးကို။ လုပ်ကျွေးတပါး။ ထိန်းယထား၍။ သီးခြားအထူး။ ပိုက်လွှဲးကျူးရှင့်။ကျေးဇူးအဟို။ခံပါလို၍။ပုဏ္ဏိုလ်များခေါင်။ ကြီးပြင်းအောင်လျှင်။မစောင်ရင်နို့။ငါသာပို၍။မွေးတို့ရကျိုး။ ပြည့်အင်ပြိုးမျှ။ ထမ်းပိုးကြင်ဆ။ သားချစ်ဘကို။ လောကသုံး ပါး။အထွတ်ထားသား။ဘုရားဖြစ်ပြီ။ မြော်ချင်ဘိခဲ့။ အရှိမြင့်

ရှိရဲ့။ ချမ်းရိပ်နိုသား။ *ခဲအိုယှဉ်ဘော်။ သုဒ္ဓေါဘမင်း။ ဆွေ
သည်းရင်းနှင့်။ချက်ချင်းယခု။ သဗ္ဗညုတွင်။ တရတူပင်။ကျွတ်
ကြချင်ဟု။ ရည့်ထင် သံမြ။ မှာလိုက်လှ၏။ ထိုမှတပါး။ဆွေ
တော်များလည်း။တရားမဂ်ဖိုလ်။ရပါလို၍။ကုသိုလ်ဆယ်ပါး။
ရည်၍ထားသည့်။ ။မင်းများကိုယ်စိကိုယ်ငှတည်း။ ။

၄၇။ အကြောင်းအကြောင်း။ပြန်လိုက်ရှောင်းသည်။ချစ်
ပေါင်းပွက်ချို။ဆိုသွေးသိသော်။ ဒေဝိယသော်။ မိသူတော်
တုံ။ မပျော်နှလုံး။ မိန့်ခွန်းသုံးလျှက်။ ပုံထုံးနည်းဆောင်။ လူတို့
ဘောင်ဝယ်။အိမ်ထောင်မယား။သူတပါးကား။ မြောက်သား
မတော်။ မျိုးဘော် မထပ်။ ကြမ္မာစဉ်လည်း။ ချစ်အပ် ၍သာ။
မေတ္တာမတင့်။ကွာသည့်မြင့်ဟု။လွှမ်းခွင့်ဖြေတိမ်။ဆည်းတား
ငြိမ်၍။ရိုးရိမ်ဖျာပါ။ဖြေတတ်ရာ၏။ဥက္ကာရခ။မင်းလှဖြစ်ခြင်း။
မခြားလျှင်းတိ။သနင်းကြင်ဖက်။ငါ့ထိပ်ထက်ဝယ်။ဘွားဘက်
တရှိ။တဇာတိဖြင့်။သိရိမဟာ။မာယာသားချင်း။မွေးဘမင်းတူ။
တအူတကြိုး။ နွယ်ရိုးမယွင်း။ မယ်မင်း မောင်ကြီး။ ဦးရီးမင်း
ကျော်။သုဒ္ဓေါရင်နှစ်။ခမ္မရာဇ်လျှင်။အဖြစ်ထူးဆန်း။ရွှေသက်နှန်း
နှင့်။ဦးစွန်းဖြတ်ဖြတ်။ ဆွမ်းဝတ်ခံခံ။ သူ့နိုင်ငံတွင်။မကြံစတင့်။
မကျင့်စတောင်း။ ရှေးမင်းဟောင်းနှင့်။အကြောင်းမှူယူ။ မတူ
လေဘဲ။ မှတ်တွေကွဲ၍။ဆင်းရဲတရေး။တို့ ဘိုး,ဘေးလည်း။
ရပ်ဝေးတပါး။ခြေကျင်သွားဟု။မကြားစဖူး။ အံ့ကာမှူးခဲ့။ကျေး
ဇူးများရှင်။ ငါ့သခင်ကို။ မောင်ပင်သူမြတ်။ ကာဋ္ဌမြတ်လျှင်။
ညွတ်ပြတ် ရှိသေ။ ပြန်ပါလေဟု။ သံချေ မှာသီး။ ခြင်းရာမှီး
သည့်။ ။ပန်းကြီးဆိုချိဆိုချတည်း။ ။

---

* ခဲအိုယှဉ်ဘော်၊ ဟူသည့်ကား။ မဟာပဇာပတိဂေါတမီ
ကိုဆိုသည့် အကြောင်းကား။ ဘုရားသျှင်မယ်တော်သိရိမဟာမယာက-အစ်
ကြီးဖြစ်၍ သုဒ္ဓေါဒနမင်းကို ခဲအိုတော်၏။ တဘန်ပဇာပတိဂေါတမီကိုမိ
ဘုရားမြှောက်ပြန်သောကြောင့် သုဒ္ဓေါဒနမင်းကြီး(ယှဉ်ဘော်)လည်းဖြစ်ပြန်
၏။ ထိုကြောင့်(ခဲအိုယှဉ်ဘော်)ဟုရေးသည်။ ။

၆၈။ မပြောင်းမပြောင်း။ရှေးဖြစ်ဟောင်းက။စုံပေါင်းမ
ကွာ။ဆက်ရှည်စွာတုံ။ယွင်းရာမဲ့ဘဲ။ဘဝလွဲးလည်း။ မကွဲးတူ
နေ။ကြာနှင့်ရေသို့။သချေ်လေးဘန်။သောင်းဆယ်ပြန်တိ။အသား
သွန်လုံ့လ။ ဂုဏ်ဉာဏကို။ ထောင်စစဉ်ဝေး။သံသာရှေးနိုက်။
ကံကျေးဒါန။ရင်းချာလှ၏။ထပ်ဆကာကာ။ ဝါသနာကြောင့်၊
မဟာဒေဝီ။ကြိုလို့ညှိုးငယ်။သနားဘွယ်တိ။ နှိုင်းဆွယ်မမြော်။
မြောက်သားတော်လျှင်။ရှင်ပျော်ခိုင်ဆုန်း။ရွယ်စံတုန်းက။ရှေး
ဘုန်းပညာ။သဏ္ဍာဒါဖြင့်။သစ္စာမုံကြီး။ရင့်လှပြီးသော်။မြင်းထီး
ဖြူကဏ်။ နောင်ဆန်နှင့်သာ။ ညဉ့်ခြင်းခွါ၍။ ကေသာဆံရှင်။
ကောင်းကင်လွှတ်လွှတ်။ ပဋ္ဌုချွတ်လျက်၊ မိုးထွတ်ဗြဟ္မာ။မြစ်
နေ်မာတွင်။ကပ်လှာသက်နိုး။ ရဟန်းဖြစ်ပြီး။ ကျင့်ကြီးဒုက္ကရ
စရိယာ။ အစာဆင်ခြင်။ ခြောက်နှစ်စင်ဟု။ သို့ပင်ခေါင်းပါး။
မေးတင်းကြားမူ။ ဆီးတားမတုံ့။ ဝိုးလွင့်ပျံလျက်။ ဆယ်ရံ့ရံ
ခါ။ရာဟုလာကို။ မျှော်ရာမျက်ရှု။ ကြေးမုံပြုသည်း။ အတုနှိုင်း
လွတ်။ဦးထိပ်မှတ်သား။သိဒ္ဓတ်ကုမာ။ရက်လှစွာ၍။ချစ်ပါမငဲ့။
တောထွက်ခဲ့က။ချွဲချွဲဆွတ်ဆွတ်၊ သည်းအူပြတ်မျှ။တိမ့်ညွတ်
ကြင်သက်။မျှော်လှည့်လျက်လျှင်။ ဘွားဘက်တော်သည်။ကွာ
မြင့်ရှည်သော်။ အလွပြည့်ဗုန်ဗုမ်း။တ,များလွမ်းသည်။ ။ဖြိုက်
လွမ်းယိုဖြိုယိုကျတည်း။ ။

၆၉၊ တချောင်းတချောင်း။ သက်ထက်ပေါင်း၍။ ပွင့်
ညောင်းသစ္စာ။ရှေးသံသာက။မေတ္တာမြဲးကိတ်။ ချစ်သည့်စိတ်
ကြောင့်။ဆွေမိတ်ချစ်ခြင်း။ မိဝိုးမင်းလျှင်။ သိတင်းရှစ်မည့်။တ
ရားတည့်လျက်။ဆံချည်ဆယ်ခြမ်း။ ရွှင်သည့်ဝမ်းဖြင့်။ပြောက်
သမ်းမထင်။သို့စင်တောင်တာ။ ရှည်မြင့်ကြာလည်း။ ကြင်နာ
ကဲးဆ။ကျွတ်ထိုက်လှ၏။ဒိပကျွန်းတွင်း။ပြည်ထောင်ချင်းကို၊
သံညင်းမိန့်ချေ။သုပဏ်ပေနှင့်။ခွဲ,ငွေလက်ဆောင်။သိန်း,သန်း
အောင်တိ။ မြားမြောင်စုကျင်း။ ကိုယ်လုံးနှင်း၍။ ထံရင်းလူ့
ထိပ်။ပွက်ဖျာရိပ်က။တံဆိပ်ပုံတူ။ထိုမျှလူအား။စိတ်ဖြူမတန်း။

မတာပ်စွန်းတည့်။ထူးဆန်းကျင့်နေ။ မြတ်ထွတ်ပေ၍။မြုတေ
ဂုဏ။ကျွတ်ထိုက်လှ၏။ သီလမယွင်း။ စောင့်စည်းပြင်းလျက်။
ပြိန်းဖျင်းမြန်လူ။မျိုးခြားသူနှယ်။ မူယူမစပ်။ နှိုင်းရာလပ်၍။လူ့
ရပ်ဝယ်ထား။ခြောက်ပါးနတ်ပြည်။ရှာဖွေနှည့်လည်း။တူသည့်
မယှိ။ ရာဟုမိကား။ တရှိဘွားဘက်။ ဖြစ်ခေါက်ရက်လျှင်။ဆွေ
စက်အထံ။ အသက်နှံ့၍။ ကောင်းကြီရည်မျှော်။ချီးမွမ်းတော်
ကို။သုံးဘောင်ပွဲးတွင်။ဦးထိပ်ပြင်ထက်။ကြည်လင်ရှိသေ။ရွက်ရ
စေဟု။ညီပေထဲးပ။မှတ်ထိုက်လှ၏။ဤမျှပျော်ခင်း။ သခင်မင်း
နှင့်။ ဝင်းဝင်းရိပ်ငြိမ်။ နန်းဆွေအိမ်ထက်။ စည်းစိမ်တူကွ။မစံရ
လည်း။ သုခသမွှော်။ ပြည့်မြတ်ကျော်မှ။ နောက်တော်မကွာ။
ထိုက်ချင်စွာဟု။ ဖြဟ္မာစိုရ။ မြူဆွစိတ်ကြည်။ ဖြောင့်ကြီစည်
လျက်။ဖန်ရည့်ဝတ်မှန်း။ထုံးကျစ်စွန်းတိ။ ပြည့်ဝန်းသော်တာ။
စန္ဒရာသို့။ ကလျာငါးတွေ။တွားညက်ချေလျှင်။ မပြေထုံးမိုင်း။
ချုပ်ရိမှိုင်းက။နွေတိုင်းပူဇော်။ လွမ်းစိုက်ခေါ်သည်။ ။ရိပ်
တော်ခိုမှီခိုကြတည်း။ ။

၁၀။ တခေါင်းတခေါင်း။ညှိစည်းပေါင်း၍။ ကျင့်ကောင်း
သမာ။လူတကာတုံ။လှုပ်ခါပွဲးပြီး။ မှည့်ရွှမ်းသီးသား။ကောက်
ကြီး ကောက်လျှင်။ ကျီ,ကြဝင်လျက်။ အခြင် အကြင်။ ထက်
ဝန်းကျင်မှ။ဖူးချင်သည့်ချည်း။ တောတောင်ကြည်းမှု။ နရည်း
ခရာ။သံသာခွက်ခွင်း။ခရုသင်းတိ။ဒုံမင်းသံလေး။ခြူဟေးကုန်း
ရ။သိ,က,မှုတ်,တီး။ စည်ကြီး သံထင်။ ပဥ္စင်တူရိယာ။ မဟာ
ဒါန။ဝေဌအလှူ။ပစ္စုံစုလျား။ပိတ်ပါးကျည်းဖြစ်။ ဦးရစ်ဖေါင်း
ဖျင်။ ဒုယင် ဆေးစွန်း။ သက်နှီး,သပိတ်။ ပရိက္ခရာ။ စုံစွာရှစ်
ပါး။ကရား,ပဲးခွပ်။ဘိနပ်,တောင်ဝေး။ကံကျွေးအသစ်။ ရေစစ်
ကရိုဏ်။ဖိထိုင်သလွန်။ ဗိတာန်ကောင်းယဉ်။ အင်းပျဉ်ညောင်
စောင်း။ကိန်းအောင်းမွေ့ရာ။ ကမ္ဗလာလည်း။ သင်္ခါလှူဘို့။ ပါ
ကုန်မြို့လျက်။ ထိုသို့တပါး။ သုတ္တံအားကား။ ဆေးဝါးစုဖက်။
အညက်ထော်လီ။နယ်ဆိစုရ။ဧး္ဗြ ငြိမ်စွာ။ယမကာဖြင့်။မြူတာ

ရေချမ်း။ ကျောင်းတော် လမ်းသို့။ သယ်ကမ်း ရွက်မို့။ အချို
သသူ။ အကြင်လူမူ။ ထီးဖြူဖွေချက်။ ညောင်ရွက်ဖွေစင်။ သံရှင်
ဖွေချူ။ လူလူပန်းပွါး။ ပွဲလျှားတမ်းခွန်။ ဗိတာန်ကာမိုး။ ပုဆိုးငွေ
စောင်။ သောင်းထောင်ရောင်ဝန်း။ ကာဖြန့်သန်း၍။ ဆွမ်းပန်းရ
သာ။ သုဒ္ဓါဘုတ်ကောင်း။ နံ့ပေါင်းကျစ်ကြော်။ ဆီပေါ်ကင်
ဖုတ်။ သားပြုတ်စမဲး။ တင်လဲးသကာ။ ဃနာများရည်။ ပွတ်
ကျည်ထောပတ်။ နှမ်းချွတ်နို့ခမ်း။ စါးဆွမ်းကြိုင်မွှေး။ ဘုဉ်းပေး
လောက်အောင်။ လူ့ထွတ်ခေါင်ကို။ ရည့်စောင်မိုလ်ပါ။ အုပ်
အာသီးသီး။ နိဗ္ဗာန်မှီးသည်။ ။ဆုကြီးလိုညီလိုလှာတည်း။ ။

၇၁။ အသောင်းအသောင်း။ စည့်ပင်ဟောင်းတိ။ မပြောင်း
အိမ်ခြေ။ ရွာနေနဂိုရ်။ ထိုထိုနိုင်ငံ။ လုပ်ကြံ့ဖွဲ့ဖြိုး။ သူကြီးသူလတ်။
မှူးမတ်,သေဌေး။ ပုဏ္ဏေး,ပုဏ္ဏား။ လေးပါးမျိုးနွယ်။ ကုန်သွယ်
လယ်ထွန်။ ခေါင်း ဝယ် ဖေါက်စား။ ရပ်တိုင်း ကားယည်း။
ခွန်အားကိစ္စ။ လွန်ကုံငြို့။ ဂေါစရံ။ ဆွမ်းတော်ခံ၍။ ကျိုး
နွံ့ရှောင်းရှောင်း။ စလောင်းရောင်ထင်။ ဖွေစင်ယောက်ခွက်။
ပွတ်ချောလျှက်တည့်။ နံ့သက်မွှေးမွှေး။ သလေးသီတာ။ သုဒ္ဓါ
လှိုင်ကြူ။ လျှင်ဆောလှူလျှက်။ မိုလ်လူထိတ်ထိတ်။ ကြည့်သည့်
စိတ်တိ။ သပိတ်လက်ဝယ်။ အလှယ်လှယ်လျှင်။ သပ္ပါယ်ဖြိုးဖြိုး။
အကျိုးငါးစု။ အာယု,ဝဏ္ဏ။ သုခ,ဗလော်။ ပညာကျော်သား။ မျက်
မြော်,သံသာ။ ပွါးတတ်စွာဟု။ မြေမှာဆိုက်ဆိုက်။ နဖူးတိုက်
၍။ အမှိုက်ပုပ္ပေါင်း။ ဆူးယောင်းတံရှယ်။ ပစ်ပယ်သစ်ငုတ်။
ခလုတ်ကန်သင်း။ ကုန်းကျင်းညီစိမ့်။ အနိမ့်မို့ဆင့်။ အမြင့်ပေါက်
နိမ့်။ မွှေသိမ့်ထွားထွား။ ဖွေဖဝါးဖြင့်။ တရားရေ့ဇာ။ မဟာမုနိ။
ကြွပါဘိသော။ ပီတိပြောစွာ။ ဈောက်ပန်ထွာလျှက်။ သဒ္ဒါနှ
လုံး။ လူခန့်ကျုံးကို။ ပခုံးခေါင်းထက်။ သွယ်ရွက်ခုတ်ထွင်။ သုင်
သင်ရှင်းရှင်း။ ခရီးခင်းကို။ တူးရွှင်း,အိမ်ထား။ သံပြားစိတ်ဖြာ။
တူးဌါထမ်းဆောင်။ သွားသာအောင်လျှင်။ ဖေါင်ဖေါင်တွင်လှာ။
နတ်လမ်းမသို့။ ပုညခတ္တံ။ ဘေရ်ပျံ့နှစ်သောင်း။ သျှင်အပေါင်း

နှင့်။ လူကောင်းသမွာ။ နောက်တော်ပါသား။ မြတ်စွာအထွတ်။ နတ်ထက်နတ်၏။ စက်မြတ်မြုတေ။ နင်းထိုက်စေဟု။ ဖုတ်ငွေ ချောမှု။ ညှိညွှတ်ကြသည်။ ။တူးဆွမ္ဗြိုညီမြိုစွတည်း။ ။

၁၂။ မနှောင်းမနှောင်း။ သူတော်ကောင်းကား။ လျှင်ကြောင်း လားနှင့်။ ဖူးချိန် သင့်၍။ ရွှေဖြင့် တန်ဆောင်။ ပြောင် ပြောင် ရွှန်းရွှန်း။ ညီးလင်းထွန်းလျက်။ မီးပန်းချယသား။ စကားငုံဖူး။ ဆိတ် ဖလူးနှင့်။ မီးရှူးရဟတ်။ သရက်ပွတ်၏။ ရုပ်ဓါတ်အလျှံ။ မီးပျံ့ စိန်ပွင့်။ ပြမ်းဆင့်မြင့်မိုရ်။ မီးညို့၊ မီးပြူ။ ကြည့်သူမငြီး။ မီးဆင်ကျီး နှင့်။ တသီးဆန်းလျက်။ မီးကြွက်ကျည်းပါ။ ထွေလာမီးဖါး။ အ ပြားပြားတိ။ ထွန်းငြားဝါခြင်း။ ပိုးပိုးဝင်းမှု။ သင်းလင်းရှိန်ပြေး။ မှောင်ရိပ်ဝေး၏။ တင်မေးတင်နှာ။ ချောက်ကုန်လှာသား။ ပျူငေါ ပြေပြစ်။ လူကျစ်သျစ်မူ။ ပန်းစစ်အကျော်။ ရွှေလှော်လေးချိန်။ ဖုံး မသိန်၊ ကတိုး။ ထုံရိုးစုံစွာ။ စမွါ၊ ကရမက်။ ပန်းလျက်၊ အန်ဖတ်။ ဖျော်နှင့်ခတ်၍။ သွဲ့ပတ်အနံ့။ ပျံ့ပျံ့ဒါရူ။ မွှေးကြူရည်ပျောင်း။ ကြိုင် နံ့ကောင်းသား။ ဖေါ်ပေါင်းသင်ပုတ်။ နံ့ ပရုတ်လည်း။ ရွှေကြုတ် ရွှေအိုး။ နံ့သာမျိုးတိ။ မြိုးမြိုး ကြဲဖျန်း။ လမ်းတိုင်းသွန်း၍။ မ တန်း မြူမြေး။ ကြိုင်နံ့ ဧး၏။ မွှေးမွှေး ကြူကြူ။ တချိုသူကား။ ပန်းပြူ၊ ပန်းနီ။ ချယ်စီပန်းထိး။ ပန်းကြီးအမြှောင်။ ပန်းထောင်လှ ဆုံး။ ပန်းကုံးမိတာန်။ တမ်းခွန်ပြောက်ကျား။ ရဲလေးပွါးနှင့်။ ယ မားနေကာ။ လှူဘို့ပါလျက်။ သဒ္ဓါစိတ်ဇေး။ ကြည်စိတ်ပြေး၏။ စဉ်ရှေးသံသာ။ ယာဉ်စကြာဝယ် ခန္ဓာငါးပါး။ လှဲ့ဖေါက်များ ၏။ တရားနမ်ရှုပ်။ တလုပ်လုပ်လျှင်။ မချုပ်လေဘတ်။ ဒုက္ခဝဋ်မှ။ အထွတ်ချမ်းသာ။ အရိယာတို့။ ငြိမ်းရာစတေ။ နိဗ္ဗာန်မြေသို့။ မ သေမအိုရ်။ ဖြစ်တုံလိုဟု။ ကုသိုလ်များမြတ်။ ဖြင်ညီးခတ်မှု။ လူ၊နတ် ခန့်ချုံး။ ဖူးမှာရုံးသည်။ ။အားလုံးဟိုညီဟိုကြတည်း။ ။

၁၃။ အကောင်း အကောင်း။ ညှိကြ ပေါင်း၍။ ဆယ် ချောင်းစုံလျက်။ ဦးထိပ်ထက်လျှင်။ တုဘက်လွတ်ကင်း။ တရား မင်းဝယ်။ ဟောခြင်းမဂ်ဖိုလ်။ ကျွတ်ပါလို၏။ ကုသိုလ်အရာ။ ရ

တနာတိ။ ပါဘိ အများ။ ပတ္တမြားနှင့်။ ဥသာဘယား။ ပြယားနီ
လာ။သန္တာစိန်ကြောင်။ ပြူရောင်ပုလဲ။ မြခဲဂေါ်မိတ်။လျှံဖိတ်
ရည်ရှင်။ ပူဇော်ရင်လျက်။ သဘင်ကျင်းကျင်း။ ပွဲကြီးခင်း၍။
မင်းလည်းခန့်ချုံ။ အားလုံးမကျန်။ ဖူးဖွာပန်ရှင့်။ နက်ဖြန်ညဥ့်
က။ ရွှေစက်ကြွလော့။လောကဇန္ဒု။ သဗ္ဗညုလျှင်။ ဥဇုမဂ္ဂ။သျှင်
များရုံလျက်။ ထွန်းလျှံညီးညီး။ ရွှေရည်စီးသို့။ မင်းကြီးသုဒ္ဓေါ်။
နေတော်ဌာန။ကပိလနှင့်၊ရာဇဂြိုဟ်မည်။ ဤပြည်အခြား။ ခရီး
ကြားဝယ်။ အများ ပရိသတ်။ ရှိညွတ် စည်း ပေါင်း။ ကြိုကုန်
ရှောင်း၍။ တဲးကျောင်းသာစွာ။ ပြုနှင့်လာသည်။ သချ်ာချင့်
တွက်။ခြောက်ဆယ်ရက်ကို။ပန်းသက်မယူ။မည်သူမကျန်။အ
ချိန်တန်ဖြင့်။ မလွန်မစောင်း။ထေရ်နှစ်သောင်းတိ။ လူကောင်း
သမာ။ နောက်တော် ပါသား။ အခါ ခပ်သိမ်း။ သာချမ်း ငြိမ်း
လျက်။ပန်းစိမ်းမိုးကာ။ရိပ်သာဆိုင်းဆိုင်း။ပြိုင်းရရိုင်းလျှင်။ ကွန့်
တိုင်းစက်တော်။ ချထောက်ရော်၍။ သွားပျော်မငြီး။စီရင်ပြီး
သည်။ ။ဝေးနီးဗိုလ်မှိဗိုလ်မျှတည်း။ ။

၇၄။ တခြားတခြား။ရပ်ရှစ်ပါးမှ။တိုင်းကားနိုင်ငံ။ဂရုမံ
ဖြင့်။ကောင်းကြီဖြောင့်ဖြောင့်။တရားစောင့်သား။ ရှစ်သောင်း
လေးထောင်။ မင်းကုန်အောင်လည်း။ လက်ဆောင် များစွာ။
ပဏ္ဏာကာရ။သူ့ဘွယ်စသား။ ဒါနဝတ္တု။ ပြုအံ့ပန်းကြီး။အပြီး
ပြီးလျှင်။ခရီးကြိုလင့်။ ရေကြောင်းသင့်မူ။ ရေဖြင့်စုံသွား။ မင်း
တို့အားကား။လှော်ကားအိမ်ဆောင်။ရွှေဘောင်ရွှေလောင်း။ပဲ့
ပေါင်းပြောက်မွမ်း။တမ်းခွန်ရောင်ထင်။သံရှင်ခတ်တီး။ ညီးရ
ရိုးတိ။လှေကြီးဖှော့လျှင်။မြစ်ခွင်စုန်ဆန်။သံဃန်ကျိုက်ကျိုက်။ဦး
စီဆိုက်၍။ကြည်းနှိုက်အုပ်ထွေ။ တောင်ခြေအခင်း။ အကြင်
မင်းတို့။ ဆင်,မြင်း,ရထား။ လေးပါးစစ်အင်။ ကျင်းလျက်ပင်
တည့်။မွမ်းဖြင်ပရိသတ်။ရုံမှူးမတ်နှင့်။ ဆွတ်ဆွတ်သဒ္ဒါ။စေတ
နာကြောင့်။ လျှင်စွာစိုက်ပိုက်။ ဖူးနှင့်လိုက်၍။ အမြိုက်ဝေဌ
ရနီနွှလျှင်။ ပွင့်စဆဲဆဲ။ ကျော်ဆင့်ကဲလျက်။ ရဲရဲသစွာ။

ဗြဟ္မာသန္တာနံ။ ရဋ္ဌာနံရှုရှု။ မာဂဓဖြင့်။ လျှင်ဖွပြွတ်ပြွတ်။ မုက္ခ
ပါဋ္ဌတိ။ တွတ်တွတ်ညှင်းညှင်း။ သာခြင်းချေးချေး။ ပျံမွှေးအ
ကျော်။ တရားတော်ကို။ ကြားသော်သဒ္ဒါ။ ဘာသာစရိုက်။ လှု
ဗိုလ်လိုက်ဖြင့်။ နားနှိုက်ဝင်နေ။ သိကုန်လေသော်။ စိတ်စေတ
နာ။ ကုမုဒ္ဒါပဟု။ တရားအထပ်။ ကြိုင်နှံ့စပ်မျှ။ သုံးရပ်နတ်,လူ။
ဗိတုန်းဟူသား။ ဒူဒူ သောင်းသောင်း။ ပျားအပေါင်းတို့။ ပျံ
လှောင်းဖေးမြက်။ ရွှေကြာရက်ကို။ စုံမက်ဝမ်းတွင်။ သောက်ကြ
ချင်သော်။ အရှင်သူကြီး။ ယှိုရာမှီး၍။ ခရီးသွားဆက်။ မျှော်လင့်
လျက်သည့်။ ။ဦးထက်ကြာငုံကြာငုံတည်း။ ။

၁၅။ *တရားတပါး။ အမျိုးပြားသား။ ပုဏ္ဏားမြန်မာ။ ဗျာ
ပါစင်းကြန်။ ကြန်တန်ပျော့ဂွမ်း။ ကမ်းယံပြုမြို့။ သထုံတလိုင်း။
စဉ့်တိုင်းသက်သား။ ကုလားပန်းသေး။ ရပ်ဝေးကျည်းလို။ သိန်း
ဃိုဋ္ဌဗာလိ။ ဗောဓိပင်ကာ။ ဘာသာသင်းတွဲ။ ရပ်လှဲတထူး
ကန့်တူး နားဘက်။ တရက်သူလှို။ စာလိအဘက်။ အိပ်ပက်
စဏ္ဍား။ ယိုးဒယားနှင့်။ တခြားသင့်ထောင်။ ပလောင်လဝ။ သုဘ္ဘ
ထူးဆန်း။ ရှမ်းယွန်းဦးပြည်း။ မျက်နှာမည်းနှင့်။ ကသည်း,က
ရင်။ စုံအင်ချင်း,လင်း။ တနင်္သာရီ။ ဇော်ဂီသိပ္ပ။ ကုလားနဟာ။ တရား
တပါး။ ပြားသားအထွေ။ ဇမ္ဗူမြေတွင်။ နေသားခန့်ချုံး။ လူ့အ
လုံးလည်း။ ရွှေကုံး ရတနာ။ ကြည်စွာ ပြတ်ပြတ်။ ပီတိညွှတ်
လျက်။ မျက်မှတ်ကြေးမုံ။ ရှုတုံတုံလျှင်။ စုံစုံမက်မက်။ ကြားခက်
လျက်သည်။ ။ကျူးရက်ချာရုံချာရုံတည်း။ ။

၁၆။ အများအများ။ ထပ်လတ်ပွါး၍။ မအားခြေချ။ တိုး
ကြဦးစိ။ ကိုယ်ချင်းမှီလျက်။ ပည်းသိထက်ဝန်း။ သိန်း, သန်း
သင်္ချာ။ ရောက်လှာ ပြေဒထူ။ အကြင်လူတို့။ အယူ ဝမ်းတွင်။

*စွယ်စုံကျော်ထင်အဖြေကျမ်းဒုတိယအုပ်။ ပုဏ္ဏားနံပါတ် ၁၁၄ ဝိထာဏ္ဍနာ
နှင့် (ဤပျို့) လူမျိုး အရေအတွက်မတူ။ ။ပိုဒ်ရေ ၁၄ တွင်။ တခြားတခြား
ဟူ၍ရှင်း။ ပိုဒ် ၁၆ တွင်။ အများအများ ဟူ၍ရှင်း။ စပ်သည့်အတိုင်း။ ဤပိုဒ်
၌လည်း။ တရား့တပါးဟုယှိသင့်လျက်။ ထရေးတပါးဟု ကာရန်ကိုင်၍ စပ်
ဆိုသည်။ ။

ကိုယ်စီပင်လျှင်။ဖူးချင်ထပ်ယှို။ ကြည့်ဘိစတုံ။ ဖြင်ပုံပရိသတ်။ ရှိညွှတ်ဝမ်းမြောက်။မျှစင်လောက်ဝယ်။ တယောက်ငါ့မှာ။ငါ့ ဘို့သာတည့်။မဟာဇိနေ့ဘ်။သုံးလူ့ဘော်ကား။သံတော်မြရည်။ ဟောပေသည်ဟု။ ဆော်တည်ကြကုန်။ ပြင်းဟုန်သဒ္ဒါ။ဉပမာ မှူ။ သော်တာစန္ဒ။ကောင်းကင်ဝဝယ်။ဆွဲဆွဲငြိမ်ဝါ။ လူတကာ တို့။မျက်နှာအခ်ိ။ထွန်းပြိတည့်တည့်။ ပဘာဘ့ည့်သို့၊ လပြည့် သဖွယ်။ ဆန်းတကြယ်လျှင်။ ခြောက်သွယ်ရောင်ထု။ သဗ္ဗညု တုံ။ အတုမယှို။ပြောင်ပြောင်ညိမ္မျ။ သတ်ပဋ္ဌာန်။ ကျေးဇူးမွန် တိ။ကျွတ်တန်သသူ။ကျွတ်စိမ့်ဟူ၍။ ဓမ္မဒိပါ။ ကျွန်းမျက်နှာ ထက်။သစ္စာလေးပါး။ပွင့်လတ်ငြားက။တရားစမ္ဓ။ဘဝဂ်လျှံမျှ။ ကျော်သံ မဆုံး။ ပန်းနှယ်ကုံး၍။အားလုံး အားထား။တွေ့ငြား ပြီးမြောက်။ပြည်ရွာရောက်လည်း။တခေါက်ထင်ထင်။မြင်ချင် ရှုပြန်။အဘန်ဘန်လျှင်။မလွန်ခဲ့ရက်။မြတ်စုံမက်သည်။ ။ဖူး မျှော်လာတုံလာတုံတည်း။ ။

သဗ္ဗညုမြတ်စွာဘုရားကို ခမည်းတော်သုဒ္ဓေါဒနမင်း။မိထွေးတော်ဂေါတ မီ။မြောက်သားတော် ယသော်ဓရာမှာလိုက်သော အခြင်းအရာနှင့်၊ ဓမ္မဒိပ် ကျွန်းသူအားလုံးတို့သည်ဖူးမြင်ကုန်သောအခန်းတည်း။ ။

---

တေသုတေသုပဒေသေသု၊ဒေဝါမာနုသကာဉဘော။
ဂန္ဓမာလာဘိပူဇေန္တိ၊သမယောတေဉာတိဒဿနေ။ ။

၁၁။ ဗုဒ္ဓသေဋ္ဌော်။ကြိးနူဘော်ဖြင့်။မမြော်စဘူး။ကျေး ဇူးဆန်းကြယ်။ ပျိုနုရွယ်က။ အံ့ဘွယ် ဖျားလှ။ ဒေဝိလလျှင်။ ဘွားစဖူးသွာ။ လင်္ကာဏာကို။ ရှုပါဖွှည့်ချေ။ ညွှတ်ရှိသေဟု။ ကပ်ခြေလှည့်မှား။ဦးစွန်းဖျားထက်၊ ဖဝါးရွှေစက်။ နှင်းလျှက် အရောင်။ပြောင်ပြောင်ဝင်းဝါ။ မြင်သောခါလျှင်။ သစ္စာလေး မည်။ပွင့်အံ့သည်ဟု။ ရွှေပြည်အုပ်စိုး။ ဘ ရှိခိုး၏။ ကျော်ဟိုး ဖြင်းထန်၊ထိုပြီးလွန်တုံ။လယ်ထွန်မင်္ဂလာ။ပြုသောခါနှိုက်။နေ

ဝါကွယ်စိပ်။သပြေရိပ်တွင်။ စက်ဒိပ်ပျော်ကြောင်း။ ထိန်းယာ
ကောင်းနှင့်။မတ်ပေါင်းရုံခြို။ ရံစေတုံရှင့်။ ပူရုံညွှံ့စဲ။မွန်းတည့်
လွဲလျက်။ငြိမ်းမြိုးကာဆီး။ခုပ်သည့်ထီးသို့။ ပင်ကြီးဇမ္ဗူ။ချစ်
သူဆင်ပွါး။ခြည်ရှိန်တားက။ ထိပ်ဖျားဆယ်စုံ။ ရွက်ပြန်တုံ၍။
ကြေးမုံအတု။သက်မှတ်ရှုလျက်။ ကျွတ်ဆုထင်ရည်း။ အငယ်
တည်းက။ခမည်းမင်းကျော်။သုဒ္ဓေါဒန။ကဲဆာမြတ်ကြင်။ နှစ်
ကြိမ်စင်ဘည့်။ဦးတင်ကော်ရော်။ရှိပူဇော်သည်။လူ့ဘော်တ
မွတ်။ဘုရားမြတ်။ ။ဘုံထွတ်မြတ်စွာ။ဆကာမာနိုက်။ သဒ္ဒါ
ကြည်ယုံ။နတ်တို့တုံလည်း။အဟုံဖြင်ညီး။လမ်းစဉ်မှီး၍။ ခရီး
ထက်ခွင်။ပွဲသဘင်ဖြင့်။ရိုးပြင်ပိတ်မှု။ လာကုန်ကြသား။ ဘုမ္မ
မြေစိုး။ရုက္ခမျိုးတိ။တန်းခိုးကြီးစွာ။ ဂန္ဓဗ္ဗာတို့။ ညီညာပေါင်း
ညှိ။သဏ္ဍုသိတ။သုယာမ်စသား။ပဥ္စမာလီ။အညီဇူန္ဓ။အကိုရ
နှင့်။ဟေမဝတာ။ သာတာဂိရိ။ မာတလိဟု။ မည်ယှဉ်ထင်ရှား။
နတ်မင်းများလည်း။ ဘုရားမြတ်ကို။ ဖူးလင့်ဆိုလျက်။ မဂ်ဖိုလ်
ကုန်စယ်။ရကောင်းဘွယ်လျှင်။လှယ်ပယ်ရင်းထုတ်။ကြိုးကုတ်
လုံ့လ။စေ့ပျိုးမှတည့်။ လောဘမြှေးရိ။ ဝိဇ္ဇာငြိသား။ ဒိဋ္ဌိဝါဒ။
ရိက်မောဟကြောင့်။ဩဃမြစ်ယဉ်။သံယောဇဉ်ကို။ ဖဲကြဉ်
လွှတ်နိုင်။ကူးခတ်ပိုင်၍။မပြိုင်ရန်သူ။ သေမင်းဟူလည်း။ မပြု
လှာလျှင်း။ဘေးမှကင်းသား။ သာချင်းပြည်မွန်။ မြိုက်နိဗ္ဗာန်သို့။
မကျန်သွေးဆောင်။ရော်လျှင်းအောင်ဟု။တိမ်တောင်မြင့်ဖျား။
တိမ်ကြားရပ်မှ။ ကိုယ်ထင်ပြ၍။နေ,လနတ်သား။နတ်အများ
နှင့်။သိကြားရှေ့တည်။ရှိဦးရည်လျက်။ ခြောက်ပြည်ရပ်ထင်။
ဖူးလှာကျင်သည်။ ။ကောင်းကင်အနှံ့အစပ်တည်း။ ။

၁ဂ။ အသိအသီး။ ကုသိုလ်ကြီး၍။ ထိုပြီးတရပ်။ နေ
မှတ်အပ်သား။အကွပ်ပိုးမှူး။ဘီလူးကုမ္ဘဏ်။ ယုဂန်ထိပ်ဖျား။
နတ်လေးပါးနှင့်။ သိကြား ယုံကျုံ။ ဝိသကြုံလည်း။ ပဇ္ဇုန်ဖျန်း
ဆွတ်။ သူရဿတေ။ မဟောသရ။ ဇဝနဟု။ သောမ,ယာမာ။
မဟာဂိရိ။မဏိမေခလာ။ ဂင်္ဂါရေစိုး။ နတ်မျိုးဖုတ်ပြိတ်။ပရ

မိတ်သွာ။ ကဝါလမိုင်း။ နေ့တိုင်းမချာ။ ရောက်နှင့်လှာလျက်။ သဒ္ဒါရွှင်းရွှင်း။တရားမင်းဝယ်။သိတင်းအားထုတ်။ဥပုသ်ရှစ်မည်။ ဆောက်တည်ချင်လွှန်း။ ပီတိပွှန်းလျက်။ နတ်ပန်းဖျော်ဖျော်။ပူဇော်အားရမ်း။မလ္လာပန်းဖြင့်။ ရွှင်ဝမ်းမြောက်မြောက်။ ကျူးသံထောက်လျက်။ တယောက်မလွတ်။ ရိုညွတ်ကိုယ်စီ။ လက်အုပ်ချီ၍။ပန်းသိပန်းကုံး။လှဆုံးပန်းခိုင်။စွဲးလျက်ကိုင်၍။ ပည်းလိုင်ဂုဏာ။ သုံးလူ့ဘကို။မျှော်ကြပြောပြော။ ရှုမိန်းမောလျက်။ စိတ်ဇောကြည်လင်။ ဦးထိပ်တင်သည့်။ ။သောင်းခွင်အလွှံအထပ်တည်း။ ။

၁၉။ အဖြိုးအဖြိုး။ ရှုမငြိုးသား။ ခရီးဦးကြို။ ဖူးလင့်ဆိုလျက်။မြင့်မိုရ်အထိပ်။သာချမ်းရိပ်ဖြင့်။ သုံးကျိပ်သုံးပါး။ကာစားပျော်ဌာန်။နန္ဒဝန်သို့။တသွန်စပ်ကြ။ မွေ့လျော်လှသား။ စိတ္တလတာ။ဥယျာဉ်သာဝယ်။ ကလျာမဥ္ဇူ။ဇမ္ဗူနဒီ။ဆွတ်ခဲ့သိ၍။တူညီလေးမည်။မျိုးဆွေသည်နှင့်။ချစ်ကြည်စံပ။ မေတ္တာဌ၍။မာဃလုလင်။စီရင်တတ်ပွန်။ဧရာဝဏ်ထက်။ဝေဘန်မျှော်ရှု။အမှူးပြု၍။ကောင်းမှုဆောက်တည်။ ရွှေပြည်သိကြား။ ရှေးဦးသွားမှု။အများခြွေရွေ။သုံးကုဋေနှင့်။မြတ်ထွေခြောက်သန်း။ ရံပတ်ဝန်းလျက်။ ပျုံ့မွှန်းကြိုင်စွာ။ မြိန်သုဓါတိ။ နန္ဒာကန်ရေ။ ယူခပ်လေ၍။ မြုတေဖဝါး။ခြေတော်ဖျားကို။ညွတ်တွားသပ်ဖျန်း။ ချမ်းရေသွန်းလျက်။နတ်ပန်းပွင့်ထိး။သိကြုံးကြီးဖြင့်။ ခရီးလမ်းခွင်။ပူဇော်ကျင်သည့်။ ။ကြောင်းလျှင်မဆုံမလပ်တည်း။ ။

၂၀။ အဆီးအဆီး။သမ်းခရီးနှိုက်။ဖြင်ကြီးခပ်မှု။စိုးကုန်ကြသား။ ရုက္ခသစ်ပင်။ မြေပြင်ကုန်းကျင်း။အိုင်,အင်းချောက်မြောင်။တောတောင်လယ်ယာ။ အိမ်မှာမှောင့်ရောင့်။ စောင့်သည့်ရွှာပြည်။နေသည်မကျန်။ထိုမှလွန်သား။ ယုဂန္ဓရ။ဇာသိန္ဓုဟု။ကာရဝိက။ နေမိန္ဓနှင့်။သုဒဿန။ဝိနတက။ အဿကဏ္ဏာ။ ဂဂ်ါပေါ်ရန်း။ခြားဆီးမှန်းလျက်။နေဝန်းစက်ရောင်။ သုံးကျွန်းဆောင်၍။ညဉ့်မှောင်ထက်ဝန်း။ပတ်လည်ထွန်းလျက်။ ရံသန်း

ဌာနဲ။ မြင့်ဖြူးလှသား။ စကြဝဠာ။ သချာကျယ်မြတ်၊ တံတိုင်း ထွတ်ထက်။နေမှတ်တသွန်။ ဘုံဗိမာန်တွင်။ နတ်မွန်အပေါင်း။ နတ်သူကောင်းလည်း။ လမ်းကြောင်းအဆီ။ လက်အုပ်ချီ၍။ အဂ္ဂိရသ။ ဗုဒ္ဓဝိရော်။ဘက်မဲ့ကျော်သား။ သုဒ္ဓေါဒန။ မင်းလှ ချစ်သား။မြတ်ဘုရား၏။ တရားမြတ်လွန်း။နိဗ္ဗာန်ပန်းကို။ ဝန်း ဝန်းကုံးပြီး။ ယဂင်ကြီးဖြင့်။ ညီးညီးရောင်ထင်။ ဦးနှိုက်ဆင် လျက်။အကြင်နတ်၊လူ။ အတူတူလျှင်။စင်ဖြူညစ်ကြေး။ ဇာတိ ဝေးလျက်။သေဘေးမထိ။မယှိဇရာ။ ရောဂါဘယ။ သောက ပယ်နိုင်။ ထွတ်ဖျားတိုင်သား။ ပြည်ခိုင်နဂိုရ်။ ငြိမ်းမင်္ဂလိ သို့။ရောက်လိုသောအား။လွန်ကြီးစားလျက်။တရားနာချင်။လာ ကုန်ကျင်သည်။ ။ဆောလျှင်မငံ့မရပ်တည်း။ ။

၈၁။ အကြီးအကြီး။ခံမြောက်ပြီးမှ။အသီးစိုးမိုင်။ ကွပ် ညှပ်နိုင်သား။လက်ခိုင်ယက္ခ။ ပုဏ္ဏကနှင့်။ ဝဿဝရော။ တာ နောယက္ခ။အာသမုခိ။ ဒဿရိတ္တိ။ စန္ဒိကျော်ရှိန်၊သုရိန်တက္က။ ဒေဝိန္ဒဟု။အာဠဝက။ ကုသမင်းပို။ ဗိဿနိုးနှင့်။ တန်းခိုးပြင်း ထန်။ဝေဿဝဏ်လည်း။စိတ်သန်ကြည်လင်။မြတ်ချစ်သျှင်ကို။ ဦးတင်ညွှတ်တိမ်း။သဒ္ဒါရှိမ်းလျက်။နတ်စိမ်းမိဿာ။ဖဲ့လေခွါဟု။ သံဝါမွန်းမွန်း။နှင်ထိုက်တွန်း၍။ ဆန်းသားကျေးဖူး။ ဘော်သုံး ဦး၏။ မိုးရှူးတန်ဆောင်။ စေဘုန်းခေါင်ကို။ လွှဲးရှောင်နှင့် ထွေ။ ပုန်းကွယ်လေဟု။ ဆိုပေ ဖြန်းဖြန်း။ ငြိမ်းလျက်မန်းက။ ရွံ့လွန်းခန့်ငြား။ကျွန်းတပါးသို့။ ပြေးသွားရှောင်ခွါ။ နတ်မိဿာ တို့။သံသာရေးဖြစ်။ကျင့်ခြင်းညစ်၍။ သျှင်ချစ်ဘုရား။ သုံးလူ့ ဖျား၏။တရားရသာ။မကြားပါသော်။မိဿာအလို။ နောင်တဆို လျက်။ထိုထိုရပ်မှ။ဖဲ့လေရ၍။အားကျမာန်နှံ့။လွန်ကြောက်ရွံ့ သည်။ ။စိမ်းဆွံ့မဝံ့မကပ်တည်း။ ။

၈၂။ အပြီ အပြီ။ ထုံးသွေး သိ၍။ ညီညီ ညွှတ် ညွှတ်။ သမာနတ်တို့။သိတတ်ကိုယ်ရမ်း။ရှာရူးစမ်းသော်။ ပေါ်လွှမ်း စကာ။ နတ်တို့ ရွှာမူ။ သာသာ ပျော်ပျော်။ မွေ့လျော် စလို။

ကုသိုလ်မပွါး။တရားမရ။အနိဋ္ဌနှင့်။ဒုက္ခဘန်များ။အနတ္တားဟု။စက်သွားအသွင်။စောင့်လျက်ပင်ကို။မထင်မေ့ကျန်။ ဘုံဗိမာန်နိုက်။လွန်သည့်နေ့ရက်။ နတ်တည်သက်ဖြင့်။ ချင့်တွက်သွေးသုန်။ ကြမ္မာကုန်က။မျောစုန်သောယောင်။ သင်းဘောဘောင်လျှင်။ခနောင်ဝဲစပ်။တံပိုးကပ်၍။ကူးခပ်မသာ။ပါယ်လေးရွာနိုက်။တဏှာနှောင်ချည်။ မြစ်ရင်းစည့်ခဲ့။ လူ့ပြည်တမူ။ဇမ္ဗူဒီပါ။ ကျွန်းမြတ်စွာထက်။ဥက္ကာမုခ။ မင်းလှမျိုးစစ်။ ဘုရားဖြစ်၍။ကျော်လှစ်အဝှန်း။ပွါးပြန့်ခြင်းရာ။ ထိုနတ်မှာထက်။သစ်ထူးတက်အံ့။ရမ္မက်ဒေါသာ။ထောင့်ငါးရာနှင့်။ ဇရာ,သောက။ဗျာဓိစသား။ ချစ်ကြကွာခြင်း။ ဘေးတိကင်းလျက်။ သေမင်းယမက။ လက်ခြေချသား။ ပြည်မရွေ့မြို့။ ချမ်းရိပ်သို့လျှင်။ လျတ်ကိုနိဗ္ဗာန်။ရကုန်မှန်လိမ့်၊ဆော်ဖန်ညီညွတ်၊ဖူးလှာလတ်ဟု။ မည်မှတ်စကား။ ဆိုကြငြားသည်။ ။နတ်များဦးတိုင် မဲ့လှည့်တည်း။ ။

၈၃။ တညီတညီ။ ကုံး၍စီမှ။ သိသိကက။ နတ်မိန်းမတို့။ ရှေ့ကစံသွား။ နတ်ယောက်ျားမူ။ပန်းပွါးလှပ်ဖှပ်။ ဖြည်းလေယပ်လျက်။ကျုုံးရပ်တသီး။ ဖြဟ္မာကြီးလည်း။ ဖွေထီးနေတား။ နတ်သိကြားကား။ ငါးပါးဝန္တနာ။ ကြည်စွာရွှင်းရွှင်း။ ခရုသင်းကို။မှုတ်ခြင်းမြမြ။ဂန္ဓဗ္ဗကား။ဇော်တအဒုံ။လွှမ်းခြုံပြယား။ ယွတ်ဖျားသန္တာ။ နီလာအငေါက်။ လက်ထောက်ချစ်ဘွယ်။အနွယ်ပတ္တမြား။ ညှိုများမြချည်။ သာသည်ညင်းညင်း။မြည့်ခြင်းလေးထွေ။လက်သံခြေဖြင့်။ မြူတေဂုဏ်တော်။ပတ်သွံ့ကျော်သည်။ သုဒ္ဒေါ်စောလောင်း။ မင်းကောင်းချစ်သား။ဘုရားငါ့သျှင်။နာစေချင်ဟု။ညှိုခွင်မလျော့။မလျော့မတင်း။အခြင်းခြားနား။သုံးလူ့ဖျား၏။ထံပါးနိုက်တွင်။ စောင့်လှာကျင်လျက်။ နတ်ရှင်သိကြား၊ပျော်ပါးစိမ့်မည်။ နာသည့်မငြီး။ သာစွာတီး၍။ခရိုးစဥ်ဗိုက်။နောက်တော်ထိုက်လျက်။ရထိုက်ရာရာ။သကာဒါနှင့်။သောတာပန္န။နာဂါမ်စသား။ရဟာတ္တမဂ်ဖိုလ်။

နဂိုရ်ဖြွအိမ်။ မြှိုက် စည်းစိမ်ကို။ ပျော်ပြိမ် ရကြောင်း။ ဆု
တောင်းနတ်များ။ သဒ္ဒါပွါးသည်။ ။တတ်အား မူးမှိုင်မဲ့၏
တည်း။ ။

၆၄။ ဤသို့ဝန်းဝိုက်။ ဂါထာပိုဒ်ဖြင့်။မကိုန့်,သရဖူ။ သုံး
ပါးလူ၏။မှန်ကူတန်ဆာ။လောကနာကို။ ဥဒါယိထေရ်။ မှတ်
ကြံစည်တိ။နွတ်ရည်ကောင်းမွန်။အားလုံးသွန်လျက်။ဈွောက်
ပြန်အကြောင်း။ ပန်ထွာတောင်းသား။ တပေါင်းပုသ်ထွက်။
ခါသင့်ရက်နိုက်။နံနက်ညဥ့်က။ကပိလသို့။ ပါဒနက်သန်း၊ ဝေ
ဠုဝန်မှ။ နက်ဖြန်ကြွပြောင်း။ ရံနှစ်သောင်းနှင့်။ လမ်းကြောင်း
ရှေ့ရှု။ချီတော်မူက။ ဟူသည့်အတိုင်း။ထုံးပိုင်းမချွန်။ မြန်သန်
မယွင်း။ ပြည့်စုံလျှင်းသည်။ ။မှန်ကင်းစိုက်သည့် သဘွယ်
တည်း။ ။

ဂါထာခြောက်ဆယ်ပျိုစာကိုယ်ပြီး၏။

---

နိဂုံးလင်္ကာ။

(က) မှတ်လော့နောင်လာ။ သိစိမ့်ဌါဟု။ ပညာပဋိဘာန်။
ကျေးဇူးမွန်သား။နိဗ္ဗာန်ပစ္စယော။သမ္မောသုခမ်း။နိဋ္ဌိတမ်းဖြင့်။
ချီးမွမ်းသာရ။ဗုဒ္ဓဂုဏော။ဘုရားဆွေကို။ ရှာဖွေနည်းနာ။ ကြိုး
ပမ်းစွာ၍။ ဤစာမဥ္ဇူ။ ပွင့်သည်မူကား။ ဇမ္ဗူလကျာ။ ကျွန်း
မျက်နှာထက်။ တရာ ထိုးစင်း။ ထိုမျှမင်းတွင်။ နှိုင်းကင်းသန်
လျက်၊အောင်ချက်ကျွန်းစည်။ဝဠ္ဌေပြည့်ကို။ အရှည်စံရိုး။ လူ.
ထိပ်မိုးသား၊သတိုးထွတ်ဖျား။စေတရား၏။မခြားမြေးမြစ်။
ကေရာဇ်တိ။ဖြစ်သည့်မပျက်။ ခြောက်ဆက်ဘုန်းယှိ။ မြောက်
လပြိ.တွင်။သီရိသုဓမ္မရာဇာ။ အချာအထွတ်။ သားတော်သတ်
လျှင်။တမွတ်ရွှေတောင်။ အုပ်စိုးဆောင်က။ အခေါင်မြုတေး
ကောင်းကင်နေသို့။ သဋ္ဌေသိရိ။ ရဲးရဲးညိမှ။ နရပတိရာဇာ။မ

ဟာခတ္တိယ။ပေါ်စထွန်းလစ်၊မွေရေး ဇ်ဟု။စင်စစ်မင်းကောင်း။
ဗောဓိညောင်းလျှင်။ ဘေးလောင်း မည်စံ။ ရနေ့ာခံကာ။ နိုင်ငံ
တိုင်းကား။ ဝန်းလျား ကျယ်စွာ။ လူတကာကို။ မေတ္တာဖျန်း
ဆွတ်။ ချမ်းစေ တတ်သား။ မင်းမြတ် လက်ထက်။ သုံးပုံနက်
ဝယ်။သိခက်ခဲလှ။မာဂဓကို။ မြန်မာ့ဘာသာ။ ပျို့လင်္ကာဖြင့်။
ဆိုပါစတုံ။လျှော်ပတ်ရုံလျှင်။မွမ်းထုံမွှာ။ဒေသနာသည်။ ။
ဂါထာခြောက်ဆယ်ပြီး၏တည်း။ ။

ပဌမကမ္ပည်း။

(၁) * ဖူးရားမြတ်စွာ။ ကုသိနာနိုက်။ချမ်းသာမြိုက်မွန်။
နိဗ္ဗာန်ဝင်စ။ထိုကာလနှင့်။ပြီးထ၍စာ။သာသနာမူ။ကြာသည့်
မြင့်လစ်။နှစ်ထောင်နှစ်ဖြင့်။ပွါးသစ်ခြောက်ဆယ်။ တနှစ်ဝယ်
လျှင်။ အကျယ် သက္ကရာဇ်။ ၅စ်နှင့်သတ္တ။ ကာလ ကိန်းခန်း၊
အစွန်းကိုးခု။ ဥတုသရစ်။ နှစ်ကား †ဇေယ။ ကဆုန်လလျှင်။
ပြည့်ဝ ပုဏ္ဏာ။ သောကြာဆန်းတက်။ ဆဲ့ငါးရက်ဝယ်။ လင်္
ကားကရကနု်။ကြိုလတ်တစု။ ပြုဟ်ရာဟုနှင့်။ဂုရုအတူ။ စန်းမူ
သိဟ်မှာ။အင်္ဂါမေထုန်၊တသုန်နေဘိ။ရဝိဗုဒ္ဓ။မိဿအခွင်။မိန်
တွင်သောကြာ။သောရာဓနု။၍သို့ရ၍။ကျမ်းပြုဆရာ။ ချီးမွမ်း
စွာလျက်။ခေတ်မှာဆန်းစ။အမြို့တ္တနိုက်။လုံ့လရှာမှီး။ ၍စာပြီး
၏။ ကောင်းခြီးနှုမော်။ သာခုခေါ်လျက်။ ဂုဏ်တော် တရား။
နှုတ်ဝယ်ထားက။ လေးပါးပါယ်ရှွာ။ လွန်နိုင်စွာ၍။ချမ်းသာ
သုံးတန်။ စံစားလွန်မှ။ ပြည့်တန်ဆုကြီး။နိဗ္ဗာန်နီး၏။ မျိုးသီး

*ပုဂံကျောက်စာဟောင်းများတွင်၊ဘုရားကို၊ဖုရဟာ-ပုရှာ-ဖုရဟာ-ဖုရှာ
ဟုရေးထိုးကြသည်၊ ထို့ကြောင့်။ ပုဇာရဟ-ပါဠိမှ-ဥ,ရဿကို-ဦ,ဒီဃသို့။
ပ,ကို-ဖသို့။ ဇ,ကို-ဘ,သို့ပြောင်း၍။ ဇာ,ကျေ၊ ဟ,ဘင်-အာဒိဃရောက်။
ဝိသဇ္ဇနီဖွဲ့သောဘ်ပေါက်နှင့်၊ ဘုရားဟု-နောက်မှ ဖြစ်လှာသည်ဟု ယူရန်ယို
သည်။
†အဆိုပါသက္ကရာဇ်-ဂ၇၉-ခုကိုတည်၊နှစ်ခုနုတ်။ ၁၂ စား။တခုကြွင်းဖြစ်
၍၊ဇေယနှစ်ဟူ၏။

လေးခြား။သူတော်များတို့။တရားဆိမိး။ အောင်စည်ကြီးကို၊ ညီးညီးပြောင်ပြောင်။ခါငါးထောင်နှိုက်။ ရွက်ဆောင်လေ့လ။ ဓါရဏာဖြင့်။ မုခဩဇာ။ အရသာဟု။ ပညာ စိတ်ပြား၊ နိဗ္ဗာန် ကြားသည်။ ။ကျိုးများရှိရာဖွေသတည်း။ ။

၂။ ဥိးထား ညွှတ်စွာ။ မုဒိတာနှိုက်။ ကြည်သာ ဝမ်း မြောက်။ သဒ္ဒါပေါက်၍။ချိန်ထောက်ကုသိုလ်။ ပွါးစေလို၍၊ မဂ်ဖိုလ်အညွန့်။ကြဲဖြန့်ပညာ။ဤသည့်စာမူ။နောင်လာမှတ်ညီ။ ဘုရားမှီသား။လောကီဈာန်မြတ်။သမာပတ်ဖြင့်။ ပျံတတ်ဘုန်း ယှိ။သုရုစိလျှင်။ကဝိပျို၌။လေးဂါထာဖြင့်။ ထွေသာဂုဏ။သုံး လူ့ဘကို။သံမြှုပ်ပျိုး။ချီးမွမ်းဘူးသော်။ ကျေးဇူးပင်ကိုယ်။မြင့် မိုရ်သမုဒ္ဒြာ။ သချာမြေထု။ ဉာဏ်အရှုနှင့်။ ပြိုင်မှုအတူ။ ကြီး သောဟူရှင့်။ ဖြောင့်ယူမြတ်စွာ။ ထိုပမာလျှင်။ ပညာပွါးထို။ ငါတို့ကိုယ်တုံ။ မဂ်ဖိုလ်အကြောင်း။ ရှေးသူဟောင်းတို့။ ဆု တောင်းတန္တိ။ပါရမီကို။ပွက်ချိဩဇ။ဂေါတမကို။ တောင့်တ ဖှည့်ကာ။ မတွေ့သာလည်း။ ဂါထာခြောက်ဆယ်။ နိဒါန်း ကျယ်ဖြင့်။ ဆိုဘွယ်ချီးမွမ်း။ သုံးပုံကျမ်းကို။ ရှုစမ်းရှာမှုး။အာ သင့်ရူး၍။ကျေးဇူးရှေ့ခါ။ဝါသနာကြောင့်။ စိတ်ဖြာကြောင်း လျှား။အိတ်သွန်ကြားသည်။ ။ယိုးယားချိပါပေသတည်း။ ။

၃။ ရှုးစားမြတ်စွာ။ ပြုပြီးရာနှိုက်။ပညာထိုးထွင်း။ သဒ္ဒါ ခြင်းဖြင့်။ ပြီးသျှင်း အောင်အောင်။ လုံ့လ ဆောင်လျက်။ ငါး မြှောင်ဘယက်။ လည်ဝယ်ပက်လျှင်။ သုံးခက်မဥ္ဇူ။ ပန်းတမူ ကား။ရွှေရွှထိပ်ပြင်။ဦးနှိုက်ဆင်မှ။သဘင်သည်နှိုင်း။ ပမာခိုင်း ၍။နေ့တိုင်းကြည်ညို။ပွါးကုသိုလ်တိ။ကိုယ်ကိုနှိုးဆော်။အာရုံ တော်လျက်။ရှေးသော်ကာလ။ သုံးလူ့ဘဝယ်။စိတ္တသူကြွယ်။ လူဆန်းကြွယ်ကို။ဝမ်းဝယ်မြတ်နိုး။ ပုံစံခိုး၍။ ကောင်းကျိုး၌ ဝေ။ကြံရှာဖွေလျက်။ မြတ်စေတနာ။ သတ္တဝါအား။ ချမ်းသာ သုံးပါး။ဤမှာကားဟု။တရားတမ်းခွန်။ ဟောပေညွှန်၍။နိဗ္ဗာန် ရွှေရွှ။ကူးမှတ်မူသား။ ဇမ္ဗူဒိပါ။ဆိပ်သာအခင်း။ ဗောဓိရင်း

နှိုက်။ လေးစင်းဦးတိုက်။ သင်းဘော ဆိုက်လည်း။ ဘုန်းမြိုက်
မြတ်မွန်။လွှင့်ခဲ့ဟန်ဖြင့်။တတန်နေဝင်လာ။ ရတနာလျှင်။ အံ့ပါ
များလှ။ အနန္တတိ။ ဘဝလှေလောင်း။ဘော်သုံးကြောင်းနှိုက်။
ခနောင်းဝဲဿယ်။တင်ပေကယ်ပိမ့်။ ပေါ်ယာယ်ကုံင။ မေတ္တ
ယျတွင်။ခဏာသူငါ။နှိုးရင်းရှာလျက်။ဥစ္စာအပြား။ခုနစ်ပါးကို။
သိုထားမြဲအောင်။ကံကျွေးဆောင်လျက်။တတ်ခေါင်ကြံစည်။
ဖူးအံ့ရည်သား။ ရွှေပြည်သွားဘော်။ ဂုဏ်ဖြင့်ဆော်၍။ သူ
တော်တို့အား။ စိတ်သန့်ပွါးသည့်။ ။ကြိုးကြား ညှိပါပေသ
တည့်း။ ။

၄။ ထူးခြားတတ်ပါ။ခုဉ်ခါနှိုက်။ချမ်းသာအခရ။ မေတ္တာ
ဌလျက်။ဘဝသုံးထပ်။ လူတို့ရပ်ကား။ နေဝပ်မကျ။တကြွကြွ
လျှင်။သုခမမြဲ။ ရောရောလွဲလျက်။ ဆင်းရဲချမ်းသာ။ ပြောင်း
ပြန်ကာလျှင်။ ကြမ္မာရှေ့ရည်။ ဉာဏ်ခြောက်စည့်ဖြင့်။ ရှစ်မည့်
ကြိုးစင်း။ ထောင် ညွှတ်ကွင်းကို။ ရှင်းရှင်းပယ်ချွတ်။ မဂ်ဖြင့်
သတ်၍။ ချေချွတ် ပါကြောင်း။ ဆုမွန် တောင်း လျက်။ ဖြစ်
ဟောင်းလွန်က။သံဝေရ၍။လောဘနိုင်ငံ။များမဆံတည့်။ပုံစံ
တူလျော်။ငါသို့သော်မူ။မဟော်သခါ။ပညာနှိုင်းဆ။ ဝိရုရသို့။
ပြုဆွနှုလုံး။ စင်ကြယ်သုံးလျက်။ ကျင့်ထုံးမှတ်ပိုက်။ ချမ်းသာ
မြိုက်ကို။စိုက်စိုက်ရှေ့ရှု။အရချူ၍။ဖြောင့်ယုသဒ္ဒါ။ သံသရာ
လည့်း။ မြတ်ရာရကြောင်း။ ကုသိုလ်လောင်းလျက်။ လှူပေါင်း
ပစ္စည်း။ တဖြည်းဖြည်းလျှင်။ မိတည်း သျှင်ကျော်။ ပွင့်လတ်
တော်မူ။ရှေးသော်အခါ။သုမေဓါလျှင်။ အင်္ဂါရှစ်ပါး။ဗျာန်တ
ရားနှင့်။ဘုရားဖြစ်၍။ကြိမ်လတ်တွေ့သို့။ အောက်မေ့ခိုလျက်။
နှုတ်မပွက်တည့်။ ရေစက်သွန်းပေ။ သုဂ္ဂရေကို။ သက်သေ
မှတ်လျက်။ဘဝဂ်ဝိဝိ။ နှုံ့သိတိုင်ကြား။မိဗ္ဗာန်ထားသည့်။ ။
ရိုးဖျားထိပါစေသတည်း။ ။

၅။ ကူးခြားနတ်ရွာ။ တုသိတာနှိုက်။ သစ္စာရင့်ညောင်း။
မိတည်းလောင်းလျှင်။တသောင်းမြေထက်။လူ့ပြည်သက်၍။

ရေစက်သွန်းရေ။ကြိမ်များစွာလျှင်။ဆယ်ဖြာပါရမီ။ဖြည့်တိုင်းညီ၍။ဘောဘ်မှိုရိုင်းပင်း။ ခုက,ရင်းမှူ။ပင်မင်းကုံကော်။ပွင့်လတ်သော်လျှင်။သူတော်တို့အား။ အင်ရှစ်ပါးနှင့်။ဘုရားမြတ်နှိုက်။ဖူးရန်ကြိုက်က။ ရထိုက်ဆက်ဆက်။ဗျာဒိတ်စက်နှင့်။ စုံမက်ရည့်ငံ။တည့်မတ်သံရှင့်။ပုဂံ,မြင်စိုင်း။စစ်ကိုင်းပင်းယ။အင်းဝဟူသည်။ ဘုံနန်းတည်က။ ရဲးစည်အမျိုး။ တို့ဘေး,ဘိုးကား။မတ်ရိုးမင်းစည့်။ကောင်းဆံက်ရှည်၏။ ဤသည့်ပညာ။ ဝါသနာကြောင့်။ ဆိုပါသည့်မှု။ အကြင်သူအား။ ကြည်ဖြူကုသိုလ်။ ပွါးစေလို၍။ ထိုထိုမှု ကျမ်း။ မသင်ကျွမ်းလည့်း။ ရှုးစမ်းရှေ့,နောက်။ သဘောထောက်လျက်။ လျှောက်လျှောက်ပတ်ပတ်။ လောက ဝတ်တွင်။ အတတ် သင့်ရုံ။ ပိုက်အာဂုံတိ။ ညွှန်းတုံတရား။နိဗ္ဗာန်ကြွားသည်။ ။ပိုးဝါးသိပါစေသတည်း။ ။

ဒုတိယနိဂုံး၊တတိယနိဂုံးပြီး၏။

---

၁။ အပ္ပမာဏော်။ အပဟော်ဗုဒ္ဓိ။ တုမယှိုသား။ ဇ္ဇုတိပိုသော။နက်ကျယ်ပြောလျက်။ သျှင်စောလှု့ထွတ်။ဂုဏ်တော်မြတ်နှင့်။မချုတ်မပြား။ဤတရားကို။မျိုးခြားလေးတန်။သူတော်မွန်တို့။ရဗ္ဗာန်ကရိုဏ်း။ ဆိုသောတိုင်းလျှင်။ အားလှိုင်းလုံ့လ။ ခရဏဖြင့်။မခတန်ဆာ။ ရတနာဟု။ ဇ္ဇုရိယာပိုထ်။ လေးပါးကြိုက်လျက်။ကိုယ်နှိုက်မကွာ။ ဆောင်ရွက်ပ,မှု။ ရောဂါဒုက္ခ။ သောကမျှမြေး။ကင်းစင်ဝေးလျက်။ဘေးအန္တရာယ်။လွဲးဖယ်ကြည့်ပဲး။စည်းစိမ်မြဲးလျက်။ ကြုံခဲးတုံစွာ။ သာသနာတွင်။ခန္တာတည့်လျှက်။ စီးပွါးတက်၍။ ။အသက်ရှည်စေ ကုန်သတည်း။ ။

၂။ နရနာထော်။ သုံးလူ့ဘော်တို့။ပူဇော်ခံထိုက်။ဦးထိပ်နှိုက်လျှင်။မကိုန် သရဖူ။ဆောင်းမှတ်မှုလျက်။မဋ္ဌ။သိရိ။ပျုံညှိုကြိုင်ကြိုင်။ဘဝင်တိုင်သား။ကြီးခိုင်နှဘော်။သမ္ဗုဒ္ဓေါ်၏။ထွေ

ငေါ် ဖြစ်လား။ဂုဏ်တော်များကို။တတ်အားသမျှ။ ကုသိုလ်ဌ ၍။ထက်မှကာမာ။ခြံထပ်ရွာနှင့်။ ဖြဟ္မာနှစ်ဆယ်၊ အပါယ် လေးပါး။တခြားလူ့ပြည်။ ကျင်လည်ကြဖွာ။သတ္တဝါတို့။ချမ်း သာသုံးသီး။စံစားပြီးမှ။မြို့ကြီးသုခ။ နိဗ္ဗာန်သို့။ ရောက်ရသော တိ။ဖြစ်ကုန်ဘိလျက်။မယိုမှိုသမ်း။ပျော်ငြိမ်းချမ်း၍။သုတ်ချမ်း မွေးတွင်း။ကြောင့်ကြကင်းလျက်။ အခြင်းမွေ့သိမ်။ ဗျာပါငြိမ် ၍။ ။စည်းစိမ်တည်စေကုန်သတည်း။ ။

၃။ ဝယာခါကျော်။ ကြိမ်ပြား တော်တိ။ လော်ကာဗန္ဓု။ သဗ္ဗညုကို။မျက်ရှုဦးတိုက်။မဓိထိုက်လည်း။မကြိုက်ပါသည်။ တမည့်ဘို့သာ။သာသနာနှင့်။သဃ်ာ,ဓမ္မ။ မွေတော်စသား။ဒါ နလှူရေး။စေ့ပျိုးပေးမှ။လိုရုံရ၏။ကဲဆသီးလေ။မြုတေနက် ကိ။ကျိုးများယှ်၏။ နှောင်းပြို့သော်လည်း။ မြတ်သည်ချည်း ချောင်။မိတည်းသျှင်တော်။ ပွင့်လတ်သော်တုံ။ ဖူးမြော်စေချင်။ အကြင်သူ့အား။စီးပွါးလိုလှ။ချမ်းသာဌလျက်။ဓမ္မဒါနံ။ကျော် သံမွန်ကြား။ဤတရားကို။ဘုရားဟောတူ။နာမှတ်မူဖြင့်။ဖြောင့် ယူသဒ္ဓါ။သူတော်စွာတို့။မိဿာဝန်တို။ ဦးလျှိုငြိတွယ်။ ပစ်ပယ် ရန်မြိတ်။ဖျောက်တိမ်ဝိတ်၍။ ။ကောင်းစိတ်ကြည်စေကုန် သတည်း။ ။

နိဂုံးရတုပိုဒ်စုံပြီး၏။

ဓမ္မစေတီ

ဦးကျော်မောင် M.A., M.S., B.L.

ဒေါ်သောင်တင်မြင့် B.A. (Hons), B.Ed.

အိမ်တွင်းစာကြည့်တိုက်

တအုပ်–၅